# မိုးစက်ပွင့်

## သစ္စာကိုသာမှန်းမိခြယ်၍



**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၃၊ နိုဝင်ဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျီတော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျီတော်လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ဈေး | - | ၁၃၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅.၈၃

မိုးစက်ပွင့်

သစ္စာကိုသာ မွမ်းမံခြယ်၍ /မိုးစက်ပွင့်။ - ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၃ ။

၃၀၀ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) သစ္စာကိုသာ မွမ်းမံခြယ်၍

# မိုးစက်ပွင့်

# သစ္စာကိုသာ မွမ်းမံခြယ်၍

### အနန္တောအနန္တငါးပါးကို ဦးထိပ်ပါထားလျက်....

စာဖတ်ပရိသတ်များကို မင်္ဂလာပါလို့ မိုးစက်က နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်....

“မိုးစက်ပွင့်”ရယ်လို့ ကလောင်အမည်လေး ဆက်လက်ရပ်တည်နိုင်အောင်၊ မိုးစက်ကိုချစ်ခင်အားပေးကြသော စာဖတ်ပရိသတ်များကို မိုးစက်က အထူးကျေးဇူးတင်ပါသည်။ မိုးစက်ကို အားပေးချစ်ခင်ကြသော ပရိသတ်များသည် မိုးစက်၏ထမင်းရှင် ကျွေးကျေးဇူးရှင်များဖြစ်၏။ ထို့ကြောင့် ကျေးဇူးရှင်ပရိသတ်များအတွက် မိုးစက်တတ်နိုင်သမျှ ဆက်လက်ကြိုးစားနေလျက်ပါ။

ဖေဖေ ဦးသိန်း ...

တမလွန်ရောက်နေပြီဖြစ်သော မေမေ ဒေါ်နု ...

မိုးစက်ကို မြေတောင်မြှောက်ပေးခဲ့သော ရွှေပဒေသာစာပေ

ဦးအေးလွင်...

မိုးစက်ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်

ဆရာမ ကြယ်စင်မှူးဝေ...

မိုးစက်အပေါ်မှာ အနှစ်နာခံ ပေးဆပ်ခြင်းများနှင့်ချစ်ခဲ့သော

ချစ်ညီမလေး ဇာခြည်ဝေ...

ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

(၂၅)အုပ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ရည်ရွယ်ပြီးရေးသားခဲ့သော “သစ္စာကိုသာ မွမ်းမံခြယ်၍”ဆိုသည့် ဤတအုပ်ကလေးကို ပရိသတ်များ နှစ်ခြိုက်သဘောကျနိုင်ကြပါစေ....

မိုးစက်ပွင့်

# ၂၅ နှစ်မြောက်
# ငွေရတုအထိမ်းအမှတ်

## အခန်း (၁)

အပျိုငိုသံရှုးရှုးဝါးဝါးကြောင့် အတာ ထမင်းအိုးငှဲ့ပြီး ခွင်ပေါ်သို့ပြန်တင်ကာ သုတ်သီးသုတ်ပျာနှင့် ထွက်လာခဲ့၏။

"အကာ"

"ဗျာ. . . မမ"

"အပါ ဘာဖြစ်တာလဲ"

အတာ့အသံကိုကြားတော့ အပါက မျက်ရည်တွေနှင့် နှပ်ချေးတွေကို ဘယ်လက်ညာလက် အငြိမ်မနေဘဲ တံတောင် လက်ခုံတို့နှင့် ပွတ်သုတ်လေတော့ ပါးပြင်ပေါ်မှာ တလိမ်းတိုး ကျန်၏။

ပြီးမှ. . .

အကော့ကို လက်ညှိုးထိုးကာ. . .

"ကိုကို အပေါ့လက်ကိုရိုက်တယ်"

"ဟုတ်လား အကော"

"ဒီကောင် အကော့စာအုပ်တွေယူပြီး ဟိုခြစ်ဒီခြစ်လုပ်

နေလို့ မမ ဒီမှာကြည့်"

အကောက ဗလာစာအုပ်ကလေးကို ထောင်ပြလေသည်။

ဗလာစာအုပ်၏စာမျက်နှာမှာ မှင်ရောင်တွေ ရှုပ်ယှက်ခတ်နေသ

ဖြင့် အပေါ့လျှောက်ခြစ်ထားတာပေါ့။

သူ့ခမျာ. . .

သူများတွေလို ဗလာစာအုပ်အချောတောင် မကိုင်နိုင်

ရှာ။ တစ်ဖက်ချောတစ်ဖက်ကြမ်းစာအုပ်အညံ့စားလေးကိုပဲ မှီ

စွာကိုင်နေရတာလေ။ ဝမ်းစာကိုအနိုင်နိုင်ရှာစားနေရတဲ့ဘဝ

ကျောင်းထားပေးရတာပင် အခက်အခဲပေါင်းများစွာနှင့်။

အမေဆုံးတော့ နှစ်နှစ်သာရှိသေးသည်။ အတော်က ခုနှ

တန်းနှင့်ပဲ ကျောင်းထွက်လိုက်ရသည်လေ။ မထွက်လို့မရတာ

ကိုယ့်ထက်အငယ်တွေကရှိနေတော့ အမေမရှိတဲ့အချိန်မှာ အတော

က ကလေးတွေကိုထိန်းကျောင်းရသည်။

အဖေက ကျိုက်ထီးရိုးတောင်ကိုလာတဲ့ ဘုရားဖူးတွေ





အထုပ်တွေငှားသယ်ရင် လိုက်သယ်တဲ့အထမ်းသမား။ အဖေ့ဝင်

ငွေလေးနဲ့ မိသားစုတွေ လောက်ငအောင်စားပြီး ကလေးတွေကို

လည်း ကျောင်းထားပေးနေရတာပါ။

"မမ"

"ဟင်"

"ကိုကို့ကိုရိုက်"

"ကိုကို့ကိုရိုက်စရာမလိုဘူး။ မင်းကိုပဲရိုက်ရမှာ။ နောက်

ကို ကိုကို့စာအုပ်တွေ မကိုင်ရဘူးနော်။ ကိုင်ရင် နင့်ကိုပဲရိုက်မယ်

ကြားလား"

အတောပြောတော့ အပေါက သူ့ကွန်ပါဘူးလေးကိုလွယ်

အိတ်ထဲမှထုတ်ယူကာ၊ ဘယ်ပြန်ညာပြန်ကြည့်လျက်. . .

"ကိုကိုက စာအုပ်နဲ့ဘောလ်ပင်နဲ့ စာရေးရတယ်။ အပေါ့

ကျတော့ မရေးရဘူး"

"အပေါက ခဲတံနဲ့ရေးနေရတာပဲဥစ္စာ"

"ကိုကို့လို အပေါလည်း ဘောလ်ပင်နဲ့ရေးချင်တယ်"

"အပေါက ကိုကို့လိုမှ အတန်းမကြီးသေးတာကို။ ကိုကို့

လို အတန်းကြီးလာရင် ရေးရမှာပေါ့"

အပေါက မကျေနပ်သလို အကော့ကိုမျက်စောင်းထိုးပြီး

နှုတ်ခမ်းလေး စူထော်နေ၏။ ကလေးဆိုတာ ဒီလိုပါပဲ။ သူများစားတာကိုမှ စားချင်ပြီး သူများကိုင်တာကိုမှ ကိုင်ချင်ကြတာ။ အတာ ဒီလိုပဲ မောင်လေးတွေကို ချော့ကာတစ်လှည့် ခြောက်ကာတစ်လီနဲ့ သွန်သင်ပဲ့ပြင်နေရတာ ကိုယ်က အကြီးမဟုတ်လား။

"မမ"

"ဟင်! ဘာလဲ အကာ"

"မမ ငုံးဥပြုတ် သွားရောင်းဦးမှာလား"

"အေး. . . ဘာဖြစ်လို့လဲ"

"အကာလည်း လိုက်မယ်လေ၊ ဆယ်ရက်ကျောင်းပိတ်တယ်။ ငုံးဥပြုတ်တွေ အကာရောင်းမယ်၊ မမက အဖေ ဟိုတစ်လောက ရှာလာတဲ့ နံ့သာဖြူနဲ့ နံ့သာနီတုံးတွေ လိုက်ရောင်းပါလား။ ပိုက်ဆံရတာပေါ့"

အတာ တွေခနဲဖြစ်သွား၏။ အကာပြောတာလည်း ဟုတ်သားပဲ။ နံ့သာဖြူ နံ့သာနီဆိုတာ ရှားပါးပစ္စည်းမို့ အရောင်းသွက်သည်။ ဒီအတိုင်းထားလို့ရော ဘာထူးမှာလဲ။ ရောင်းလိုက်ရင် ပိုက်ဆံရမှာ။

အဖေ ဆေးမြစ်ရှာရင်း သယ်ဆောင်လာခဲ့သည့် သစ်သားတုံးလေးတွေ။ ဆေးမြစ်တွေကတော့ ရောင်းပြီးတာ ကြာပြီ





ဒီအသားတွေကလည်း ဆေးဖက်ဝင်တွေ။

"ဘယ်လိုလဲ မမ"

"ကောင်းသားပဲ၊ လိုက်ခဲ့လေ"

"အပါလည်းလိုက်မယ်"

"အပါက မလိုက်နဲ့လေ၊ အဖော်တွေနဲ့ ကစားကျန်ခဲ့"

"ဟာ! မရဘူး။ လိုက်မယ်"

"အပါ"

အတာ ခပ်မာမာလေးခေါ်လိုက်တော့ အပါက ပြူးတီပြူးကြောင်လေးနှင့် မော့ကြည့်လေ၏။ အကာက အပါ့ကိုကြည့်ပြီးမှ. . .

"လိုက်ချင်လိုက်ပါစေ မမရယ်"

"လိုက်လို့မဖြစ်ဘူးလေ၊ တောင်ဆင်းတောင်တက်တွေ သွားရတာ သက်သာတာမဟုတ်ဘူး။ သူမလိုက်နိုင်ရင် ချီပိုးခေါ်ရမှာ။ ဖြစ်မလား"

"ဖြစ်ပါတယ်၊ အပါလိုက်နိုင်အောင်လိုက်မယ်. . . နော် မမ"

အပါက အတာ့ဒူးလေးကိုလှုပ်ကာ ဆိုနေသဖြင့် အတာ သက်ပြင်းချလိုက်၏။ အကာက စာအုပ်တွေကို လွယ်အိတ်ထဲ

သို့ပြန်ထည့်လေသည်။ အပါက အတော့ကိုကြည့်နေဆဲနှင့်. . .

"လိုက်မယ်နော် မမ"

"ခေါ်လိုက်ပါမမရယ်၊ အပါမလိုက်နိုင်ရင် အကာကျော ပိုးခေါ်မယ်။ ကစားကျွန်ခဲ့ရင် သူများနဲ့ရန်ဖြစ်မှာစိုးရ၊ သူများအနိုင်ကျင့်ခံရမှာစိုးရနဲ့ အလုပ်မှာ စိတ်ဖြောင့်မှာမဟုတ်ဘူး"

"ကဲ! ဒါဆို လိုက်ခဲ့"

"ဟေး. . ."

အပါက ဝမ်းသာအားရနှင့် ထအော်ပြီး စာအုပ်တွေကို လွယ်အိတ်ထဲသို့ သုတ်သီးသုတ်ပျာပြန်ထည့်၏။

ကလေးတွေဆိုပေမယ့်. . .

ဘဝပေးအသိတွေကြောင့် စကားပြောကြရင် လူကြီးလေးတွေလိုပါ။ အကွပ်မရှိတဲ့ကြမ်း ပရမ်းပတာဆိုပေမယ့် အမိမဲ့တဲ့ သူတို့လေးတွေကတော့ သူတို့ဘဝလေးတွေ ပရမ်းပတာမဖြစ်အောင် မနိုင်တဲ့ဝန်ကိုထမ်းပြီး ကိုယ့်ကိုယ်ကို ထိန်းသိမ်းနေကြရသည်ပင်။

အမိမဲ့သား ရေနည်းငါးလို ပေတ္တာရေစင်ခန်းခြောက်နေသည့်ဘဝလေးမှာ၊ ကလေးက ကလေးအသိနဲ့တော့ တစ်ဦးကိုတစ်ဦး ရွှေပေတ္တာမိုးကြီး ဝေါခနဲမရွာသွန်းပေးနိုင်သည့်တိုင် သပြေ





ခက်နှင့်တော့ ရေစက်တွေ ခါထုတ်ပေးနေကြသည်သာ။

"မမ ဓားယူခဲ့နော်၊ ဟိုရောက်မှ နံ့သာဖြူတုံးကိုခွဲပြီး အတုံးလေးတွေ သပ်တုံးပြီး ရောင်းရမှာ"

"ငါသိပါတယ် အကာရယ်၊ လူတတ်ကြီးမလုပ်စမ်းပါနဲ့"

"မမ မသိမှာစိုးလို့ပါ"

"နင်ကကော ဘယ်လိုသိလဲ"

"သူများတွေလုပ်တာကို မှတ်ထားတာ"

"ဒါနဲ့များ တစ်ဝါကြော လုပ်နေသေးတယ်"

အတာက ဓားတစ်ချောင်းနှင့် နံ့သာဖြူ နံ့သာနီတုံးတွေကိုယူကာ ဖန်းထဲသို့ထည့်၏။ ပြီးမှ ထမင်းအိုးကိုနပ်မနပ်ကြည့်ကာ နပ်ပြီဆိုမှချပြီး မီးတွေကိုသတ်ခဲ့သည်။ မီးဖိုချောင်ထဲကနေပြန်ထွက်လာတော့. . .

အကာလည်း. . .

ငုံးညှပ်ဖြတ်တွေကို ကြိမ်လက်ဆွဲခြင်းထဲသို့ထည့်ပြီးနေပြီ။

"သွားမယ် အကာ"

သွားမယ်ဆိုတော့ အပါက ရှေ့ဆုံးကနေ ပြေးသွား၏။

"အပါ ဖြည်းဖြည်းသွားလေ"

"ညီ. . . ကိုကိုကျောပိုးခေါ်ရမလား"

"ရတယ်"

အစပိုင်းမှာတော့ အပါက ရှေ့ဆုံးမှ။ လမ်းတစ်ဝက်ကျော်လာတော့ အပို့ခြေလှမ်းတွေ နှေးကွေးသွားသည်။ မျက်နှာမှာ ချွေးလေးတွေ စို့ကာလာတော့. . .

"ညီ. . . ညောင်းနေပြီလား"

"အင်း"

"ဒါဆို ကိုကိုကျောပိုးခေါ်မယ်၊ လာ"

အကာက အပို့ရှေ့မှာထိုင်ချပေးတော့ ရှေ့ရောက်နေတဲ့အတာ ပြန်လှည့်လာပြီး. . .

"နင်နေပါ။ ဖန်းကိုပဲယူ။ အပို့ကို ငါပဲကျောပိုးခေါ်မှာမယ်"

"ရပါတယ် မမရဲ့"

"ငါကအကြီး။ ငါ့စကားကိုနားထောင်။ ဒီကိုလာ အပါ"

နောက်ဆုံးတော့ အပို့ကို အတာပဲ ကျောပိုး၍ခေါ်ခဲ့တော့သည်။ အတာမောတော့ အကာကကျောပိုးနှင့် ကျိုက်ထီးရိုးဘုရားရင်ပြင်ပေါ်ကို ရောက်လာတော့ မောင်နှမသုံးယောက် အမောဖြေလိုက်ကြသေး၏။

အမောပြေသွားကြပြီဆိုမှ. . .





"ကဲ! အမောပြေရင် သွားကြမယ်"

"မမ ဘယ်ကိုသွားရောင်းမှာလဲ၊ ကျွန်တော် ဒီရင်ပြင်ပေါ်မှာပဲ လျှောက်ရောင်းမယ်"

"ရောင်းလေ၊ ငါက မုဆိုးတောင်ဘက်သွားတဲ့လမ်းမှာသွားရောင်းမယ်"

"အဲဒါဆို လှေကားအဆင်းအတက်တွေနဲ့ အပို့ကိုခေါ်မသွားနဲ့ မမ"

အပါ ဘယ်သူ့နောက်လိုက်ချင်နေလဲ၊ အကဲခတ်သလိုအတာကြည့်နေတုန်းမှာပဲ. . .

"ညီ, ကိုကိုနဲ့ကျန်ခဲ့နော်၊ မမနောက်ကိုလိုက်ရင် မင်းဒူးညောင်းမှာကွ"

"အင်း. . . ကိုကိုနဲ့ကျန်ခဲ့မယ်"

"ဒါဆို ငါသွားမယ်"

လမ်းခွဲလိုက်ကြတော့ အကာက အပို့လက်ကိုဆွဲကာ

"ငုံးဥပြုတ်တွေ. . . ငုံးဥပြုတ်တွေ ရမယ်နော်"

"ငုံးဥပြုတ်တွေ. . . ငုံးဥပြုတ်တွေ"

အကာက ရှေ့မှအော်တော့၊ အပါကလည်း နောက်မှလိုက်အော်လေသည်။ အဲဒီလို ဘဝကိုဘဝဆန်ဆန် ရုန်းကန်နေ

ကြသော ကလေးတွေသည် အချိန်တန်အရွယ်ရောက်လာသည့် အခါမှာလည်း ဘဝ၏အနှစ်သာရကို အချိုအခါးအားလုံးကို သိမြင်နေကြပေလိမ့်မည်။

နာနာရိုက်မှ များများတတ်ဆိုသလို လောကစံက သူတို့ကို ဘဝနာအောင် ဘယ်အထိရိုက်နှက်နေမလဲ မည်သူမှကြိုတင်မသိနိုင်။ လူတစ်ယောက်၏ဘဝသည် ဝတ္ထုစာအုပ်မဟုတ်လေတော့ ရှေ့ဆက်ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်ရဦးမှာလဲ။

''ငုံးဥပြုတ်တွေ. . . ငုံးဥပြုတ်တွေ အန်တီတို့ ဝယ်ကြဦးမလား''

''သုံးထုပ်ပေး ကလေး''

''ဟုတ်ကဲ့. . . ရော့! အန်တီ''

''သားသားတို့ ငုံးဥပြုတ်တွေကိုဝယ်တဲ့အန်တီ ကျန်းမာပါစေ ချမ်းသာပါစေ''

လွှတ်ခနဲ သင်မထားပါဘဲနှင့် ပြောတတ်သည့် အပ်ချုတောင်းကြောင့် ဝယ်သူတွေရော အကာပါ ပြုံးမိသွားကြ၏။ ဝယ်မစားတဲ့သူတွေက သူ့ထိုက်နဲ့သူ့ကံဆိုတဲ့သဘောလား။

☆☆☆



## အခန်း (၂)

''အန်တီတို့ မမတို့ နှံသာဖြူ နှံသာနီတုံးလေးတွေ ဝယ်
ွားကြပါဦး''

''တစ်တုံးဘယ်လောက်လဲ''

''သေးတာက တစ်တုံးကို ၅၀ ပါ၊ ၂၀၀ ဖိုးယူရင် ငါး
ားပေးပါ့မယ်''

''အကြီးကကော ဘယ်လောက်လဲ''

''၂၀၀ ပါ၊ ၅၀၀ ဖိုး သုံးတုံး''

''စစ်ရဲ့လား''

''စစ်ပါတယ် အန်တီ၊ ဒီဒေသမှာ ရောင်းတဲ့ဆေးဆိုးဆေး
င်တွေမှန်ရင် အားလုံးအစစ်တွေချည်းပါပဲ။ ညာရောင်းတာမရှိ

ပါဘူး''

ဝယ်သူတွေက နံ့သာဖြူတွေကိုနမ်းကြည့်ပြီး ရွေးနေတုန်းမှာပဲ အတာ့မြင်ကွင်းထဲမှာ အမြင်မတော်နဲ့မြင်ကွင်းတစ်ခုကို မြင်လိုက်ရ၏။

အသက်ငါးဆယ်ကျော်လောက်ရှိမည့် အမျိုးသမီးကြီးနှစ်ယောက်မှာ ဝတ်ကောင်းစားလှတွေနှင့်။ တစ်ယောက်က မောလို့ လှေကားပေါ်မှာ ထိုင်ချပြီး၊ တစ်ယောက်က . . .

''မတက်နိုင်တော့ဘူးလား''

''ဒူးတွေညောင်းနေပြီ၊ ငါလိုက်နိုင်ဖို့ မနည်းကြိုးစားရမယ်''

''အားတင်းပြီးတက်ကြည့်ပါဦး။ မုဆိုးတောင်မှာ အေးအေးဆေးဆေးနားကြမယ်လေ။ ဒီနေရာက ပူတယ်''

ရှေ့နှစ်ဆင့်တက်ရင်ပဲ မုဆိုးတောင်ကိုရောက်ပြီ။ နီးကာမှ ညည်းညူနေသောအဒေါ်ကြီးကိုကြည့်၍ စိတ်မကောင်းဖြစ်မိ၏။

''အကြီးနဲ့အသေးမှုပြီး ၇၀၀ ဖိုးယူမယ်''

''ဩော် . . . ဟုတ်ကဲ့''

အတာ ပါဆယ်အိတ်ကလေးထဲသို့ နံ့သာဖြူတုံးလေး





...သည့်ပေးလိုက်ပြီး၊ ပိုက်ဆံကို ကျစ်နေအောင်ဆုပ်ကာ မော...နေသောအမျိုးသမီးကြီးဆီသို့ ထလာခဲ့၏။

''ဒေါ်ကြီး မောနေရင် သမီးတွဲခေါ်ပေးရမလား''

''ဩော် . . . အေး။ ကောင်းတာပေါ့သမီးရယ်။ ဒေါ်ကြီး...ကို မုဆိုးတောင်ရောက်အောင် ပို့ပေးပါလားကွယ်''

''ဟုတ်ကဲ့၊ ရှေ့က မုဆိုးတောင်ပဲလေ''

''သူက နီးမှမလိုက်နိုင်တော့ဘူး''

''သမီးရဲ့ဖန်းကလေးကို အဒေါ်ကိုင်ခဲ့နိုင်မလား။ ဒေါ်ကြီးကို သမီးတွဲပို့ပေးပါ့မယ်''

''အေး . . . ကိုင်ခဲ့မယ်၊ ပေး! သမီး''

တစ်ယောက်က အတာ့ဖန်းကလေးကိုကိုင်ခဲ့ပေးသော...တာ အဒေါ်ကြီးကိုဖေးမ၍ တွဲခေါ်ခဲ့သည်။ လူမှုဝန်ထမ်းစိတ်...သောအတာ့ကို ဒေါ်ကြီးနှစ်ယောက် ရင်ထဲမှာကျိတ်ကာ ချီးကျူး...မိ၏။

ဒီကလေး ပိုက်ဆံတွေဘာတွေလိုချင်လို့ ကူညီတာလား...တာကိုလည်း တွေးဖြစ်ကြသည်။ အချို့က တကယ့်စိတ်ရင်းခံ...ဟုတ်ဘဲ ကူညီခံရသူက အားနာနာနှင့်ပေးသည့်ပိုက်ဆံကို...ချင်လို့လေ။

"ကဲ! ရောက်ပြီ"

"ကြီးမေတို့ကလည်း ကြာလိုက်တာဗျာ၊ ဒီမှာစောင့်နေရတဲ့သူ တစ်ရေးအိပ်လို့ရတယ်"

အသံလာရာဆီသို့ အားလုံးကြည့်လိုက်မိကြသည်။ စပို့ရှပ်အင်္ကျီအဖြူရောင်ပေါ်မှာ အင်္ဂလိပ်စာတန်းလေးပါတာကို ဝတ်ထားပြီး ဘောင်းဘီအညိုရောင်လေးနှင့် ကောင်လေးပုံက ဘာကိုမကျေနပ်သည်မသိ။ မျက်ခုံးထူထူနှစ်ဖက်သည် စုကျုံ့နေ၏။

"သားက ကလေးဆိုတော့ မြန်မြန်ရောက်တာပေါ့ကွယ်။ ကြီးမေတို့က လူကြီးတွေ၊ မောတယ်သားရဲ့။ တကတည်း သူကတော့ စောင့်ပြီးခေါ်ဖော်မရဘဲနဲ့"

"ဟို. . . သမီးပြန်တော့မယ်နော်"

အတာ သူမဖန်းလေးကိုယူပြီး လှည့်ထွက်လိုက်စဉ်. . .

"သမီး. . . နေဦး"

ခေါ်သံကြောင့် အတာပြန်လှည့်ကြည့်တော့၊ ဖန်းကိုင်လာပေးသည့်အဒေါ်က ပိုက်ဆံအိတ်ကိုဖွင့်ပြီး ၅၀၀ တန်တစ်ရွက်ကို ဆွဲထုတ်ကာ. . .

"ကျေးဇူးတင်တယ်နော် သမီး။ ရော့! သမီး မုန့်ဖိုးယူသွားလေ"





အတာပြုံးလျက်နှင့်ပဲ ခေါင်းခါလိုက်သည်။ အတာ ကူညီခဲ့တာ မုန့်ဖိုးလိုချင်လို့မှမဟုတ်ဘဲ။ လူမှုဝန်ထမ်းစိတ်နှင့် အမြင်မတော်လို့ ကူညီခဲ့တာလေ။

"သမီးဘာမျှော်လင့်ချက်နဲ့မှ ကူညီခဲ့တာမဟုတ်ပါဘူး"

"မဟုတ်ဘူးလေကွယ်"

"သွားမယ်နော်"

အတာနှုတ်ဆက်ပြီး လှေကားထစ်တွေကိုကျော်ဖြတ်၍ ဆင်းလာခဲ့သည်။ ချမ်းသာသည့်လူတန်းစားတို့သည် အရာရာကို ငွေနဲ့အဖိုးဖြတ်တတ်ကြသလား။

ဒီလိုမှန်းသိရင် အတာ မကူညီခဲ့ပါဘူးလေ။ ကိုယ်က စေတနာနှင့်ကူညီတာကို ပိုက်ဆံထုတ်ပေးတာလောက် အသည်းယားစရာကောင်းတာမရှိတော့။

"ဟော! ဟိုမှာ မမ"

အတာ ဘုရားရင်ပြင်တော်ဆီကိုရောက်တော့ အပါနှင့် အကာ ပြေးလာ၏။

"မမ ရောင်းကောင်းလား"

"မဆိုးပါဘူး၊ နင်ရော"

"အကာ့ငုံးဥပြုတ်တွေ ကုန်တာကြာပြီ မမရဲ့"

"ဟုတ်လား၊ ငါ့ထက်တောင် တော်နေပါလား။ ငါက
မကုန်သေးဘူး"

"မမ"

"ဟေ"

"အပါ ဗိုက်ဆာတယ်"

အတာ ကောင်းကင်ကနေမင်းကို မော့ကြည့်လိုက်
ပြီးမှ အပါ့ကို နဖူးမှချွေးစလေးတွေကိုသုတ်ပေးရင်း. . .

"ပြန်ကြမယ်လေ၊ ထမင်းစားပြီးမှ ပြန်လာမယ်"

"မမပြန်လေ၊ ညီကိုခေါ်သွား။ အကာ ကျန်ခဲ့ဦးမယ်"

"နင်က ဘာရောင်းစရာရှိလို့ ကျန်ခဲ့မှာလဲ။ ပြီးတော့
နင်ထမင်းမစားရသေးဘူးလေ"

"မုန့်ဟင်းခါးတစ်ပွဲ ဝယ်စားလိုက်ရင် အကာဗိုက်ပြည့်
ပါတယ်မမရဲ့။ ဇင်ကိုက သူ့နဲ့ရေခွေးလိုက်ရောင်းရင် ပိုက်ဆံပေး
မယ်ဆိုလို့ အကာလိုက်သွားဦးမယ်"

"မလိုက်ပါနဲ့ အကာရယ်"

"ဟော့! ဘာတွေပြောနေကြတာလဲကွ"

"ဟင်! အဖေ"

အဖေက ခြင်းတွေကိုချပြီး ချွေးတွေကို ဦးထုပ်နှင့်သု





သုတ်ရင်း မေးလေ၏။

"အကာ့ကို အိမ်ပြန်လိုက်ခဲ့ဖို့ခေါ်နေတာ အဖေရဲ့။ ဇင်
ကိုနဲ့ ရေခွေးရောင်းကျန်ခဲ့မလို့တဲ့လေ"

ဦးစန်းအောင် မျက်နှာညှိုသွား၏။ ကိုယ့်သားသမီးလေး
တွေကို ပြေးဟယ်လွှားဟယ်နဲ့ ဘာမှမရောင်းခိုင်းချင်။ မရောင်း
ခိုင်းရင်လည်း သူ့တစ်ယောက်လုပ်စာက ပုံမှန်ဝင်ငွေမဟုတ်ဘူး
လေ။ အထမ်းငှားသူရှိမှ ပိုက်ဆံရတာပဲမဟုတ်လား။

စားလောက်ရုံရနေလို့ဖြစ်မလား။ မတ်တပ်စာသာရှိပြီး
တုံးလုံးစာမရှိတဲ့ဘဝမှာ နေမကောင်းဖြစ်လို့ကတော့ ဘယ်မှာလဲ
ဆေးဖိုးဝါးခ။ သမီးကြီးကိုကျောင်းထုတ်ရတာပင် ချိတုံချတုံနှင့်
ပါ။ အခု. . .

သားလတ်နှင့်သားငယ်ကိုတော့ ကျောင်းထားမှဆိုပြီး
အလုပ်ကိုပိုကြိုးစားခဲ့ရတာ။ သမီးကြီးကပါ ကူဖော်လောင်ဖက်
ဖြစ်လာတော့ စားရေးအပြင် ကလေးတွေရဲ့ကျောင်းစရိတ်အတွက်
ပါ သိပ်တော့မပူရပေ။ သားလတ်ကပါ ဝင်ကူလာပေမယ့်. . .

"သားလတ်"

"ဗျာ! အဖေ"

"ရေခွေးတော့ လိုက်မရောင်းပါနဲ့သားရယ်။ အဖေ မင်း

တို့ကိုရှာကျွေးနိုင်ပါသေးတယ်ကွာ။ ပညာမရှိ သူ့ဓါဝန်ထမ်းတဲ့ အမေတို့ပညာမတတ်လို့ ခုလိုပင်ပင်ပန်းပန်းနဲ့ ဝမ်းစာရှာနေရတာ သားနှစ်ယောက်ကိုတော့ အမေ့လိုဘဝမျိုးအရောက်မခံနိုင်ဘူး ပညာတတ်ကြီးဖြစ်အောင် စာကိုပဲကြိုးစားကြပါကွယ်''

အကာက အမေပင်ပန်းတာကိုမကြည့်ရက်သူမို့ ခေါင်းမညိတ်ခေါင်းမခါ။ အမေပြောသလို ပညာတတ်ဖြစ်အောင် ကြိုးစားချင်ပေမယ့် ဘဝအကျိုးပေးကမှမကောင်းတာ။

ကျောင်းစရိတ်ဆိုတာ အတန်းကြီးလာလေ ပိုကြီးလေမဟုတ်လား။ အမေနဲ့မမပင်ပန်းတာကို အကာ မကြည့်ရက်နိုင်ကိုယ်လည်း တစ်ဖက်တစ်လမ်းကနေ နိုင်သမျှဝန်ကို ထမ်းချင်သည်။

''အမေ၊ ပညာတတ်ကြီးဖြစ်အောင် သားကြိုးစားမယ်''

အပါက လက်ညှိုးလေးထောင်ပြီး ပြောလေတော့. . .

''သားငယ်က တကယ်ကြိုးစားမှာလား''

''တကယ်ပေါ့အမေရ၊ မမနဲ့ကိုကို့လို သားဈေးမရောင်းချင်ဘူး။ ခြေထောက်ညောင်းတယ်''

အားလုံးပြုံးမိကြပြီး. . .

''ငါ့သားက ရည်ရွယ်ချက်ကြီးတာပဲကွ''





''ကဲ! နေအတော်မြင့်လာပြီအမေ၊ ပြန်ကြရအောင်''

''သားကို အမေ ခြင်းထဲထည့်ပြီးထမ်းခေါ်''

''ညီ. . .''

ခြင်းထဲဝင်ထိုင်လိုက်တဲ့အပါ့လက်ကို အကာ ဆွဲထားလိုက်ပြီး. . .

''အမေက ပင်ပန်းနေပြီညီရဲ့၊ ကိုကိုထမ်းခေါ်မယ်နော်''

''ဟင့်အင်း. . . အမေထမ်းမှ ငြိမ်ငြိမ်လိုက်လို့ရမှာ။ ကိုကိုထမ်းရင် ခဏခဏဆင်းခိုင်းတယ်''

''အပါ''

''ရပါတယ်သမီးနဲ့သားရယ်၊ အမေမပင်ပန်းပါဘူးကွ။ ကဲ! သားငယ်''

အမေက အပြုံးချိုချိုနှင့် ခြင်းကိုမျက်စပစ်ပြလေတော့ အပါက ဝင်ထိုင်လိုက်ကာ မိသားစုတွေ အိမ်ပြန်ခဲ့ကြ၏။ အမေက ဟသ်ာတထွန်းရင်ရဲ့သီချင်းလေးတစ်ပုဒ်ကို ဆိုညည်းလေတော့. . .

''အမေ''

''ဟော! ဘာလဲ သားရဲ့''

အပါက ခြင်းထဲကနေ အမေ့ကိုငုံ့ကြည့်ကာ. . .

"အဖေ့သီချင်းက နားထောင်လို့မကောင်းဘူးဗျ။ ...
သီချင်းဆိုပါလား"

"ဘယ်သီချင်းဆိုရမှာလဲ သားငယ်ရဲ့"

"R ဇာနည်ရဲ့ ဂန္ထဝင်ဆည်းဆာလေ"

"ဟား. . . ဟား. . . ဟား"

သားငယ်၏စကားကြောင့် ဦးစန်းအောင်က အသံထွက် ...
အောင် ရယ်လေသည်။

"ဆိုလေ အဖေရဲ့"

"သားငယ်ရာ၊ မင်းပြောတဲ့အာခေါင်နီကို အဖေမှ ...
တာကွ"

"အဖေကလည်း အာခေါင်နီမဟုတ်ပါဘူး။ R ဇာန...
အဖေရဲ့။ အခု လူတိုင်းရဲ့ပါးစပ်ဖျားမှာ ရေပန်းစားနေတာ"

"အဖေမှမသိတာ သမီးကြီးရဲ့"

ဦးစန်းအောင်က လူရိုးပီပီပြောတော့ ကလေးတွေ...
ရယ်ကြလေသည်။ သူသိတာက ဟသာၤတထွန်းရင်။ သိန်းတ...
အနိုင်၊ မင်းအောင်တို့လောက်ပဲသိတာမဟုတ်လား။ ခေတ်လူ...
တွေနဲ့ယှဉ်တော့ သူက ရယ်စရာကြီးပြောမိသလိုဖြစ်နေပြီ...

☆☆☆



## အခန်း (၃)

"ဟင်း. . . ဟင်း. . . ဟင်း"

အတော့နားထဲမှာ ညည်းသံလိုလိုကြားလိုက်ရသဖြင့် သေ
ချာအောင် နားပိုစွင့်လိုက်သည်။

"အင်း. . . ဟင်းဟင်း"

သေချာပါပြီ။ ဒါအဖေ့ရဲ့ညည်းသံပဲ။ အဖေဘာများဖြစ်
ပါလိမ့်လို့ ထမယ်ကြံတော့၊ အပါလေးက သူမ၏လက်မောင်းပေါ်
မှာ အိပ်ပျော်နေရှာသည်။ အပါ နိုးမှာစိုး၍ ခေါင်းလေးကိုမပြီး
လက်ကိုဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။

ပြီးမှ. . .

မီးခြစ်ကိုအသာစမ်းပြီး ဖယောင်းတိုင်ကိုထွန်း၍ ခြေဖွ

ကာ အဖေ့ဆီသို့လျှောက်လာခဲ့၏။

"အင်း. . . အဟင်းဟင်း"

"အဖေ. . . အဖေ"

ကျယ်ကျယ်နိုးရင် ကလေးတွေနိုးမှာစိုး၍ ခပ်တိုးတိုး လေးနှင့် အဖေ့ကိုလှုပ်နှိုးလိုက်သည်။

"အဖေ. . . အဖေ"

"အင်း. . . ဟင်း. . . ဘာလဲသမီးကြီး"

အဖေက ခေါင်းမြီးခြုံကို ဖွင့်ကြည့်လေသည်။

"အဖေဘာဖြစ်လို့လဲဟင်"

"အဖေ့တစ်ကိုယ်လုံး ကိုက်ခဲနေတာပဲသမီးရယ်"

"ဟင်! ဟုတ်လား"

အတာ သစ်သားတုံးပေါ် တင်ထွန်းထားသော ဖယောင်း တိုင်ကို ကြမ်းပြင်ပေါ်သို့ချပြီး အဖေ့နဖူးကို လက်နှင့်စမ်းကြည့် လိုက်သည်။

"ဟင်! အဖေကိုယ်တွေ ပူနေပါလား"

"ဟုတ်တယ်၊ အဖေဖျားပြီထင်တယ်သမီးရယ်"

"ဒါဆိုဘယ်လိုလုပ်ရပါ့မလဲ"

"အဖေခေါင်းတွေတအားကိုက်ပြီး အိပ်ချင်နေတာ





နက်ကျရင် ကောင်းသွားမှာပါကွယ်။ သမီးလည်းသွားအိပ်တော့ နော်"

အတာ ဘာလုပ်ရမှန်းမသိဖြစ်ကာ အဖေ့ကိုပဲ ခပ်ငေး ငေးလေးကြည့်နေမိ၏။ နေ့စဉ်ရက်ဆက် ကျိုက်ထီးရိုးတောင်ပေါ် ၏ အထမ်းနှင့်တက်လိုက်ဆင်းလိုက်လုပ်နေရတာ ကြာတော့ အဖေပင်ပန်းရှာပြီပေါ့။

အဖေသာ တစ်ခုခုဖြစ်ရင်လို့ တွေးလိုက်မိတော့ တွေး မိန့်နှင့်ပင် ရင်တွေပူကာ မျက်ရည်ဝဲမိသည်။

"အဖေ"

"ဟင်"

"မနက်ကျရင် အဖေဆေးခန်းသွားပြပါနော်"

"အဖေ ဘာမှမဖြစ်လောက်ပါဘူးသမီးရယ်"

"ရောဂါကိုမေ့မြူမထားပါနဲ့အဖေရယ်၊ အဖေတစ်ခုခု ဖြစ်မှာကို သမီးစိုးရိမ်လို့ပါအဖေရယ်။ သမီးတို့က အဖေ့ကိုအား ကိုးနေရတာပါ။ မနက်ကျ ဆေးခန်းသွားပြပါနော်. . . နော်အဖေ"

ဦးစန်းအောင် သက်ပြင်းချလိုက်၏။ မတ်တပ်စာရှိပြီး တစ်လုံးစာမရှိဘူးဆိုတာ အဲဒါကိုပြောတာပေါ့။ သွားလာလှုပ်ရှား နိုင်မှ စားဖို့ဝမ်းစာရှိပေမယ့် နေမကောင်းရင် ဆေးကုစရာ

အပိုငွေက များများစားစားမရှိတာ။

"နော်. . . အဖေ"

"အေးပါသမီးရယ်၊ သမီးစိတ်ချမ်းသာအောင် အဖေ သွားပါ့မယ်။ ကဲ! သမီးအိပ်တော့နော်၊ မနက်ဖြန်ဈေးရောင်းသွား ဦးမှာမဟုတ်လား"

"ဟုတ်ကဲ့၊ ဒါဆို သမီးသွားအိပ်တော့မယ်နော်"

"အေးအေး. . ."

အတာ အခန်းထဲသို့ပြန်ဝင်လာတော့ အကာက ငုတ် တုပ်ကလေးထိုင်နေသည်။

"ဟယ်! အကာ၊ ဘာဖြစ်နေတာလဲ၊ ရှူရှူးပေါက်ချင် လို့လား"

"မဟုတ်ဘူး"

"ဒါဆိုအိပ်လေ၊ လန့်နိုးတာလား"

အကာက ခေါင်းခါပြပြီး အတာ့အနားသို့တိုးလာကာ

"မမ"

"ဟင်! ဘာလဲ အကာ"

"အဖေနေမကောင်းဘူးမဟုတ်လား"

"အေး. . . ဟုတ်တယ် အကာ"





"အဖေအရမ်းပင်ပန်းနေပြီ မမရဲ့။ ဒီရက်ထဲမှာ အဖေ့ ကို နားနိုင်းရင် ကောင်းမယ်။ မမနဲ့အကာပဲ ဈေးသွားရောင်းကြ မယ်လေ"

အတာက အကာ့ခေါင်းလေးကို ရင်ခွင်ထဲသို့ဆွဲသွင်း၍ ကြော်ထားရာမှ. . .

"မမပဲ ဈေးသွားရောင်းပါ့မယ် အကာရယ်။ အကာက ဒါနဲ့အဖေ့ကိုပဲ အိမ်မှာနေပြီးဂရုစိုက်။ ပြီးတော့ စာကျက်၊ ဟုတ် ပြီလား"

အကြီးနှစ်ယောက်မှာ အတွေးကိုယ်စီနှင့် အိပ်ရာထဲမှာ ခါလျောင်းခဲ့သည့်တိုင် တော်တော်နှင့်အိပ်မပျော်ကြ။

အပါကတော့. . .

အငယ်ဆုံးမို့ ကလေးပီပီပဲ အပူအပင်ကင်းမဲ့စွာနှင့် အိပ် ပျော်နေတာ တရှူးရှူးနှင့်ရယ်ပါ။

☆☆☆



# အခန်း (၄)

ဟိုနေ့က မကုန်သေးသည့် နှံသာဖြူ နှံသာနီတုံးလေး
တွေနှင့်အတူ ငုံးဥပြုတ်ကိုပါ ရောင်းနေသောအတော။ ဘုရားရင်
ပြင်တော်ပေါ်မှာ လျှောက်ရောင်းပြီး ရွှေနန်းကျင်ပြတိုက်ဘက်သို့
ငြိန်လှည့်လာခဲ့သည်။

ခြေထောက်တွေက လှမ်းနေပေမယ့် အာရုံထဲမှာ ပတ်
နန်းကျင်ကို တစေ့တစောင်းပင်မကြည့်ဖြစ်ဘဲ၊ အဖေ ဆေးခန်း
သွားဖြစ်ပါ့မလား။ အကော ထမင်းမှချက်ပါ့မလားအတွေးတွေ
က မျက်ဝန်းရှေ့ကို လက်နှင့်ကာထားသလိုပါပဲ။

"ဟိတ်!"

"ဟင်!"

ရှေ့မှာ အသံတစ်ခုနှင့်အတူ အရိပ်တစ်ခုရပ်လာသဖြင့် ကြည့်လိုက်တော့. . .

''ငုံးဥပြုတ်ရောင်းတာမဟုတ်လား''

''ဟုတ်တယ်၊ ဘာဖြစ်လို့လဲဟင်''

''ဝယ်မလို့မေးတာ''

''ယူလေ၊ ဘယ်နှထုပ်ယူမလဲ''

ကောင်လေးက လက်တွေကို တစ်ချောင်းချင်းထောင်၍ နောက်ဆုံးသုံးချောင်းမြောက်တွင် ရှေ့သို့ထုတ်ကာ. . .

''သုံးထုပ်''

အတာ ငုံးဥထုပ်တွေကို ဆွဲခြင်းထဲက နှိုက်ယူလိုက်တော့. . .

''နင် ငါ့ကိုမမှတ်မိဘူးလား''

''ဟင်''

အတာ ကောင်လေးကို မျက်မှောင်ကြုတ်၍ကြည့်လိုက်၏။ သူက အတာ့ကိုသိလို့လား။ မြင်ဖူးသလိုလိုရှိပေမယ့် ဘယ်မှာမြင်ဖူးလိုက်မှန်းတော့ အတာ မသိပေ။ တစ်နေ့တစ်နေ့ ကိုယ့်အကြောင်းနဲ့ကိုယ်တောင် တွေးရတာ ထောင့်မစေ့ချင်။ သူများအကြောင်းမတွေးအားတော့ ဘယ်မှာတွေ့ဖူးလဲဆိုတာ မသိ





...ဘန်းပါလေ။

''နင်က ငါ့ကိုသိလို့လား''

''သိတော့မသိဘူး၊ တစ်ခါပဲမြင်ဖူးတာ''

''ဟုတ်လား။ ဘယ်မှာမြင်ဖူးတာလဲ''

''ဟိုနေ့ကလေ၊ နင် ငါ့ကြီးမေကိုတွဲပြီးလိုက်ပို့ပေးတာ။ ...ဦးတောင်မှာလေ။ မှတ်မိလား''

အတာချက်ချင်းပဲ ပြန်မှတ်မိသွား၏။ လှစ်ခနဲကြည့်လိုက်... မျက်နှာကိုမမှတ်မိဘဲ သူဝတ်တဲ့အင်္ကျီနဲ့ဘောင်းဘီစတိုင်လ်... မှတ်မိခဲ့တာ။

''ဘယ်လိုလဲ၊ မှတ်မိပြီလား''

''အင်း. . . မှတ်မိပြီ''

''နင့်ကို ငါ့ကြီးမေက ကျေးဇူးတင်နေတာ''

''ပြီးသွားပြီပဲ''

''အန်တီနှင်းကတော့ နင့်ကို တော်တော်မာနကြီးတဲ့ ...ကောင်မလေးတဲ့''

''ငါက ဘာမာနကြီးလို့လဲ''

''အန်တီနှင်း ပိုက်ဆံပေးတာကို နင်မယူလို့လေ''

...ကလေးမကျ၊ လူကြီးမကျအရွယ်တွေမို့ သူက အတာ့

ထက် အရိပ်မြင့်နေ၏။ အတာက သူ့ကိုနည်းနည်းမော့ကြည့်
သည်။ အတာ နှုတ်ခမ်းမဲ့လိုက်ပြီး. . .

"နင်တို့သူဌေးတွေက မရှိတဲ့သူဆင်းရဲသားတိုင်းကို ရှု
မျက်စိနဲ့ကြည့်ပြီး ငွေလိုချင်လို့ကူညီတယ်လို့ ထင်နေတာကို
အဲဒီဒေါ်ကြီးကိုပြောလိုက်၊ ဆင်းရဲတဲ့သူကလည်း ကိုယ်နဲ့တန်တ
မာနရှိတယ်လို့"

"နင်စကားပြောတာ နားထောင်လို့ကောင်းတယ်နော်"

အတာ ကောင်လေးကိုတယ်လိုနားလည်ရမှန်းပင် မသိ
တော့။ ငုံးဥဝယ်မယ်ဆိုပြီး စကားကြောက ရှည်လိုက်တာ။ ဝယ်
စရာရှိတာဝယ်ပြီး ပြန်တာမဟုတ်ဘူး။ တော်ကြာ. . .

သူတို့သူဌေးဆိုတဲ့လူတန်းစားတွေက လွယ်တာမဟုတ်
ဘူးလေ။ အတာ့လို ငုံးဥပြုတ်ရောင်းစားနေရတဲ့ကောင်မလေး
နဲ့ ရပ်စကားပြောနေရမလားဆိုပြီး ခါးထောက် ရန်လာတွေ့ရင်
ပြသနာ။

"နင် ငုံးဥပြုတ်ဝယ်မလို့ဆို"

"ဝယ်မှာပါဟ"

"ဒါဆိုဝယ်လေ၊ ငါဆက်ရောင်းရဦးမှာ။ နင်တစ်ယော
တည်းအကုန်ဝယ်ပြီး ကုန်သွားတာမဟုတ်ဘူး"





ကောင်လေးက ငုံးဥထုပ်တွေကိုယူပြီး ပိုက်ဆံထုတ်ပေး
တော့ အတာ ဆတ်ခနဲဆွဲယူပြီး သူ့ရှေ့မှထွက်လာခဲ့သည်။

အတာ့ကိုမြင်တော့ အကာ လှစ်ခနဲ လူအုပ်တစ်အုပ်ထဲ
ရောနှောတိုးဝင်ပြီး လိုက်သွားလိုက်တာ သုတ်သုတ်ပါ။ မနက်
အမေ့ကိုဆေးခန်းပြခဲ့ပြီးပြီ၊ မမက နေ့လယ်စာအတွက် ထမင်း
ထည့်ယူသွားတာ စျေးရောင်းပြီးရင် အခြားတစ်ခုခုအလုပ်ရှာ
မှာမို့လို့ပေါ့။

ဆရာဝန်က အမေ့ကို တစ်ရက်ခြားလာပြပါတဲ့။ အကာ့
ကလေးဆိုတော့ ဘာရောဂါဆိုတာမပြောကြပေ။ အမေ့ကို
တစ်ရက်ခြားဆေးခန်းပြပေးဖို့ဆိုတာ ငွေရှိမှဖြစ်မှာ။

ဒါကြောင့်. . .

အမေအိပ်နေတုန်း အကာ ခိုးထွက်လာခဲ့တာပါ။ အပို့
တော့ သေသေချာချာမှာထားခဲ့သည်။ အမေ့နားကနေ ဘယ်
သွားနဲ့လို့လေ။ ထမင်းကတော့ အပါနဲ့အကာ အတူတူစားခဲ့
ပြီ။

"ဟော့ကောင် ဖင်ကို"

"ဟာ! အကာ၊ မင်းလာပြီလား"

"အေး"

ရွှေပဒေသာစာပေ

ဇင်ကိုလည်း သူတတ်သည့်ပညာနှင့် သူ့အဘိုးအဘွား
တွေကို မငတ်အောင်ရှာကျွေးနေသူ။ မနက်က ဇင်ကိုနှင့် လမ်း
မှာတွေ့လို့ သူတို့အချိတ်အဆက်လုပ်ထားခဲ့တာပါ။

''လာ. . . သွားမယ်''

''နေဦး ဇင်ကို''

''ဘာလဲ''

''မင်းအလုပ်က စီရဲ့လားကွ''

''စီပါတယ်ကွ၊ အချို့ဆို သနားလို့ ဘာရယ်ညာရယ်
မဟုတ်ဘူး ပေးခဲ့တာ''

''ဟုတ်လား။ ဒါပေမဲ့ ငါက မင်းလိုမလုပ်တတ်ဘူးကွ''

''ငါသင်ပေးမှာပေါ့။ လာ! ဟိုနားမှာ ခဏထိုင်ရအောင်''

ဇင်ကိုက အကာ့လက်ကိုဆွဲပြီး ကျိုက်ထီးရိုးဘုရားခြေ
အောက်ဘက်ရှိ အနိမ့်ဆုံးစကြံအထိ ခေါ်လာခဲ့သည်။

''မင်း ခြေဆင်းလိုက်''

''ဘာလုပ်မလို့လဲ''

''ခြေဆင်းထိုင်လိုက်စမ်းပါ၊ သူများတွေကိုနှိပ်ပေးရင်
ဘယ်အကြောတွေနှိပ်ရတယ်ဆိုတာ ငါပြမလို့''

အကာ ကြောင်တောင်တောင်နှင့်ပဲ ဇင်ကိုခိုင်းသလို ခြေ





ဆင်းကာ ထိုင်ချလိုက်၏။ ဇင်ကိုက အကာ့ခြေသလုံးပေါ်ကို
လက်တင်ကာ. . .

''နှိပ်တော့မယ်ဆိုရင် အကြောပြေဆေးကို အရင်လိမ်း
ပေးလိုက်။ ပြီးရင် ငါလက်ထောက်ပြတဲ့နေရာတွေကိုမှတ်ထား။
ကြားလား''

အကာက ခေါင်းညိတ်ပြတော့ ဇင်ကိုက ဆက်ပြောပြ
သည်။ ဘယ်အကြောကိုဘယ်လိုနှိပ်ရင် ဘယ်နေရာအထိ ရောက်
တယ်ဆိုတာက အစပေါ့။ ဘယ်ပညာကိုပဲသင်ပေးပေး သင်ပေး
သူက ဆရာပဲပေါ့။

အခု. . .

ဇင်ကိုသည် အကာ့ရဲ့ဆရာပါ။

''ခြေဖဝါးရဲ့အလယ်တည့်တည့် ခြေမရှိတဲ့ဘက်ကို နည်း
နည်းတိုးပြီးနှိပ်လိုက်ရင် အဲဒီအကြောက ဝမ်းကြောပါပြေတယ်။
ဝမ်းချုပ်တဲ့သူတွေဆိုရင် အဲဒီအကြောတွေကိုနှိပ်ရင် လေလည်
ပြီး ဝမ်းသွားတယ်ကွ''

''ဟုတ်လား''

''အေး. . . ဇက်ကြောတက်တဲ့လူတွေဆိုရင်''

အကာ့ရှေ့မှာထိုင်နေရာကနေ ဇင်ကို နောက်ကိုရောက်

သွားပြီး အကာ့ပခုံးပေါ်သို့ လက်တင်လိုက်တာနှင့်. . .

''အား. . .''

''အဲဒါ ပခုံးကြော၊ ဒါက ဇက်ကြော''

''အား. . .''

''အဲဒီအကြောတွေကို နှိပ်ရတယ်''

အကာ့မျက်နှာလေးမှာ လောလောဆယ် အနှိပ်ခံနေရသဖြင့် ရှုံ့မဲ့နေသည်။ ခံလိုက်ဦး အကာရေ့။ ဒါမှ မင်းတတ်မှာကွ။

ဇင်ကိုက ဒီအလုပ်နှင့်အသက်မွေးဝမ်းကြောင်းပြုနေသူမို့ အကြောအကြောင်းကို နားလည်နေသည်။ သူ့အဘိုးက မြန်မာတိုင်းရင်းဆေးကိုင်တဲ့ ဗိန္ဓောဆရာကြီးပါ။ ဆေးမြစ်တွေကိုရှာပြီး သူကိုယ်တိုင် ဆေးဖော်သည်။ အခုမှအသက်ကြီးလို့ ဆေးလိုက်မကုတော့တာ။ ခေါင်းကိုက်တဲ့လူကို ဘယ်လိုနှိပ်ပေးရင် သက်သာတယ်ဆိုတာကအစ ဇင်ကိုက ရှင်းပြပြီး. . .

''ကဲ! တို့သွားကြမယ် အကာ''

''အေး. . . သွားတာက ဟုတ်ပါပြီ။ ငါ့မှာ ဘာအကြောပြေဆေးမှမရှိဘူးကွ''

''ပူမနေစမ်းပါနဲ့ကွာ။ လိုက်မှာသာလိုက်ခဲ့။ မင်းလာမယ်ဆိုကတည်းက ငါပုလင်းရှာပြီး ခွဲထည့်ပေးထားတယ်။ ဒီမှာလေ့''

ဇင်ကိုက အကာ့လက်ထဲသို့ ဆေးပုလင်းလေးကိုထည့်ပေးသည်။

''ကျေးဇူးပဲ သူငယ်ချင်းရာ''

''ကျေးဇူးကို နောက်မှတင်။ သွားမယ်''

နှစ်ယောက်သား ဆေးပုလင်းလေးတွေကိုကိုင်ပြီး ရင်ပြင်ပေါ်သို့ ပြန်တက်လာခဲ့ကြသည်။ ခရီးသည်တွေစုဝေးနေနိုင်သည့်နေရာတွေကို လိုက်ကြည့်၏။ အချို့ မောလို့မိုးလိုးမက်လက်တွေပင် လန်နေကြသည်။

''တောင်တက်ရလို့ ခြေသလုံးတွေတောင့်နေတာ၊ ဇက်ကြောတက်တာ ညောင်းတာညာတာတွေရှိရင် နှိပ်လို့ရပါတယ်ခင်ဗျ''

''ခေါင်းကိုက်ရင်လည်း နှိပ်ပေးလို့သက်သာနိုင်ပါတယ်''

''အကြောပြေဆေးလိမ်းပြီးမှ နှိပ်ပေးမှာပါ။ ဆေးက အစွမ်းထက်ပါတယ်ခင်ဗျ''

ဇင်ကို့အသံက ကျယ်ပေမယ့် အကာ့အသံက မရဲတရဲနှင့်မို့ ခပ်တိုးတိုးသာ။ သူတို့အသံကိုကြားတော့ အချို့က မယုံ

သလိုမျက်ဝန်း။ အချို့က သနားသောအကြည့်တို့နှင့်။

"မင်းတို့ပြောသလို တကယ်အကြောတွေပြေပြီးတော့ အညောင်းအညာသက်သာအောင် နှိပ်ပေးမှာလား"

"တကယ်ပါဗျာ၊ ခရီးသည်ချင်း ပင်ပန်းလာကြတာချင်း အတူတူ အကြောဖြေခံတဲ့သူနဲ့မခံတဲ့သူ ပြီးရင်သိသာလာပါလိမ့်မယ်။ လန်းဆန်းပေါ့ပါးသွားတာချင်းမတူပါဘူး"

အချင်းချင်းမေးဆတ်ကာ ညှိကြပြီး. . .

"ဘယ်လောက်ပေးရမှာလဲ"

"စေတနာရှိသရွေ့ ပေးပါခင်ဗျာ"

"ဒါဆို. . . လာ"

လာဆိုတာနှင့် အကာ့မျက်နှာလေးဝင်းပသွား၏။ နောက်တော့ ဇင်ကိုနှင့်အကာ လက်မလည်ရတော့ပေ။ တစ်ယောက်ပြီးတော့တစ်ယောက် အကြောတွေကိုနှိပ်နယ်ပေးနေကြရ၏။ ပထမဆုံးလူက. . .

"သူတို့ပြောတာ ဟုတ်တယ်ဟ၊ အကြောတွေ တကယ်လျော့သွားပြီးသက်သာတာ"

"ဟုတ်တယ်နော်၊ ခုနက ငါ့ဖက်ကြောတွေ တက်နေတာ ခုမှပဲ ဖက်ပေါ့သွားတော့တယ်"





"အဲဒီကပြီးရင် ဒီဘက်ကိုလာဦးနော်"

"ဟုတ်ကဲ့၊ လာမယ်နော် ခဏလေး"

"ဟိုအဖွဲ့နဲ့တင် ဒီကလေးတွေ ပိုက်ဆံတော်တော်ရမယ်"

အကာ အလုပ်လုပ်ရတာ ပျော်သလိုဖြစ်သွား၏။ အားလုံးပြီးစီးသွားတော့ အချို့က နှစ်ရာ၊ အချို့က ဘာရယ်ညာရယ် မဟုတ်ဘဲ ငါးရာအထိပေးကြ၏။

ဇင်ကိုက ဘယ်လိုလဲဆိုတဲ့သဘောနှင့် သူ့ကိုကြည့်လေ၏။ အဖေ့ဆေးဖိုးအတွက်ရရင်ပဲ အကာ ကျေနပ်ပါပြီလေ။ အိမ်ရောက်မှ ဘယ်လိုပဲဖြေရှင်းရဖြေရှင်းရ၊ လောလောဆယ် ပိုက်ဆံရဖို့က အရေးကြီးနေသည်။

အိမ်ရောက်တော့. . .

ထင်တဲ့အတိုင်းပဲ မမက ဒေါသမျက်ဝန်းနှင့် ဆီးကြိုနေသည်။

"နင်ဘယ်သွားနေတာလဲ အကာ"

"ဟို. . ."

"နင် ငါ့ကိုညာဖို့တော့ မကြိုးစားနဲ့နော်"

အကာခေါင်းငုံ့ပြီး အတော့ရှေ့မှာ ခြေစုံရပ်လိုက်၏။

"ပြောလေ၊ နင်ဘယ်ကိုသွားတာလဲဆိုတာ"

"ကျွန်တော် ဇင်ကိုနဲ့"

"ကဲဟယ်"

"ဖြန်း!"

"အား. . ."

"ကဲ"

"ဖြန်း!"

"အ!"

အဘောက အကော့ကျောကုန်းကို လက်ဝါးနှင့်တဖြန်းဖြန်း ရိုက်လေ၏။

"ငါကတော့ ပညာတတ်ဖြစ်စေချင်လို့ အိမ်မှာနေပြီး စာကျက်ခိုင်းခဲ့တယ်။ သင်းက မွဲချင်တဲ့ခွေး ပြာပုံတိုးတာ"

"ကဲ"

"ဖြန်း!"

"သမီးကြီး"

ဦးစန်းအောင် အိပ်ရာထဲကနေ ဒယီးဒယိုင်ထလာပြီး အဘော့လက်ကိုဆွဲထားသည်။

"မလုပ်ပါနဲ့ သမီးကြီးရယ်၊ သားလတ်က ဒီနေ့ လင် ဟင်းသွားတဲ့အဖေ့တာဝန်ကို သူဝင်ပြီး ပခုံးပြောင်းထမ်းသွားတာ





ဒါကွယ်"

သားငယ်လေးက ကိုကို ကိုဇင်ကိုနောက်ကိုလိုက်သွားမယ်ဆိုကတည်းက၊ သားလတ် ဘာလုပ်မယ်ဆိုတာ သူသိပြီးသားပါ။

"သားလတ် အိမ်ထဲဝင်တော့"

အဘော အိမ်ထဲကိုဝင်သွားတော့မှ. . .

"သားလတ်လည်း သမီးကြီးလို ဆင်းရဲဖာတာပါတယ် ထင်ပါရဲ့ကွယ်"

ဦးစန်းအောင် မျက်ရည်တွေဝေ့လာ၏။ သူက သားသမီးတွေအတွက် တာဝန်မယူနိုင်တော့ဘူးထင်ပါရဲ့။ သမီးကြီးတစ်ယောက်တည်းနဲ့ ဒီမိသားစုရဲ့စားဝတ်နေရေးကို ဘယ်လိုတာဝန်ယူမလဲ။

သူ့ရောဂါက ကျောက်ကပ်တွေသုံးလို့မရအောင် ပျက်စီးနေပြီတဲ့။ ဒါ ပေပေတေတေနေခဲ့ခြင်းရဲ့ရလဒ်ပေါ့။ ရောဂါဝေဒနာကို ခံစားနေရသည့်တိုင် သားသမီးတွေရဲ့ စားဝတ်နေရေးအတွက် ပေတေပြီး ရုန်းကန်နေခဲ့တာ။ အခုတော့. . .

☆ ☆ ☆



## အခန်း (၇)

''ဟိတ်!''

''အမေ့!''

နောက်ကနေ လိုက်လာပြီး ကြိမ်လက်ဆွဲခြင်းလေးကို သွားတဲ့လက်ကြောင့် အဝတ ကမန်းကတန်းလှည့်ကြည့်လိုက် သည်။

''ဟင်! နင် ဟိုကောင်လေး''

''အမယ်! နင်က အသက်ဘယ်လောက်ကြီးနေလို့ ငါ့ ဟိုကောင်လေးလို့ခေါ်တာလဲ''

''နာမည်မသိလို့ ခေါ်တာပေါ့''

''ငါ့နာမည်က ရတုဆက်သွင်၊ နင့်နာမည်ကကော''

အတာ ကောင်လေးကို မျက်စောင်းထိုးပစ်လိုက်၏။ သူက ဘာလို့ အတာ့ကိုလာရောနေတာလဲ။ မဆီတာနဲ့ မဆိုင်တာကို သူနဲ့တွေ့ရတာ ဒါနဲ့ဆို သုံးခါရှိပြီ။

"ဘာလို့မေးနေတာလဲ"

"သိချင်လို့ပေါ့ဟ"

"ဘာလို့ပြောရမှာလဲ၊ မပြောဘူး"

"အဟဲ. . . ငါကတော့ ပြောပြီးသွားပြီ၊ နင်က ဘာလို့ မပြောချင်တာလဲ။ ငါကခင်လို့ မေးတာကို"

"ခင်ရအောင် နင်က ဘုရားဖူးလာတဲ့ဧည့်သည်မဟုတ်လား။ လုပ်မနေနဲ့၊ အချိန်တန်ရင် ပြန်သွားမယ့်သူကို ငါ သူငယ်ချင်းမလုပ်နိုင်ဘူး"

အတာ လှည့်ထွက်မည်လုပ်တော့. . .

"ဟာ. . . ဟေ့! နေပါဦး"

အတာလှည့်ကြည့်ပြီး စိတ်မရှည်သောအသံနှင့်. . .

"ဘာလဲ"

"နာမည်မပြောလည်းရပါတယ်၊ နင့်ပုံစံကို ခွေးချီသွားတောင် ငါမှတ်မိနေမှာ"

"အမယ်!"





"ငါက ရန်ကုန်ကလာတာ၊ မနက်ဖြန်ပြန်တော့မှာလေ"

"နင့်ကို ဘယ်သူက မေးနေလို့လဲ"

ရတုက ခေါင်းကုတ်၍ရယ်လေသည်။ သူက သူ့ဌေး...းဆိုပေမယ့် ဘာမာနမှမရှိပေ။ လှုတိုင်းကိုလိုက်ပြီး ဖော်ရော...င်ချင်တာမျိုးလည်းမဟုတ်။ သူမြင်လိုက်တိုင်း ဒီကောင်မလေး...ကြော်ကြော်အော်ပြီး တစ်ခုမဟုတ်တစ်ခု ရောင်းနေတာ။

ပထမရက်တွေကတော့ မြင်ရင်ကြည့်ရုံပဲကြည့်နေခဲ့တာ၊ ...က်မှသနားပါတယ်လို့တွေးမိရင်း ခင်ချင်လာတာပါ။ မြင်ဖန်...းလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။

"ဟိုလေ. . . အဟဲ! နင်မမေးလည်း ငါ့ပါးစပ်ကပြော...င်နေတာ ဘာဖြစ်လို့လဲမသိဘူး"

"အဲဒါ ရှုးချင်လို့"

"နင်ကလည်းဟာ၊ ငါ့ဆိုရင် အကောင်းမပြောဘူး"

"ပြောမလား။ နင့်ကိုပြောနေရတာနဲ့ ငါဈေးရောင်းဖို့...ချိန်လင့်နေပြီ"

ရတုလက်က ဆွဲခြင်းကိုဆွဲယူလိုက်၏။

"ဘာလုပ်တာလဲ"

အတာ့အမေးကို ရတုက မဖြေ။ ဆွဲခြင်းထဲက ငုံးဥပြုတ်

ထုပ်တွေကိုပဲ ရေတွက်နေ၏။ သူဘာလုပ်မှာလဲဟု အတာ ကြည့်နေလိုက်၏။

"အားလုံးပေါင်း နှစ်ဆယ့်ခြောက်ထုပ်၊ အကုန်လုံး ဝယ်မယ်"

"အများကြီး နင်ဘာလုပ်ဖို့လဲ"

"ငါ့ဘာသာ ဘာလုပ်လုပ်ပေါ့၊ နင်ရောင်းလို့ကုန်ရင် တာပဲမဟုတ်လား"

"ပြီးတာပဲ"

သူဌေးသားတွေများ ငွေကိုရေလိုသုံးလေသလား တော့ပေ။ အတာ့ကို ကျရာအဖိုးရှင်းပေးမယ်ဆိုပြီး ငုံးဥထုပ် ကို လှုပြင်သမျှလိုက်ဝေပေးနေ၏။

အတာကတော့. . .

ကိုယ့်ပစ္စည်းရောင်းကုန်ရင်ပြီးတာပဲ၊ ထိုင်ကြည့်နေလို သည်။ သူပြန်လျှောက်လာတော့မှ. . .

"ပေး. . . ပိုက်ဆံ"

"ပိုက်ဆံလိုချင် ငါ့နောက်လိုက်ခဲ့"

"ဘာ!"

"ငါနင့်ကိုတကယ်ခင်ချင်လို့ပါဟာ။ အခု နင့်မှာ ရောင်





ဘာမှမရှိတော့ဘူးလေ။ ငါနဲ့နင် လျှောက်လည်ရင်း စကား ပြောရအောင်ဟာနော်"

အတာ တွေခနဲဖြစ်သွား၏။ သူက ငယ်သူငယ်ချင်းတွေ အတာ့ကိုရင်းရင်းနှီးနှီးဆက်ဆံနေတော့ အတာလည်း သူ့ကို င်မိသလိုပါ။ ဒါပေမဲ့. . .

"ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲ"

"နင့်ကို လူကြီးတွေ မာန်လိမ့်မယ်"

"မနက်ဖြန်ပြန်တော့မှာမို့လို့ လူကြီးတွေ တည်းခိုခန်းမှာ နားယူကုန်ပြီ၊ ငါသာ နင့်ကိုတွေ့ချင်လို့ ခြေဗွေပေါက်ပြီး ထွက် ာတာ"

"အေးလေ၊ နင်ဒီလောက်ခေါ်နေမှတော့ ငါလိုက်ခဲ့ပါ့ မယ်။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

အတာမပြောသင့်တာကို ဘယ်လိုပြောပြီး ဖြေရှင်းပြရ လဲ။ ကလေးတွေလို့ဆိုရပေမယ့် ဆယ့်သုံးနှစ်ကျော်ရုံအသက် ည် အချို့အမြင်မှာတော့ စိတ်ကစားသည့်အရွယ်၊ မိုက်ရူးရဲ နိုင်သည့်အရွယ်ဟု ဆိုကြ၏။

"ပြောလေ"

"မပြောတော့ဘူး"

"မပြောလည်းနေ၊ သွားမယ်"

ရတုက အတာ့လက်ကိုဆွဲ၍ခေါ်လာခဲ့တော့၏။ လျှော[illegible]
လည်ကြရင်း ဘုရားသမိုင်းကြောင်းတွေကို ရတုကမေး။ အတာ[illegible]
သူမ သိသလောက် ရှင်းပြနေလေသည်။

"နင်နဲ့ငါ ဒီလောက်ခင်သွားတာ နင့်နာမည်လေးတော[illegible]
ပြောသင့်ပြီနော်"

"နင်ပြန်ရင် မေ့သွားမှာကို ဘာလို့မေးနေသေးလဲ"

'မမေ့နိုင်ပါဘူးဟာ။ ပြောမှာသာပြောစမ်းပါ"

"ငါမယုံပါဘူး။ နင်နဲ့ငါက အဝေးကြီးကို။ ကြာသွား[illegible]
အတာဆိုတာ ကွယ်ပျောက်သွားမှာပါ"

"ဟာ!"

"ဘာလဲ"

ရတုကတော့ အတာ့မျက်နှာကို လက်ညှိုးထိုးလျက်

"နင့်နာမည် အတာ"

"အယ်. . ."

အတာ ပါးစပ်ကိုလက်နှင့်ပိတ်ပြီး ရတုကို ပြုံးကြောင်[illegible]





[illegible]ကြာင်လေး ကြည့်နေလေ၏။ မပြောဘူးလို့ငြင်းနေတဲ့ကြားက
[illegible] ပြောမိသွားပြီ။ အတာမျက်နှာလွှဲပစ်လိုက်၏။

ရတုက. . .

ဟိုဟိုဒီဒီလိုက်ကြည့်ရင်း အတန်ကြာမှ အတာ့ဘက်သို့
[illegible]လှည့်လာကာ. . .

"အတာ"

"ဟင်!"

"ဇော်ဂျီနဲ့ နဂါးမက အခြေအနေမတူဘဲ ဘာသာတွေ
[illegible] ဘာလို့သားသွားကြတာလဲ"

"ချစ်လို့ပေါ့"

ဘာရယ်မဟုတ်ဘဲနှင့် ကောက်ကာငင်ကာဖြေလိုက်တဲ့
[illegible]တာ့စကားကြောင့် ရတုပြုံးမိသွားသည်။ နင်ရယ်ငါရယ်ပြော
[illegible]ကြပေမယ့် ရတုက စိတ်ခံစားမှုနှင့် အချစ်ဆိုတာကို ခမ်းတမ်း
[illegible]တော့ သိနေပြီဖြစ်တဲ့အရွယ်ပါ။ ၁၅ နှစ်ဆိုတာ လူပျိုပေါက်စ
[illegible]လေးပေါ့။

အတာက သူ့ထက်ငယ်ပုံရပေမယ့် အသအခြေအနေ
[illegible]ရ လူကြီးလေးလို တွေးရင်းခေါ်ရင်း လူကြီးစိတ်ကလေး ဝင်
[illegible]ခဲ့ရသည်။ ရတုကို ကောင်လေးတဲ့။

"နင့်ကို ငါအမှတ်တရလက်ဆောင်တစ်ခုခု ပေးခဲ့ချင်
တယ် အတာ"

"မပေးပါနဲ့ မလိုချင်ဘူး"

"တစ်ခုခုတော့ ပေးခဲ့ပါရစေဟာ၊ ငါလည်း နင့်ဆီက
တစ်ခုခုလိုချင်တယ်။ ဘာဖြစ်လို့လဲမသိဘူး နင့်ကိုငါတအားခင်
သွားတာ။ နှစ်တွေကြာရင်တော့ မသိဘူးပေါ့ဟာ။ နင့်ကို ငါတော်
တော်နဲ့မေ့လို့မရမှာတော့ သေချာတယ်။ ငါ ဒီကိုတစ်နေ့နေ့တော့
လာဖြစ်ဦးမလားမသိဘူး။ အဲဒီအခါကျ တို့က လူကြီးတွေဖြစ်နေ
မှာ ခုလိုတွေ့ကြပါ့မလား။ တွေ့ရင်တောင် နင် ငါ့ကိုမှတ်မိမှာ
စိုးတယ်"

"မှတ်မိစေချင်ရင် တစ်ခုခုအမှတ်အသားလုပ်သွားပေါ့"

"ကောင်းသားပဲ၊ နင်လည်းအမှတ်အသားတစ်ခုခုလုပ်
မကောင်းဘူးလား"

"မကောင်းဘူး၊ အမှတ်အသားကိုကြည့်ပြီး နင့်ကိုသတိ
ရနေရင် အလုပ်လုပ်တဲ့နေရာမှာ နှောင့်နှေးမယ်။ အချိန်ပုပ်မယ်"

"ရပါတယ်"

ရတုက ဘယ်သွားသွား ဘယ်လာလာ သိချင်တာလေး
တွေကို မေ့မသွားအောင် စာအုပ်ထဲမှာရေးပြီး မှတ်သားတတ်





ရှိတော့၊ စာအုပ်သေးသေးလေးနှင့် ဘောလ်ပင်တစ်ချောင်း
အမြဲပါသည်။ ဘောလ်ပင်ကရော စာအုပ်ပါက ဘောင်းဘီ
ထဲထိုးထည့်လို့ရသည့် အတိုနှင့်အသေးပါ။

"ရော့! ကိုင်"

ရတုက ဘောလ်ပင်လေးကို အတာ့လက်ထဲသို့ ထည့်
၏။

"ဘာလုပ်ရမှာလဲ"

"ငါ့လက်မှာ 'အတာ'လို့ နင်ကိုယ်တိုင်ရေးပေး။ ဒီနေ
မှာလေ"

ရတုက အတာ့ဒူးအပေါ်သို့ သူ့လက်ကိုတင်လိုက်ကာ
က်ကောက်ဝတ်အထက် အတွင်းဘက်ကို လက်ညှိုးထိုးပြသ၏။

"ရေးပြီး ပျက်သွားမှာကို"

"ငါ့မှာ မပျက်အောင်လုပ်တဲ့နည်းရှိတယ်။ ရေးမှာရေး"

သူခိုင်းတဲ့အတိုင်း အတာ ကိုယ့်နာမည်ကို လှလှလေး
ပ်အောင် လက်ကိုထိန်း၍ ချိန်ဆပြီးရေးနေတုန်းမှာ. . .

ရတုက အတာ့မျက်နှာကိုစိုက်ကြည့်နေ၏။ အတာ့မျက်
လေးကို သူအလွတ်ကျက်နေတာလေ။

"ပြီးပြီ"

“နင့်ဆံပင်တွေက အရှည်ကြီးပဲနော်၊ ငါမှတ်မိအောင် နင်ဖြတ်မပစ်နဲ့သိလား။ မိန်းမတို့ဘုန်း ဆံထုံးတဲ့”

“နင်ယူမယ့်မိန်းမကျရင် ဆံပင်ရှည်တဲ့သူရှာပေါ့။ ငါက အာမမခံနိုင်ဘူး။ ဖြတ်ချင်ဖြတ်မှာ”

အတာက ဘာရယ်မဟုတ် ပြောတာပေမယ့်. . .

“ငါလည်း ဆံပင်ရှည်တဲ့မိန်းမကို ရှာယူမယ်။ နင်လည်း ဆံပင်မဖြတ်နဲ့။ နှမြောစရာကြီး”

“အံမယ်! သူက ငါ့အဖေကျနေတာပဲ”

“နင်သာ ငါ့သမီးဆို ခုလိုဘယ်ဈေးရောင်းခိုင်းပါ့မလဲ”

“ငါ့အဖေက နေမကောင်းလို့ပါဟယ်၊ ပြီးတော့ ဆင်းရဲတာကိုး”

“ဟင်! နင့်အဖေက နေမကောင်းဘူးလား။ နင့်အမေ ကကော”

“ငါ့မှာအမေမရှိတော့ဘူး ရတုရဲ့။ မောင်နှမသုံးယောက် ထဲမှာ ငါက အကြီးဆုံး။ အဖေနေမကောင်းတော့ အားလုံး ငါ့တာဝန်ပေါ့”

အတာ့အပေါ်မှာ ရတု အရင်က သနားမိတာထက် ပိုသွား၏။ ကရုဏာမျက်ဝန်းတွေက အတာ့မျက်နှာလေးပေါ်မှာ





သံလိုက်လို ကပ်ငြိနေ၏။ အရွယ်နှင့်မလိုက်အောင် မိသားစုရဲ့ တာဝန်ကို ရွက်ပိုးနေရတာပါလား အတာရယ်။

ဒါကြောင့်. . .

အတာ့ပုံစံလေးက လူကြီးလေးလို ရင့်ကျက်တည်ငြိမ် နေတာကိုး။

“နင် အရမ်းပင်ပန်းမှာပဲနော် အတာ”

“ဝမ်းရေးအတွက် ပြေးလွှားနေရတဲ့အချိန်မှာ ပင်ပန်း တယ်လို့ညည်းဖို့တောင် အချိန်မရပါဘူး ရတုရယ်”

ရတု သက်ပြင်းလေးချပြီး တစ်ခုခုကို လေးလေးနက် နက်စဉ်းစားနေပုံရသည်။

“နင် ဒီမှာခဏနေခဲ့ဦး အတာ။ ငါမကြာဘူး. . .ပြန် လာခဲ့မယ်”

ရတု ဈေးတန်းဘက်သို့ပြေးသွားပြီး အလှကုန်ဆိုင်မှာ အပြာရောင်ပန်းစီလက်စွပ်လေးနှစ်ကွင်းကို ဝယ်လိုက်၏။ သူလုပ် နေတာသည် သူ့အဓိပ္ပာယ်နှင့်သူ။

လက်စွပ်လေးနှစ်ကွင်းကို လက်ထဲမှာအုပ်လို့ အတာ့ ဆီသို့ ပြန်လာခဲ့တော့. . .

“ဘာသွားဝယ်တာလဲ”

"ဒီမှာကြည့်"

ရတု အုပ်ထားတဲ့လက်ကိုဖြန့်ပြလိုက်တော့ လက်ဝါးပေါ်မှာ ပုံစံတူအရောင်တူပြီး အရွယ်အစားမတူညီသော အပြာရောင်ဖန်လက်စွပ်ကလေးနှစ်ကွင်းရယ်ပါ။

"အဲဒါဘာလုပ်ဖို့လဲ"

"နင်တစ်ကွင်း ငါတစ်ကွင်းဝတ်မယ်လေ"

ပြောရင်း အတော့လက်ချောင်းလေးကိုဆွဲယူပြီး ရတုက လက်စွပ်ကလေးကိုဝတ်ပေးလိုက်တော့ အပိုအလိုမရှိ ကွက်တိပါပဲ။ ရတုမှန်းကြည့်ပြီး ဝယ်လာတာပေမယ့် အဆင်ပြေသွားတော့ ပီတိဖြစ်သွား၏။ သူ့အတွက်ကတော့ ဝတ်ကြည့်ပြီးမှ ဝယ်လာတာ။

"ရော့! နင်ကိုယ်တိုင် ငါ့လက်မှာဝတ်ပေး"

"နင်ကလည်း ဘာတွေကြောင်မှန်းမသိဘူး"

"ကြောင်တာမဟုတ်ဘူး။ ငါလုပ်တာ အဓိပ္ပာယ်ရှိတယ်"

"ဘာလဲ"

"ဝတ်ပေးလေ၊ ပြီးရင်ပြောပြမယ်"

အတောက လက်စွပ်လေးကိုယူ၍ ရတုလက်မှာဝတ်ပေးလိုက်သည်။ ရတုက သူ့လက်ကလေးကိုထောင်ကြည့်ပြီး ပြုံးလေ





။ အချိန်တိုအတွင်းလေးမှာ ဆုံးဖြတ်လိုက်တဲ့ကိုယ့်ဆုံးဖြတ်ချက်န်မှန်မှားမှား ရတု ဘယ်တော့မှနောင်တရမှာမဟုတ်ပေ။

ဘာဖြစ်လို့လဲဆိုရင် လူတိုင်း သူ့နဲ့တန်ရာတန်ရာတွေးဘာယူဆချက်ဆိုတာရှိသည်လေ။ ကလေးကလည်း ကလေးအတွေး၊ လူပျို့ပေါက်စကလည်း လူပျို့ပေါက်စရဲ့အတွေးနဲ့ပေါ့။

"အပြာရောင်ဆိုတာ တည်ကြည်ခြင်း၊ သစ္စာရှိခြင်းပဲအတာ"

"နင်ဘာပြောတာလဲ"

"ဒီလက်စွပ်နှစ်ကွင်းက စေ့စပ်လက်စွပ်လို့ ငါသဘောထားတယ်။ နင်လည်း အဲဒီလိုပဲသဘောထား"

"ဘာ!"

"ငါပညာစုံတဲ့အခါ နင့်ကိုလာရှာမယ်။ ငါကြီးလာရင်နင့်ကိုလက်ထပ်မယ်။ နင်သစ္စာရှိရှိနဲ့ ငါ့ကိုစောင့်နေပါအတာ။လည်း နင့်အပေါ်သစ္စာရှိနေမယ်"

"နင်ဘာတွေပြောနေတာလဲ ရတု၊ ဒါ တို့အရွယ်တွေပြောရမယ့်စကားမဟုတ်ဘူး"

"ဘယ်အရွယ်ပဲဖြစ်ဖြစ်ပေါ့ဟာ၊ ပြောခွင့်ရှိနေတာပဲ။ ငါပြောတာကိုပဲ နင်မှတ်ထား။ ငါ လာရှာလို့တွေ့တဲ့အခါမှာ နင်

ယောကျ်ားရနေလို့ကတော့ နှစ်ယောက်စလုံး သတ်ပစ်မယ်''

''ဟယ်!''

ရတုကိုကြည့်ပြီး အတာအံ့သြလို့မဆုံးနိုင်။ ဒီစကားပြော ပါလားရယ်လို့ ရင်ခုန်ရမှန်းမသိ။ ရှက်ရမှန်းမသိ ကြောက်ရမှန်း မသိသေးသည့်အရွယ်မို့ သူပြောတာဟုတ်မှဟုတ်ပါ့မလားဆိုပြီး မယုံသင်္ကာမျက်ဝန်းလေးနှင့်သာ တွေတွေကလေးဖြစ်နေလေတော့ မဖြစ်နိုင်တာ ဖြစ်နိုင်တာကိုလည်း မတွေးတတ်သေးတော့. . .

''ငါပြောတာကြားသလား အတာ၊ ငါ့ကိုယူမှ နင်ချော မရောင်းရမှာ''

''ငါ့မှာ မောင်လေးတွေရှိသေးတယ် ရတုရဲ့''

''သူတို့က ယောကျ်ားလေးတွေပဲ၊ ကြီးလာရင် ကိုယ့် အားကိုယ်ကိုးကြပေါ့''

သူပြောတော့ ဂုက်ပျောသီးအခွံနွှာစားသလို လွယ်လွယ် လေးပါလား။

''နင့်မိဘတွေက သဘောတူမလားဟဲ့''

''မတူရင် ခိုးပြေးမှာပေါ့''

''အဲယ်. . .''

''မှတ်ထားနော်၊ နင်နဲ့ငါ ရည်းစားဖြစ်သွားပြီ''





''အယ်. . . မဟုတ်က ဟုတ်က''

''ဟုတ်ကမယ်လေ၊ ကျိန်ပြီး စေ့စပ်လက်စွပ်နဲ့ မှတ်ထား ဘာပဲ။ တကယ်ဖြစ်မှာက တို့ကြီးလာမှလေ''

ရတု လက်ကနာရီကို ငုံ့ကြည့်ပြီး. . .

''နင်ပြန်ချင်ပြန်တော့ အတာ''

''အင်း''

အတာ ထရပ်လိုက်တော့. . .

''ငါမှာတာတွေ မမေ့နဲ့နော်။ ငါတကယ်ပြန်လာမှာ သိ သား''

''အေးပါ''

ပြောပြီးလှည့်ထွက်သွားတဲ့ အတာ့ကျောပြင်ကိုငေးကျန် ခဲ့ရင်း ရတုရင်ထဲမှာ ဘာလိုလိုကြီးနှင့် ဘာလိုသွားမှန်းမသိ။

ဒီအရွယ်တွေရဲ့ရင်ထဲမှာ အချစ်ဆိုတာ မရှိရဘူးလား။ မြစ်ပြီး ခရမ်းပျိုးကြည့်တာဆိုရင်တောင် ရတုကတော့ ပထမ သုံးပေါက်လာတဲ့ခရမ်းပင်လေးကို နှလုံးသားတည့်တည့်မှာ ရွှေ က်ပြီး သံယောဇဉ်အူးခက်တွေနှင့် ကာရံထားမည်ထင်ပါရဲ့။

☆ ☆ ☆



## အခန်း (၆)

ကြာပြီ မေ့မရနိုင်သူအဖို့တော့ မနေ့ကလိုပဲထင်သည် ဆိုသလို နှစ်ကာလတွေ ကြာမြင့်ခဲ့ပေမယ့် ရတုဆက်သွင်ရဲ့ရင် ထဲမှာ အတာရှိနေဆဲ၊ အတာ့ကိုလွမ်းနေဆဲပါ။ ငယ်ငယ်ကပြော ဖူးသောစကားသည် ယခုထိတိုင် စွဲမြဲလို့ အမှတ်ထင်နေဆဲပါ။ သတိရတိုင်း လက်မှလက်စွပ်ကလေးနှင့် အတာဆိုတဲ့စာလုံးလေး ကို ကြည့်မိတာ ခဏခဏပါ။

လက်စွပ်ကလေးက အရောင်ပြယ်သွားပေမယ့် အတာ ဆို့ ထက်တူးထိုးထားတဲ့စာလုံးကလေးကတော့ သေရာအထိ ပါ သွားမှာပါ။

''ဟဲ့! ရတု''

"ဟင်"

"နင့်မှာလည်းနော်၊ တစ်နေ့ တစ်နေ့ ဒီလက်စွပ်ကိုကြည့် ရတာ အလုပ်တစ်ခု။ လှသာဆို အမြင်ကပ်လို့ နင့်မျက်လုံး ထိုးဖောက်လိမ့်မယ်"

"နင်မခံစားဖူးတိုင်း မပြောနဲ့ မိငွေ။ နင့်ကျရင် ငါ့ထက် နှစ်ဆပိုမှာသိလား"

"နင် ငါ့နာမည်ကို အဲဒီလိုမခေါ်နဲ့နော်"

"ခေါ်မယ်"

"ကောင်စုတ်"

ငွေ့ရည်ဖွဲ့ ထထုမယ်လုပ်တော့ ရတုက လက်ကာပြီး ပြေးတော့၏။

"နာမည်ကို မိထည့်ခေါ်တာလောက်. . . ဒေါသဖြစ်ဖို့ ကောင်းတာမရှိတော့ဘူး။ အရိုင်းအစိုင်းကောင်"

"နင်နဲ့တန်တာကို ခေါ်တာလေ"

"ရတု"

"ဘာလဲ"

"နင် ငါ့ကိုဒေါသဖြစ်အောင် မလုပ်နဲ့နော်၊ ညောင်မြစ် ကိုတူးဖော်ပြလိုက်မယ်။ ဘာမှတ်လဲ"





"ဖော်ပါလား။ ငါကအရွယ်ရောက်နေပြီ၊ ဘွဲ့လည်းရ ဟဲဟဲ. . . Never mind"

ရတုက စပ်ဖြဲဖြဲမျိုးမချည်မျက်နှာနှင့်မို့ ငွေ့ရည်ထဲမှာ ကလိ ခြစ်သွားသည်။ ညောင်မြစ်ဖော်ပြီး ပုတ်သင်ဥတွေပေါ်အောင် မယ်ဆိုတာက တမင်ပြောတာ။

တကယ်တမ်းမှာ. . .

မပြောရက်ပါဘူး။ ရတု အတာဆိုတဲ့နာမည်လေးကို မှာ တက်တူးထိုးထားတယ်ဆိုကတည်းက ရတုရဲ့ခံစားမှု အပေါ်ယံမဟုတ်တာ သိနေသည်။ ရတုနှင့်ငွေ့က ခြံချင်း သူငယ်ချင်းတွေမို့ အတာဆိုတဲ့နာမည်လေးသည် ငွေ့နားနှင့် နီးနေပါပြီ။

ဆယ်တန်းဖြေပြီးမှ ရတုနဲ့ငွေ့တွေ့ပြီး ခင်ကြတာဖြစ်ပေ တကယ့်ငယ်ပေါင်းကြီးဖော်တွေလိုပါ။ တိုင်ပင်ဖော်တိုင်ပင် ဖက်လည်း ဖြစ်ခဲ့ကြ၏။

ဒါကြောင့်. . .

ရတုအကြောင်းကို ငွေ့ အားလုံးသိနေခဲ့တာ။

"နင် မိထည်ပြီး နင့်နာမည်ကိုမခေါ်စေချင်ရင် နင် ငါ့ ကိုလိုခေါ်လေ"

ငွေ့က နှုတ်ခမ်းစူပြီး. . .

''ဘယ်လိုလဲ''

''မောင်လို့ခေါ်''

''ဘာ!''

''ခေါ်လေ''

''ကြည့်စမ်း! အသားယူတာ''

''ယူလို့ရတုန်း ယူထားတာလေ၊ နင်ယောကျ်ားရမှ
နိုင်းရင် ငါ့သွားတွေ ကျွတ်ထွက်ကုန်မှာပေါ့''

''အေး. . . နင် အသားယူထားပေါ့၊ ငါကလည်း
မိန်းမရမှ မင်္ဂလာဦးညမှာ နင့်မကောင်းကြောင်းတွေ ခုလိုအသ
ယူတဲ့အကြောင်းတွေ ပြောပစ်မယ်။ အဲဒါမှ ဟိုကစိတ်ကော
ပြီး အနားကပ်မခံမှာ''

ငွေ့က စကားနိုင်လုရင်းမှ ပြောမိပြောရာပြောလိုက်
ပြန်စဉ်းစားမိမှ 'အယ်'ခနဲဖြစ်သွား၏။ ရတုက တဟဲဟဲရယ်လ

''ပြောလေ၊ တို့နှစ်ယောက်ရှေ့ကို နင်ရောက်လာ
သတ္တိရှိရင်ပေါ့''

''ကောင်စုတ်''

''ဟား. . . ဟား''





''ဒီလောက်ရယ်နေတာ သွားပေါက်ချင်နေတယ်ထင်
ယ်''

ငွေ့မျက်နှာလေးရဲရဲနှင့်ပဲ မကျေမနပ်ပြောလေ၏။ တစ်
က်နဲ့တစ်ယောက် စနောက်နေတာနှင့်ပဲ လာရင်းကိစ္စကို မေ့
သည်။ ငွေ့တို့ညီအစ်မတွေ သူငယ်ချင်းတွေနှင့် ကျိုက်ထီး
ဘုရားဖူးလိုက်သွားမလို့ပါ။

အဲဒါ. . .

ရတု လိုက်ချင်မှာပဲဆိုတာသိလို့ ပြောမလို့ပါ။

''ငွေ့''

''ဘာလဲ''

''နင် ငါ့ဆီကိုလာတာ ပြောစရာရှိလို့ထင်တယ်''

''ဟုတ်တယ်၊ ဒါပေမဲ့ ပြောချင်စိတ်မရှိတော့ဘူး။ ဒီက
က်ထီးရိုးကိုဘုရားဖူးသွားမလို့ လိုက်မလားမေးမလို့ဟာကို''

''ဘာ! ဘယ်လို''

ပြောချင်စိတ်မရှိတော့ဘူးဆိုပြီး တစ်ခါတည်းပြောပြီးသွား
ကျိုက်ထီးရိုးဆိုတာနှင့် ရတုထိုင်နေရာကနေ စားပွဲပေါ်လက်
က်၍ မျက်နှာကြီး ငွေ့ရှေ့သို့ရောက်လာ၏။

ကျိုက်ထီးရိုးသွားချင်တာမှ ရတုတို့မြို့ထောက်တွေ ယား

ရွှေပဒေသာစာပေ

နေတာ ဘယ်လောက်ကြာပြီလဲ။ လက်မှာ တက်တူးထိုးထဲ့
နှင့်ပတ်သက်ပြီး ကြီးမေက ရိပ်မိသလိုရှိပြီး ကျိုက်ထီးရိုးသွ
ဆို လေသံတောင်မဟနှင့်တဲ့။ ဒါကြောင့် ရတုတာလုပ်သင့်သ
ကျိတ်ကြဲနေတာ ဘယ်လောက်ကြာခဲ့ပြီလဲ။

"နင်. . . နင်တကယ်ပြောတာလား ငွေ့"

"တကယ်ပေါ့၊ နင်လိုက်မလား"

"ဘယ်လိုမေးလိုက်တာလဲ ငွေ့ရာ၊ သွားချင်လွန်းလ
တစ်ပိုင်းသေနေပြီ။ ခက်တာက ကြီးမေ၊ ငါ့ကိုလွှတ်မှာမဟု
ဘူးဟ"

"ဒါများ"

ဒါများဆိုတဲ့စကားကြောင့် ရတု အားတက်သွား၏။
ဘယ်လိုအကြံထုတ်မလဲဆိုတာကို သိချင်နေသည်။

"လုပ်ပါဦး။ ငါ့ကိုအကြံလေးဘာလေး ပေးပါဦးဟာ"

"ဒါမျိုးတော့ အားကိုးတတ်သလား"

"သူငယ်ချင်းအချင်းချင်းတွေပဲဟာ၊ နင်ကလည်း"

ငွေ့က မျက်စောင်းထိုးလေသည်။ ရတုရဲ့မချိမချိ
က ချက်ချင်းပဲ တည်ကြည်ခြင်းသို့ကူးပြောင်းကာ၊ မျက်ဝန်း
အရောင်တွေတလက်လက်နှင့် မျှော်လင့်ချက်တို့နှင့်ပြည့်နှက်နေ





"ငွေ့"

"ပြောမယ်၊ နားထောင်"

"မြန်မြန်ပြောပါဟ၊ ငါသိချင်လှပြီ"

"နင်အရင်ဆုံး ကာကာ့ကိုနှုတ်ပိတ်ရမှာ"

"သူပါ ပါမှာလား"

"အေး"

"နင့်ညီမ သတ်စရှုးကို ငါကဘယ်လိုနှုတ်ပိတ်ရမှာလဲ"

"ဟိုကကြားလို့ ကြက်တူးရွေးအုပ် စပါးခင်းကိုတွေ့တာ
က် ဆိုးဦးမယ်"

ရတု သက်ပြင်းချလိုက်၏။ ကာရံ့ခွဲ့ကို ရတုက ကြည့်လို့
ာမဟုတ်ပေ။

"ထားပါတော့. . . အဲဒီကောင်မလေးကိုနှုတ်ပိတ်ဖို့ ငါ
ွမ်းကုန်ကြိုးစားမယ်။ ဆက်ပြော"

"နင့်ကြီးမေကို အထက်မြန်မာပြည်ဘုရားဖူးသွားမှာလို့
ပြောလေ။ ကျိုက်ထီးရိုးမပါဘူးလို့ပြော။ တို့နဲ့ဆို နင့်ကိုထည့်
ာ"

"ဘယ်လောက်ကြာမှာလဲ"

"ဆယ်ရက်လောက်ပေါ့"

"Ok!... ကြီးမေကို နင်ပါကူလိုက်ပေး"

ငွေ့က ခေါင်းလေးညိတ်ပြီး လက်ဝါးချင်းရိုက်လိုက် သည်။

"အဆင်ပြေရင်တော့ ကျေးဇူးမမေ့နဲ့"

☆☆☆



# အခန်း (၇)

"သမီးတို့ညီအစ်မနဲ့မို့လို့သာ ကြီးမေက ထည့်တာ။ မဟုတ်ရင် ဒီကောင့်ကို ကြီးမေစိတ်မချဘူး"

"စိတ်မချရအောင် ကျွန်တော်က ပုခက်ထဲက ကလေး မဟုတ်တော့တာ ကြီးမေရဲ့"

"ကိုယ့်အကြောင်းကိုယ်သိလေ။ မင်းကို တစ်ခါခေါ်သွား ပြီပါတယ်၊ တစ်ခါရောက်ရား အရှုပ်နဲ့မလိုက်အောင် ထွင်လာတဲ့ ဇာတ်လမ်းက ပြာပုံအိပ်ဖို့"

ရတု ပါးစပ်ပိတ်သွား၏။ မပိတ်ရင် ဖျစ်တောက် ဖျစ် တောက်အသံက နားထဲကို မသန့်အောင်ဝင်မှာ။ အိမ်မှာ ဖေဖေ နှင့်မေမေက အစ ကြီးမေရဲ့ညစာကိုလွှမ်းဆန်းခဲ့သူများ မဟုတ်လေ တော့ ကိုယ်ကလည်း ဒီပုတ်ထဲက ဒီပဲပဲဖြစ်ခဲ့သည်။

"ကဲပါ ကြီးမေရယ်၊ ငွေ့တစ်ယောက်ကျွံပါနေတာပဲ။

စိတ်ချပါ''

''အေး. . . ပြန်လာရင် ကြီးမေအတွက် သနပ်ခါးတုံး ဝယ်လာခဲ့နော်''

''ဝယ်ခဲ့မယ် ဝယ်ခဲ့မယ်၊ ကြီးမေသနပ်ခါးတုံးကို ခေါင်းခေါက်ရွေးပြီး လိမ်းလို့ရအောင်လေ''

''သနပ်ခါးတုံးကို ခေါင်းခေါက်ရွေးရင် ငါ့ကြီးမေ လက်နာမှာပေါ့ဟ''

ရတု ဖားရပြီလေ။ မဖားရင် လမ်းကြောင်းမပြောင်အောင် ဟိုပြောဒီပြော ပြောနေဦးမှာ။

''ကဲ! ရတု၊ သွားစို့''

ရတု ခရီးဆောင်အိတ်ကိုကောက်ဆွဲလျက်. . .

''ကျွန်တော်သွားမယ်နော် ကြီးမေ''

''ဒီတစ်ခါ ဘာသံမှမကြားချင်ဘူးနော်''

''စိတ်ချ''

ရတုက ငွေ့နောက်သို့ပြေးလိုက်သွားလေတော့ ယှဉ်တွဲသွားတဲ့နှစ်ယောက်ကိုကြည့်ပြီး ဒေါ်နွဲ့နွဲ့လှိုင်ပြုံးလိုက်မိသည်။ ဒီကလေးနှစ်ယောက်ကို အဆင်ပြေရင် လက်ထပ်ပေးဖို့ လူကြီးချင်းတွေ ကမ်းလှမ်းထားကြသည်ဆိုတာ။



## အခန်း (၈)

ငွေ့သူငယ်ချင်းတွေပါသည်ဆိုပေမယ့် ငွေ့သူငယ်ချင်းက နှစ်ယောက်တည်းပါ။ ဒရိုင်ဘာရယ်၊ ရတုရယ်၊ ကာရံရယ် ...မှ အားလုံးစုစုပေါင်း ခြောက်ယောက်။

ကားပေါ်ကဆင်းလိုက်သည်နှင့်. . .

''အစ်မတို့ အစ်ကိုတို့ ရေချိုးလို့ရတယ်၊ ထမင်းဝင်စား...ို့ရတယ်နော်။ အနားယူလို့လည်းရပါတယ်''

''ကတွတ်ယို. . . ကတွတ်ယိုတွေ့ရမယ်၊ ချိုတယ် မွှေး...တယ်၊ ရင်အေးတယ်နော်''

''ဆယ်မှုဆာ၊ ခါကြာ၊ အိကြာကွေး၊ သံကြားပလာတာ၊ ...ပလာတာ''

"ငုံးညှပ်ပြွတ်. . . ငုံးညှပ်ပြွတ်"

လူတွေ ရှပ်ယှက်ခတ်နေသလို ငှက်သည်တွေ၏အော် သံတွေကလည်း ဆူညံညံ။ အခြားဈေးသည်တွေအော်သံကို မသိလိုက်မသိဖာသာ ထားလိုက်လို့ရပေမယ့်၊ ငုံးညှပ်ပြွတ်ဆိုတဲ့ အသံကြောင့် ရတုမျက်ဝန်းတွေက ငုံးညှပ်ပြွတ်လို့အော်လိုက်တဲ့ အသံဆီကိုရောက်သွားသည်။

ဩော်. . .

ကောင်လေးပါလား။

"ဟဲ့! ရတု လာလေ။ ဘာကိုရပ်ကြည့်နေတာလဲ၊ အမေ အမောကလည်း ထူလိုက်တာ၊ တောသားကျနေတာပဲ"

"လာပါပြီဟာ"

"ယောက်ျားလေးဆိုပြီး အားကိုးရမလားမှတ်ပါတယ်။ နေရာတကာ နောက်ဆုံးက။ သေရင်တော့ နင်ရှေ့ဆုံးကဖြစ်မှာ သိလား"

"ပါးစပ်ပုပ်ကြီးနဲ့ဟာ၊ သွားရမယ့်လမ်းခရီးက တောင် ပေါ်ကို ကားနဲ့တက်ရမှာနော်။ နင့်ပါးစပ်က မဦးမချွတ်တွေမပြော နဲ့"

"ယောက်ျားကြီးဖြစ်ပြီး သူကပဲ ကြောက်နေသေးတယ်"





"ယောက်ျားကြီးကလည်း အသည်းငယ်တတ်တယ်လေ ာယ်"

ငွေ့သူငယ်ချင်းတွေကပါ ဝိုင်းစကြလေသည်။ ရတုက တော့ ခပ်တည်တည်ပါပဲ။ သူတို့ဘာတွေပဲပြောပြော ရတုနားထဲ ာတော့ 'အတု'ရဲ့ငုံးညှပ်ပြွတ်အော်ရောင်းတဲ့အသံလေးကိုပဲ ကြား ယောင်နေ၏။

ငယ်ငယ်တုန်းက ပြောခဲ့မိသည့်စကားကို. . .

ရတုက အသည်းထဲစွဲအောင်မှတ်ခဲ့သူ။ ပြောခဲ့တုန်းက အချစ်ဆိုတာကို ဘာမှန်းမသိသေးဘဲ သနားစိတ်နှင့် သံယောဇဉ် ကို အခြေခိုက်ခဲ့တာပေမယ့် ယောက်ျားဆိုတာ ကတိတည်ရတယ် လေ။

ငါ ကျိုက်ထီးရိုးတောင်ခြေကိုရောက်နေပြီ အတု။ ငါ့ ရင်ထဲမှာ ဟိုတုန်းကအတိုင်း ဘာမှပြုပြင်ပြောင်းလဲခြင်းမရှိနဲ့ပဲ ရောက်လာခဲ့တာပါ။ နင်ကကော ဘာတွေများပြောင်းလဲနေမလဲ။

"ရတု"

"ဟင်"

"ဒီမှာမေးနေတယ်လေ"

"ဘာလဲ"

''စိတ်နဲ့ကိုယ် မကပ်ဘူးထင်ပါတယ်ဟယ်''

''ဘာစားမလဲ၊ ဘာသောက်မလဲလို့ မေးနေတာ''

''နင်တို့အဆင်ပြေသလိုပဲမှာပါ''

စကားတပြောပြောနှင့် စားသောက်နေသည့်အထဲမှာ ရတုက ဘာစကားတစ်ခွန်းမှမဆိုဘဲ ငြိမ်နေသည်။ ဒရိုင်ဘာကိုရဲထွန်းကလည်း စကားနည်းသူ။

ရတု ကိုယ့်လက်သူကြွယ်က လက်စွပ်ကလေးဆီသို့ အကြည့်ရောက်သွား၏။ နှစ်တွေအကြာကြီး မကျိုးမပဲ့အောင် ထိန်းသိမ်းလာခဲ့ရတာ အရောင်လေးပင် မှိန်နေပြီလေ။

အဘာကကော သူ့လို ရှိရှိသေသေထိန်းသိမ်းထားပါ့မလား။ သူ့လိုကော သစ္စာရှိစွာနဲ့ စောင့်နေပါ့မလား။

''ဦးရဲထွန်း ဒီမှာနားဦးမလား။ ပြန်မှာလား''

''ပြန်မယ်လေ၊ ကလေးတို့ပြန်မယ့်ရက်မှာ ဦးလေးကို ဖုန်းဆက်လိုက်ပေါ့''

''ကောင်းပြီလေ. . . မေမေ့ကိုပြောလိုက်ဦးနော်၊ ဒီမှာ ယောက်ျားလေးအဖော် ရတုဆက်သွင် ပါတယ်၊ ဘာမှစိတ်မပူနဲ့လို့။ မေမေက မိန်းကလေးတွေချည်းပဲဆိုပြီး စိတ်မချဖြစ်နေတာ''





''ဦးလေးပြောလိုက်ပါ့မယ်''

စားသောက်ပြီးကြတာနှင့် ခရီးဆောင်အိတ်တွေကိုဆွဲပြီး တောင်တက်ကားတွေဆီသို့ လာခဲ့ကြသည်။ သူတို့တက်သည့်ကားပေါ်မှာ လူမပြည့်သေးတာနှင့် စောင့်နေရသေး၏။

တစ်တန်းကို လူခြောက်ယောက်စီးရမှာ သူတို့အဖွဲ့က ငါးယောက်ဆိုတော့ တစ်ယောက်လိုနေသေးသည်။ နောက်မှ အသားဖြူဖြူနှင့် ကောင်လေးတစ်ယောက် ပြေးတက်လာ၏။ ငွေ့ဘေးမှာဝင်ထိုင်လိုက်သည်မို့ ငွေ့ကိုယ်လေးကျုံ့သွားသည်။

''ရရဲ့လားမသိဘူး''

''ရပါတယ်''

''မရလည်း ခဏတော့သည်းခံပေးပါနော်''

ရတုက ဟိုဘက်အစွန်ဆုံးမှာ။ ပြုံးစိစိနှင့် ငွေ့ကိုလှမ်းကြည့်နေတော့ ငွေ့မလုံမလဲဖြစ်သွား၏။ ကားထွက်တော့မှပဲ စိတ်သက်သာရာရသလို ငွေ့သက်ပြင်းချလိုက်သည်။

တောင်ဆင်းတောင်တက်တွေက ဝေ့ခနဲဝိုက်ခနဲမို့ ရင်ထဲမှာ အေးခနဲအေးခနဲဖြစ်သွားပြီး ငွေ့ တစ်ခါတစ်ခါမျက်စိပင် မှိတ်ထားမိ၏။

''မိုးကုတ်စက်ဝိုင်းအောက်မှာ ခါဦးမိုးတို့ အကြိမ်ကြိမ်

**ပြီ× × × ဝါဆိုဝသာန်မိုးသည်းရင် ငိုမိတယ်× × × တို့နှစ်ယောက်**
**အတူဖူးခဲ့တဲ့ ကျိုက်ထီးရိုးဘုရားဆံတော်ရှင်× × ×**

**စေတီမှာ တို့ တစ်နှစ်တစ်ခါဆုတောင်းတယ်× × × လွမ်းဆွေးခြင်းဝဋ် တပည့်တော်ကျေပါရစေ× × ×**

တောင်ပေါ်မှခြေလျင်ဆင်းလာသော ကောင်လေးတစ်သိုက်၏သီချင်းအော်ဆိုသံကြောင့် ငွေ့မျက်လုံးကိုဖွင့်ကြည့်လိုက်သည်။ တောင်ဝှေးကိုလက်မှကိုင်၍ ဆင်းသူကဆင်း။ လူငယ်တွေကျတော့ ကျောပိုးအိတ်ကလေးတွေကိုယ်စီနှင့်။

သီချင်းကို ငွေ့တို့ကားပေါ်က ကောင်လေးတွေပါ ဆက်ဆိုကြပြီ။

**သမုဒယချစ်ခြင်းဖွဲ့နှောင် ဒီမိုးသည်းထဲ အတူတူမျှော်ရင်ခုန်ခဲ့သော လဝါဆိုမိုးရယ်× × ×**

"ဝေး. . . ဟေး"

"တို့ကတော့ ပြန်ပြီဟေး. . . တာ့တာ"

"တို့က အခုမှသွားမှာဟေ့"

ခြေလျင်ဆင်းလာသူတွေနှင့် ကားပေါ်ကလူတွေမှာ မသိကြပါဘဲ ဒီနေရာမှာလာပြီး နှုတ်ဆက်နေကြ၏။ ပျော်စရာကောင်းလိုက်တာ။ အပြန်မှာ ငွေ့တို့လည်း ခြေလျင်ဆင်းမလားလို့တွေး





နေတုန်း. . .

"မငွေ့"

"ဟင်"

"အပြန်ကျရင် ကာရံတို့လည်း ခြေလျင်ဆင်းကြမယ်နော်။ ပျော်စရာကောင်းလိုက်တာ"

"ငါလည်း အဲဒါပဲတွေးနေတာ"

ကားက တုံ့ခနဲရပ်သွားလေသဖြင့် စကားသံတွေ တိတ်သွား၏။

"လင်းဥက္ကာ"

"သိတယ်"

လင်းဥက္ကာလို့ခေါ်သံနှင့်အတူ သိတယ်လို့ အသံပြန်ပေးပြီး ထရပ်လိုက်တာ ငွေ့အနားက ကောင်လေးပါ။ ကောင်လေးကားပေါ်ကဆင်းသွားတာကို လိုက်ကြည့်ရင်း ကာရံက. . .

"လင်းဥက္ကာတဲ့၊ နာမည်လေးက မိုက်တယ်"

ငွေ့မျက်စောင်းထိုးလိုက်တာတောင်. . .

"လူလေးကလည်း ချောတယ်"

ဆက်ပြောဖြစ်အောင်ပြောလိုက်တဲ့ ကာရံ့ခေါင်းကို ငွေ့ခေါက်လိုက်၏။

''အား. . .''

''ဘာဖြစ်တာလဲ''

''ဟင့်အင်း''

ဟိုဘက်ကလူတွေမေးတာကို ခေါင်းသာခါပြပြီး မျက်နှာလေးမဲ့သွားတဲ့ကာရံကို ငွေ့ ဒုတိယပို မျက်စောင်းထိုးလိုက်မိတော့၏။

☆☆☆



## အခန်း (၉)

''ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား အကာ''

''အဆင်မပြေစရာဘာရှိလဲ မမရယ်။ သူတို့က ပေးမယ်င်လို့သွားတာပဲဥစ္စာ။ အမေ့ကို အဖေနဲ့ယူလို့ သဘောမတူတာစ်ထားကြတာကလွဲရင် ဘွားဘွားကျန်ခဲ့တဲ့ခြံလေးက အမေည်းဆိုင်တယ်တဲ့''

အတာတို့အမေက ကျိုက်ထိုဇာတိပါ။ ဆင်းရဲတဲ့အဖေယူလို့ ပစ်ထားကြတာတဲ့။ အမေကလည်း မာနကြီး၏။ အမေသာတောင် အမေ့ဆွေမျိုးတွေကို မလွှဲသာလို့ အကြောင်းားတာတဲ့။

အမေတို့က မချမ်းသာပေမယ့် အိမ်ပိုင်ခြံပိုင်လေးနှင့်

ပြေပြေလည်လည်လေးတော့ ရှိသည်တဲ့လေ။

အခု. . .

အဘွားဆုံးလို့ အိမ်နဲ့ခြံကိုရောင်းပြီး အကာတို့ကို ရှာ

သလောက် အမွေခေါ်ပေးတာပါ။

"အကုန်လုံးကြည်ဖြူကြရဲ့လား အကာ"

"ဦးလေးကတော့ သိပ်ပေးချင်ပုံမပေါ်ဘူး။ ဦးကြီး

အမွေဆိုတာ စားထိုက်မှစား စံထိုက်မှစံရတာ။ အဘွားမှာ

သမီးသုံးယောက်ရှိတာ ညီတူမျှတူပဲတဲ့။ အမေက သက်ရှိ

ရှားမရှိတော့လို့ မပေးချင်ရင်တောင် မြေးဦးက အမွေရထိုက်

မြေးဦးဖြစ်တဲ့ အတာ့အတွက်ပေးရမယ်ဆိုပြီး ပေးလိုက်တာ"

"ဘယ်လောက်ပေးလိုက်လဲ"

"ဆယ်သိန်း"

အတာ့ရင်ထဲမှာ လှိုက်ခနဲဝမ်းသာသွားရှာ၏။ ငွေ

တာ သည်းခြေကြိုက်လေ။

ဒါပေမဲ့. . .

အတာကြိုက်လိုက်တာသည် စားဝတ်နေရေးအတွ

မဟုတ်ပါ။ အပုံ့ရဲ့ကျောင်းစရိတ်အတွက်။ အပါက စာတော်

စာတော်လို့ပဲ ရည်ရွယ်ချက်တွေ မျှော်လင့်ချက်တွေကို မွေ





နံကုန်က အသိတစ်ယောက်အိမ်မှာနေပြီး ကျောင်းသွားတက်

ကိုးတန်းနှစ်ကတည်းက။

ဆရာဝန်ဖြစ်အောင် ကြိုးစားမယ်တဲ့။

တကယ်လည်းကြိုးစားသူမို့ ဆယ်တန်းကို ဂုဏ်ထူးတွေ

အပါ အောင်ခဲ့သည်။ ဆေးကျောင်းတက်ရမည်ဆိုတော့ ငွေ

ဖြစ်မှာ။

"ဒီငွေတွေကို အပုံ့ဆီပို့ပေးမှာမဟုတ်လား မမ"

"ဒါပဲပေါ့အကာရယ်၊ ရှိတုန်းပေးထားလိုက်။ ဒီငွေထဲ

ဘို့ တစ်ပြားမှမသုံးဘူး။ သူလည်းကလေးမှမဟုတ်တော့တာ။

သက်ထဲရောက်မှ သူ့ဘာသာချင့်ချိန်ပြီး သုံးလိမ့်မယ်ပေါ့"

"ကျွန်တော်စဉ်းစားတာက အပုံ့ဆီပို့တာလည်းပို့ပေါ့။

ငွေလေးနဲ့ အရင်းအနှီးလုပ်ပြီး လုပ်ငန်းလေးတစ်ခုခု လုပ်ရင်

ကောင်းမလားလို့"

"နင်က ဘာလုပ်ချင်လို့လဲ အကာ"

"မမလည်း ကျွန်တော်တို့ကို အစ်မကြီးအမိအရာဆိုပြီး

ကျွေးမွေးခဲ့ရတာ ပင်ပန်းလှပါပြီ။ သူများအထုပ်တွေချုပ်

အချုပ်သည်မ မလုပ်ပါနဲ့တော့မရယ်။ အလှကုန်ဆိုင်လေး

ဖွင့်ပါလား"

အတာ တွေခနဲဖြစ်သွား၏။ အကာပြောတာက အ
ကိုပင်ပန်းမှာစိုးလို့တဲ့။ သူကကော ဘာထူးလို့လဲ။ ဆယ်တန်း
ရောက်ခါမှ ကျောင်းဆက်တက်ခိုင်းတာ ဘယ်လိုမှတက်နိုင်
မရတော့ပေ။ အဖေဆုံးပြီးကတည်းက အတာပင်ပန်းကြီးစွာ
ကိုရုန်းကန်ရင်း မောင်နှစ်ယောက်ကို ကျောင်းထားပေးခဲ့တာ
အပါက စာကိုသာကြိုးစားဂရုစိုက်သင်ပြီး အကာ
တော့ ကျောင်းလည်းတက် အားတဲ့အချိန်လေးရတိုင်း အ
မသိအောင် ဇင်ကိုနှင့်အလုပ်တစ်ခုမဟုတ် တစ်ခုလိုက်လုပ်
အတာ့ကိုပိုက်ဆံအပ်မှ သူဘာလုပ်တယ်ဆိုတာ အတာသိ
ဖြစ်သည်။ မလုပ်ပါနဲ့ပြောလို့လည်းမရ။

အတာဒေါသဖြစ်လို့ ရိုက်လည်းရိုက်တာပဲရှိသည်။
ပင်ပန်းတာကိုမကြည့်ရက်ဘူးဆိုပြီး တုတ်အောက်က ခုန်ထ
ထွက်ပြီး အလုပ်ပဲလုပ်ချင်နေတော့ နောက်ဆုံး အတာပဲအရှုံး
လိုက်ရသည်လေ။

"နော်. . .မမ"

အတာ သက်ပြင်းလေးချလိုက်ပြီး. . .

"ဒါဆို နင်လည်း အိုထမ်းသမားမလုပ်နဲ့တော့လေ

"မလုပ်တော့ပါဘူး"





"ဘာလုပ်မလဲ"

"ဆေးမြစ်တူးမယ်"

"ဟယ်!"

သူ့ကျတော့ ဆေးမြစ်တူးမယ်တဲ့။ ဆေးမြစ်တူးကကော
ထဲတောင်ထဲသွားတူးရတာ မပင်ပန်းလို့လား။

"သက်သာမယ့်အလုပ်ကလေးတစ်ခုခုကိုပဲ လုပ်ပါလား
"

"ကျွန်တော်ပင်ပန်းမှာကို မကြောက်ပါဘူးမမရယ်။ ငွေ
အပ့ါကိုလည်းပို့ပေးရဦးမှာမဟုတ်လား။ ပိုတာလေးနဲ့ မမပဲ
ကုန်ဆိုင်ဖွင့်ပါ။ ကျွန်တော်က အရင်းမရှိတဲ့အလုပ်ပဲ လုပ်
လေ။ ဆေးကျောင်းစရိတ်က နည်းမှာမဟုတ်ဘူးမမရဲ့။ အခု
အစပဲရှိသေးတာ။ နောက်ထပ် အပ့ါအတွက် အတော်ကြိုးစား
မယ်"

"အကာရယ်"

အတာ ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ။ အပ့ါပညာရေး
က် အတာနှင့်အကာ ကြိုးစားရုန်းကန်ခဲ့ရတာ ပင်ပန်းဆင်း
ပါ၏။ အတာကလည်း အကာ့ကိုပင်ပန်းတာ မကြည့်ရက်။
တစ်ကိုယ်ကောင်းဆန်တာမျိုးလည်း မဖြစ်ချင်။

"အကာ"

"ရှာ"

"ဒီငွေတွေအကုန်လုံး အပါ့အတွက်သာ ပို့လိုက်ပါတယ် ဒေါ်ကြီးက ငွေတိုးပေးစားနေတာမဟုတ်လား။ အပါ့အတွက် ကူညီမှာပါ။ တို့ကတော့ ဖြစ်သလိုရှာစားကြတာပေါ့"

"မဟုတ်သေးဘူးလေ မမရဲ့"

"ဘာမှမပြောနဲ့တော့ အကာ၊ တို့မောင်နှမ ဘာပဲလု လုပ် အတူတူပဲလုပ်ခဲ့ကြတာမဟုတ်လား။ နင် ဆေးမြစ်တူး ငါလည်းဆေးမြစ်ရောင်း။ နင်အထမ်းသမားလုပ်တော့ ငါလည် အရွက်သမလုပ်ခဲ့တာ ခုမှတော့ ခွဲခြားခွဲခြားလုပ်မနေပါနဲ့ဟယ်"

မမစကားကို အကာလက်ခံရမှာလား။ ဒါလည်းဟု ပါတယ်လေ။ ကိုယ်တို့တွေက ရင်းနှီးထားတုန်း အပါ ငွေလို များ လှမ်းတောင်းရင်ဒုက္ခ။ အပါ ဆရာဝန်ဖြစ်ရင် သူတို့ပင် ရကျိုးနပ်ပါပြီ။ အဲဒါမှ ဆရာဝန်ရဲ့အစ်ကိုနဲ့အစ်မဆိုပြီး အစ် အကာ မျက်နှာပွင့်မှာ။

ကိုယ့်အတွေးနှင့်ကိုယ် အကာ ပြုံးလိုက်မိတော့. . .

"နင် ဘာကိုပြုံးတာလဲ အကာ"

"ဪ. . . အပါဆရာဝန်ဖြစ်ရင် ကျွန်တော်တို့မော





မျက်နှာပွင့်မှာလေ။ အဲဒါကိုတွေးမိသွားလို့"

အတာက အကာ့ခေါင်းကိုပုတ်လိုက်ကာ. . .

"ဘာကိုမှမျှော်လင့်ချက်မထားနဲ့ အကာ၊ ကိုယ်စေတနာ ပိုးခဲ့တာကို အကျိုးလိုလို့ ပြောင်ရေလောင်းတာမျိုးမဖြစ်စေ ကျေးဇူးသိတတ်တာ မသိတတ်တာက သူ့အကြောင်းပဲ။ တို့ တော့ မိဘလိုပဲ စုန်ရေပဲပေါ့ အကာ"

"ဟုတ်ပါတယ်လေ၊ ကျွန်တော်တို့က အပင်မလဲအောင် မြေကိုကုတ်၊ အကိုင်းမညွတ်အောင်လည်း ထောင့်ခံခဲ့ရတဲ့သစ် ပင်ကြီးတွေပါ။ အချိန်တန်ရင်တော့ အသီးအပွင့်တွေကို သူများ ခူးမှာ။ ချိုချိုခါးခါး ကျွန်တော်တို့က အမြည်းစားခွင့်တောင် ကြုံမှာမဟုတ်ဘူး"

အဲဒါက အမှန်တရားပဲဖြစ်မှာပါ။ ရန်ကုန်မြို့ဆိုတာ မျက် ကြီးနားကြီးတွေ စုဝေးရာအရပ်မဟုတ်လား။ အပါတစ်ယောက် န်ကုန်ရောက်ပြီး မျက်စိပွင့် နားကျယ်လာရင် ဆရာဝန်လောင်း ဘွဲ့ဂုဏ်ပုဒ်နှင့် သူ့ဘဝကို အတာတို့ဇနပုဒ်ထဲ ပြန်ဝင်ချင်ပါ့ လား။

ဘာပဲဖြစ်ဖြစ်. . .

ဒီကလေး ဆင်းရဲတွင်းထဲက ထက်နိုင်ဖို့ အတာတို့က

လူအားလုပ်အားနှင့် ထွန်းတင်ပေးရမည်။ တစ်မိသားတစ်ယောက် ထွန်းတား အပ့်ါဘဝ ထွန်းပေါက်ပါစေတော့ဆိုတဲ့ဆန္ဒက ရင်နှင့် အပြည့်ပါ။

''ဘာပဲဖြစ်ဖြစ် တို့က ဥယျာဉ်မှူးတွေပဲလေ။ ကိုယ်မျိုး ထောင်တဲ့ပန်း အဖိုးတန်ရင် လက်ပဲပြုတ်ပြုတ် ပခုံးပဲစုတ်စုတ် ရေလောင်းရကျိုးနပ်ပါပြီ''

''အပင်ဖြစ်လာမှတော့ အသီးအပွင့်က ဝေမှာပါ မမရာ။ အပ့်ါအတွက်ချည်းပဲ စဉ်းစားမနေနဲ့ဦး။ မမ ကိုယ့်အတွက်ကိုယ် လည်း စဉ်းစားသင့်ပြီ''

''ငါက ဘာကိုစဉ်းစားရမှာလဲ''

အကာက မချိုမချဉ်အပြုံးနှင့် . . .

''ကြင်ဖော်ကြင်ဖက်ရှာသင့်ပြီလေ၊ အပျိုကြီးတော့ မလုပ် ပါနဲ့မမရယ်။ ကျွန်တော့်အပေါ်, ဝန်ပိနေပါဦးမယ်''

''အံမယ်!''

''ကျွန်တော်က မိန်းမလေးတစ်ယောက်တော့ ယူချင် သေးတယ်လေ။ မမ အပျိုကြီးလုပ်နေရင် မမကိုစိတ်မချရတာ နဲ့ ကျွန်တော်အပယူရခက်တယ် မမရဲ့''

''ကြည့်စမ်း! ငါက အကောင်းမှတ်လို့ နားထောင်နေ





...။ မဟုတ်ကဟုတ်ကတွေ လာပြောနေတယ်။ ငါထုထည့်လိုက် ...နော်''

အတာ လက်ရွယ်တော့ အကာ ကျောလေးကော့ကာ ...ဖက်သို့ရှေ့သွားလေ၏။ အလုပ်လုပ်လို့ ဘယ်လောက်ပဲပင် ...ပါစေ မောင်နှမနှစ်ယောက်ဆုံလျှင် အမောပြေပြီးသားပါ။

ဟိုတုန်းက သုံးယောက်၊ အုံးအုံးကျက်ကျက်ရှိခဲ့ပေမယ့် ...က နှစ်ယောက်တည်းရယ်။ စလိုက်နောက်လိုက်နေခြင်းသည် ...သီးကျန်ခြင်းကို ချေဖျက်သည့်ဖြေဆေးတစ်ခွက်ပါ။

''မမမှာ အစွမ်းအစမရှိရင်ပြောနော်၊ ကျွန်တော်ရှာပေး ...ယ်၊ သိလား။ ကျိုက်ထီးရိုးတောင်ပေါ်တက်ပြီး ယောက်ဖတစ် ...ယောက်အလိုရှိသည်လို့ ကြော်ငြာချိတ်လိုက်မယ်''

''အကာနော်''

''အကာနော် မဟုတ်ပါဘူးမမရဲ့၊ လင်ဥစ္စာ. . .လင်း ...ဥစ္စာ''

''ခွေးကောင်လေး။ ငါ့ကိုလာနောက်နေတာ သေးမြစ် ...သွားရင်း ဥစ္စာစောင့်မနဲ့တွေ့ပြီး ညားပါစေ''

''ကောင်းသားပဲ၊ ဥစ္စာစောင့်တွေက ချောတယ်တဲ့၊ ကျွန် ...က ဥစ္စာစောင့်မကိုယူပြီး မမအတွက် ဖော်ရှိရှာလာပေးမယ်၊

ဇော်ဂျီယောက်ဖလေ. . .ဟဲဟဲ''

အတာက မျက်စောင်းထိုးပြီး ထသွားလေ၏။ အကာ့အတွက် ထမင်းပွဲပြင်ပေးမလို့ပါ။

''မမ''

အတာ့နောက်သို့လိုက်သွားပြီးခါတော့ အတာက မထူသေး။

''ဘာချက်လဲ''

''ဆိတ်သားခြောက်ကင်ပြီး ဆီလောင်းထားတယ်''

''မွှတာပဲ၊ ဗိုက်ကလည်း ဆာနေပြီ''

''ဟဲ့! ''

အကာက လက်ဆေးခွက်ထဲသို့ လက်ကိုစွပ်ခနဲနှိက်ပြီး သေသေချာချာပင်မဆေးဘဲ ထမင်းပန်းကန်ဆီသို့ လက်လှမ်းတော့၊ အတာက ထိုလက်ကိုဆွဲထားကာ. . .

''လက်ကို ဆပ်ပြာတိုက်ပြီး သေသေချာချာဆေးဦးလေ''

''ဟွး. . .မမက ကျွန်တော့်ထက် ချေးပိုထူတယ်''

အကာပြောပြီး ဆပ်ပြာခွက်ဆီသို့ ထသွားလေသည်။

☆☆☆



## အခန်း (၁၀)

ကာရံက ကျိုးပါးစပ်ဂူထဲသို့ အကြွေစေ့လေးများကို ခုန်၍ပစ်ထည့်နေသည်။ ရတုကလည်း ယောကျ်ားလေးဆိုတော့ ကိစ္စမရှိ၊ ငွေ့တို့မှာတော့ သူတို့ပစ်တာကိုပဲ ကြည့်နေရသည်လေ။ အကြွေစေ့တွေက လက်ထဲမှာကုန်သွားတယ်၊ ကျိုးပါးစပ်ထဲသို့ တစ်စေ့မှမဝင်ပေ။

''ကိုကြီးရတု၊ နောက်ထပ်အကြွေဖျက်ဦး။ ဒီမှာကုန်သွားပြီ''

''ဒီလောက်အမြင့်ကြီးကို ဝင်မလားဟယ်၊ တော်တော့''

''သူတို့က အပျော်ပစ်နေသလားမှမသိတာ''

အကြွေလဲပေးတဲ့သူက လှမ်းပြောလေသဖြင့် အားလုံး

လှည့်ကြည့်ကာ. . .

"အပျော်မပစ်လို့ ဘယ်လိုပစ်ရမှာလဲ"

"တစ်ခုခုကို အစိဌာန်ပြီး ပစ်ရတယ်လေ"

"ဟုတ်လား"

ကာရံက မျက်လုံးဝိုင်းလေးနှင့်ကြည့်ပြီးမေးလေ၏။ ရတု နဲ့ကာရံ တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ အကြေ့ထပ်လဲ၏။ ငွေ့က ဒါမျိုးတွေကို အယုံအကြည်မရှိသူပီပီ တိုးတိုးကျိတ်ကျိတ်ဆိုလေသည်။

"အလကား အရူးတွေ"

ရတု မကြားလိုက်သာပေါ့။ ကြားလိုက်ကတော့ မတည့်တာ အပြောခံရဦးမှာ။

"ငါ သုံးစေ့ပဲယူမယ်၊ ကျန်တာ နင်ပဲအကုန်ယူ ကာရံ ငါက စိဌာန်ချက်သုံးခုနဲ့ သုံးစေ့ပဲပစ်မယ်"

"အလကားပိုက်ဆံဖြုန်းတာ၊ သေအောင် စိဌာန်လည်း ဝင်ဖို့ကမလွယ်ဘူး"

"ငွေ့ နင့်ပါးစပ်ကိုပိတ်ထား၊ ငါ့ပိုက်ဆံငါဖြုန်းတာ နင့် လုပ်စာ ဘယ်နှပြားပါလို့လဲ၊ ဒီလောက် ပစ်ပစ်များတာ နင့်ကို ယူဖို့ ငါတော်တော်စဉ်းစားရလိမ့်မယ်ထင်တယ်"





"ဘာ! ရတု"

"အား. . ."

ငွေ့ လွှားခနဲပဲ ရတုအနားသို့ရောက်သွားပြီး လက်မောင်းကိုဆွဲလိမ်ပစ်လိုက်၏။ ဘေးကလူတွေ ပြုံးစိစိဖြစ်ကုန်သည်။ ရတုတို့က လူရှေ့သူရှေ့မှာမှ အဲဒီလိုဒေါက်ဖြုတ်တာ။

နေသာခံခက်ပေမယ့်. . .

စ,နေကျဆိုတော့ ပြောရခက်၏။

"နင့်ရင်ထဲက နှစ်နှစ်ကာကာချစ်တဲ့ကောင်တွေရင်တော့ ကြိုပြောထားလေ။ ငါမစဘူး"

လို့ပြောထားတဲ့သူ။ အခု အနားမှာ လူတွေအများကြီးပေမယ့် ငွေ့သဘောကျနိုင်တဲ့သူမျိုးမှမပါတာ။ ကောင်လေးအချို့ အနားမှာဖြတ်သွားဖြတ်လာရှိပေမယ့် ဆယ်ကျော်သက်အရွယ်လေးတွေ။

"ငွေ့. . . နင်နော်"

"ဘာ! နင်နော်လဲ၊ နင် ငါ့ကိုလူရှေ့သူရှေ့မှာ ဒေါက်ဖြုတ်နေတာ"

"လူရှေ့သူရှေ့မှ ဒေါက်မဖြုတ်လို့ နင့်ကို. . ."

"ရတု"

''မရခင်ကတည်းက နှိပ်စက်နေတယ်။ ရများရရင်တော့ သံမဏိခြံထားရမလိုပဲ''

''နင်''

''အား. . .''

ရတုမျက်နှာ ရှုံ့မဲ့သွားလေတော့. . .

''ကောင်းတယ်''

''စနေသားကွလို့ အော်လေ''

ယမုံနှင့်ရွှေရည်က ထောပနာပြုလေတော့. . .

''ငါက ဗုဒ္ဓဟူးသားဟ''

''ကဲပါ ကိုကြီးရတုရယ်၊ လာပစ်မှာသာပစ်''

ကာရံဆွဲခေါ်မှပဲ ငွေ့လက်ကနေ ရတုလွှတ်မြောက်ခဲ့သည်။ ပထမဆုံးပစ်မည့်အကြွေစေ့လေးကိုကိုင်ပြီး ရတု စိတ္တာန်ချက်တစ်ခုပြုလုပ်၏။ အဲဒါ ဘာလဲဆိုလျှင်. . .

အတာနှင့်ပြန်ဆုံခွင့်ရှိမည်ဆိုလျှင် ဤအကြွေစေ့သည် ကျီးပါးစပ်ထဲသို့ဝင်၍ ဆုံခွင့်မရှိလျှင် အောက်သို့ပြန်ကျပါစေသား လို့ စိတ်ထဲကရေရွတ်ပြီး ပစ်လိုက်လေလျှင်. . .

''မှာယ်!''

''ဟာ!''





''ဟာ!''

''ဝင်သွားပြီ''

အကြွေစေ့က ကျီးပါးစပ်ထဲသို့ တန်းဝင်သွားလေသဖြင့် တော့ မကြီးမငယ်နှင့် ထခုန်လေသည်။

''ဟဲ့! ရတု၊ နင်ဘာဆုတောင်းပြီး ပစ်လိုက်တာလဲ''

''ငါ အတာနဲ့ပြန်ဆုံမှာဟ''

ရတု ဝမ်းသာအားရဖြစ်သွားပုံကိုကြည့်ပြီး ငွေ့ကလည်း သက်ခုပ်ကလေး တီးလိုက်မိသည်။ မယုံတဲ့သူက ယုံချင်သလို ဖြစ်သွားတာ ရတုကိုသနားလို့ပါ။

ရတုစိတ်ထဲမှာ. . .

ပထမဆုတောင်းချက်ကို ပြောင်းပြန်လှန်လိုက်၏။ အတာ နှင့်ဆုံတွေ့ခွင့်ရှိမည်ဆိုလျှင် အကြွေစေ့လေးသည် ကျီးပါးစပ်ထဲ သို့မဝင်ဘဲ ပြန်ကျလာသည့်အခါ ငွေ့ခေါင်းပေါ်သို့ တည့်တည့် ကျပါစေသားလို့ ဆုတောင်း၍ ပစ်လိုက်သည်။

တကယ်ဆိုလျှင် ငွေ့ခေါင်းပေါ်သို့ ဘယ်လိုမှပြန်မကျ နိုင်သည့်အဆုတောင်းပါ။ ဘာဖြစ်လို့လဲဆိုလျှင် ငွေ့က ရတုနောက် ဘက် ခပ်လှမ်းလှမ်းထိအောင် ယမုံကိုဆွဲခေါ်သွားပြီး စကားပြော နေသောကြောင့်ပါ။

"ငွေ့ . . . ခဏ ခဏ"

"ဘာလဲ"

ရွှေရည်က ကျိုးပါးစပ်ကိုမော့ကြည့်ရင်း လက်ယပ်ခေါ်လေသဖြင့် ငွေ့က ပြေးအသွား၊ ရတုပစ်တဲ့အကြွေစေ့က ပြုတ်အကျ။

"ဟဲ့!"

ငွေ့ခေါင်းပေါ်သို့ တည့်တည့်ကျလာသည့်အကြွေစေ့ ခေါင်းပေါ်မှတစ်ဆင့် အောက်သို့ 'ချွင်'ခနဲကျသွားလေသည်။

"ဟာ!"

ဒီတစ်ခါတော့ ရတုအံ့ဩမှင်သက်စွာ ငွေ့ကိုတစ်လှည့် အကြွေစေ့လေးကိုတစ်လှည့် ကြည့်လေ၏။ ငွေ့က အကြွေ လေးကို ကောက်ယူကာ ရတုဘက်သို့လှည့်လာပြီး. . .

"ဒီတစ်ခါကော နင့်ဗိဋ္ဌာန်ချက်အောင်မြင်ရဲ့လား ရတု"

ရတုဝမ်းသာလွန်းလို့ ပြုံးတဲ့အပြုံးက ခေါင်းညိတ်ခြင်း နှင့်ထပ်တူ လိုက်လှဲခြင်းတို့ကြီးစိုး၍ မျက်နှာမှာ ကြည်လင်နေ၏။

"ကျန်တဲ့တစ်စေ့ကို ငါမပစ်တော့ဘူး။ နင်ပဲယူလိုက် တော့ ကွရဲ့"

"ဘာဖြစ်လို့မပစ်တော့တာလဲ ကိုကြီးရတု"





ဆုံခွင့်ကြုံပြီဆိုကတည်းက ရတု ဘာကိုဆက်ပြီးဗိဋ္ဌာန် ရလဲ။ စိတ်ကူးမိတဲ့တတိယဗိဋ္ဌာန်ချက်ကတော့ အတော့အပေါ် မူတည်သည်လို့ပဲ ယူဆသည်။

"ရတု"

"ငါ့ဘက်က သစ္စာမပျက်ပေမယ့် အတော့ဘက်က သစ္စာ နည်းမလားဆိုတာ မသေချာဘူး။ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲဟင်"

"ရှေ့က ဗိဋ္ဌာန်ချက်က မှန်ခဲ့ရင် တတိယဗိဋ္ဌာန်ချက်ကို လုပ်ရဲဘူး ငွေ့"

"နင်က ဘာကိုဗိဋ္ဌာန်ချင်တာလဲ"

"အဘာ. . ."

ရတုနှုတ်ခမ်းလေးတွေ စေ့သွားလေသည်။ ရင်ထဲမှာ ဆိတ်မှုလေးတစ်ခု ဖြစ်သွားမိတာ။ ဆုံခွင့်ရပြီး ဆုံရကျိုးမနပ် င်. . .

"ပြောလေ ရတု"

"သူလွတ်လပ်နေသေးလားဆိုတာ"

"ရတုရယ်"

ငွေ့ ရတုကိုကွေကွေကလေး ကြည့်မိ၏။ ငွေ့ ရှက်ကုန်

ကို စရောက်ပြီး ရတုနှင့်စခင်ကတည်းက 'အတာ' ဆိုတဲ့နာ
လေးကို ခဏခဏပြောပြီး၊ သူ့အကြောင်းတွေ ငွေ့ကိုပြော
တာ။ မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်နှင့်လာခဲ့သူကို ရွှေ
ဆို့အောင် လက်သီးဆုပ်ပြလိုက်လျှင်တော့ မပျော်သာမဖြ
ရင်ကွဲသွားမလား။

"နင်နဲ့သူ ကတိသစ္စာပြုခဲ့ကြတာမဟုတ်လား ရှ

"ပါးစပ်နဲ့ပြုခဲ့ကြတဲ့ကတိကို ကိုယ့်ဘက်က တည်
မယ့် သူ့ဘက်ကဖောက်ဖျက်ခဲ့ရင် ဘာတတ်နိုင်မှာလဲ။ ဒေ
တုန်းကတော့ ယုံကြည်မှုတွေနဲ့ပြေးလာခဲ့တာပဲ။ နီးလာမှ ခ
တိုက်နေမှာကို ငါကြောက်တယ်"

"ယောက်ျားပဲ ရတုရယ်၊ ဖြစ်လာတဲ့အခြေအနေကို
ရင်ဆိုင်ရဲရမှာပေါ့"

"နင်တို့ကလည်းဟယ်၊ စစ်မရောက်ခင် မြားကျ
ကြစမ်းပါနဲ့၊ မဖြစ်သေးတာကိုကြိုတွေးပြီး ကြောက်မနေနဲ့၊
သွားမယ်"

ရွှေရည်က ငွေ့လက်ကိုဆွဲ၍ လှေကားပေါ်သို့ပြေး
သွားလေသည်။

"အင့်!"





"ဟာ!"

"အမယ်လေး!"

ရွှေရည်က လက်ကိုအလွတ်မှာ အပေါ်ကနေဆင်းလာ
နှင့် ငွေ့ကိုယ်လေးပစ်တိုက်ပြီး ငွေ့ခြေလွတ်လက်လွတ် နောက်
ပြန်ကျသွားလေ၏။

ဘယ်လိုမှမထိန်းလိုက်နိုင်သောကြောင့် ငွေ့မှာ ငါတော့
ားပြီလို့တွေးရင်း' မျက်စိကိုစုံမှိတ်ချလိုက်သည်။ အတန်ကြာ
အောင်ပင် ငွေ့သတိလက်လွတ်ဖြစ်သွားမိချိန်မှာ အားလုံး အံ့ဩ
င်သက်စွာကြည့်နေကြ၏။

"ဘာမှမဖြစ်ပါဘူး၊ မျက်လုံးဖွင့်ကြည့်ဦး"

ဩရှရှအသံကြောင့် ငွေ့အခြေအနေကိုသတိရတော့ ငွေ့
ယ်လေးက ရင်ခွင်တစ်ခုထဲမှာ။ အဖြစ်အပျက်သည် မြန်ဆန်
န်းလှသဖြင့် ရင်တုန်ပန်းတုန်နှင့်၊ ငွေ့ကိုဆီးပွေ့ထားတာ ရတု
ားဟု မျက်နှာကိုမော့ကြည့်လိုက်စဉ်. . .

"ဟင်!"

"တော်သေးတာပေါ့၊ ဟတ်ရှိတဲ့သူမဟုတ်လို့၊ ရှိတဲ့သူ
ဆို ဒီအဖြစ်မျိုးနဲ့ကြုံရင် နှလုံးခုန်ရပ်ပြီး သေသွားနိုင်တယ်"

"မင်း. . . မင်း"

"ကျွန်တော့်ကိုသိလို့လား"

ငွေ့ သူ့ရင်ခွင်ထဲမှထွက်လိုက်ပြီး ကိုယ်ကိုမတ်မတ်ထား လိုက်၏။

"ကျေးဇူးတင်ပါတယ်"

"တော်သေးတာပေါ့ အကာရာ၊ မင်းက ငါ့အရှင်ဆင်း ဆင်းသွားပြီး ပြန်လှည့်ကြည့်တာနဲ့တိုးလို့၊ မဟုတ်ရင် ငါတရား ဖြစ်မှာ"

ဖင်ကိုက လှေကားကဆင်းလာရင်း ဆိုသည်။ တိုက်တာက ဖင်ကိုနှင့်ပါ။ ရတုက ကြောင်နေရာမှ ငွေ့အနားသို့ရောက် လာပြီး ပြုံးစိစိ။ ယမုံ၊ ရွှေရည်နှင့် ကာရံတို့က ရောက်မိတဲ့နေရာ ကားထစ်တွေမှာပဲ ကျောက်ချကာ ရပ်ကြည့်နေကြ၏။

"ငါလည်း မင်းကိုမီအောင်လိုက်တာ၊ သူက ရုတ်တရက် ပြေးတက်လာတော့ ဘယ်လိုမှမရှောင်သာဘူးဖြစ်သွားတာ"

"ကိစ္စမရှိပါဘူး။ အဲဒါ မင်းတို့နဲ့ဆုံဖို့ကံပါလို့ တိုက်မိ တာ"

"ဗျာ!"

"ခင်ဗျာ"

"ဟုတ်တယ်လေ၊ အခုလိုမတိုက်မိရင် မသိလိုက်မသိ





သော သွားကြမှာမဟုတ်လား။ ခုကျတော့ ဝင်တိုက်မိတာကို ကြောင်းပြုပြီး စကားပြောဖြစ်ကြတာလေ"

ရတုစကားက ငွေ့ကိုစချင်နေတာ။ ဒါကိုမသိတဲ့အကာ ရာက ကို တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိသွား၏။ စကား ပြောဖြစ်ကြတယ်ဆိုရအောင် သူတို့ဘာများပြောဖြစ်ကြသေးလို့ ...

အကာက မသိပေမယ့် ရတုနှင့်ငွေ့က အကာ့ကိုမှတ်မိ သည်။ ပြီးတော့ အတာ့အကြောင်းကိုလည်း စုံစမ်းချင်၏။

"ဟိတ်! နင်တို့သုံးယောက် သွားနှင့်ကြ။ ငါ ဒီမှာ သူတို့ ပြောစရာရှိလို့"

ရတု ခပ်တည်တည်ဆိုလိုက်တော့ ယမုံတို့သုံးယောက် သိသည်ဟုမသိနှင့် ဆက်တက်သွားကြလေသည်။

"ဟို. . . ဒီကအစ်မ ဘာမှမဖြစ်တော့ ကျွန်တော်တို့ တာဝန်မှယူစရာမလိုဘူးထင်ပါတယ်"

"မင်းတို့ စကားကိုလက်လွှတ်ပေးယ်မပြောနဲ့လေ။ ဆီး သားသူမရှိရင် ဒါသေနိုင်တဲ့ကိစ္စ"

"စောစောကပြောတော့ ကိစ္စမရှိပါဘူးဆို။ ဆုံဖို့ကံပါ တိုက်မိတာပါဆို"

"အဲဒါ စောစောကစကား။ အခု စိတ်ကပြောင်းသွားပြီ"

"မြန်လိုက်တာဗျာ။ တကယ့်ကို မျက်စိတစ်မှိတ်ပါပဲ"

ဇင်ကိုက ခေါင်းကုတ်၏။ အကာကတော့ ဘာမှမဆို

"ဆုံဖို့ကံပါလာတာကို ရှောင်မသွားနဲ့လေ။ စကားလေး ဘာလေး မပြောချင်ဘူးလား"

ရတုတို့ ရောပြီ။ ရောဆို ဟိုကောင်လေး ဟိုနေ့ ဆင်းကျန်ခဲ့တာ။ ပြီးတော့ ကားစပယ်ယာက သူ့နာမည်ကို ရှင်းရှင်းနီးနီးခေါ်လိုက်တာသည် သူ ဒီအနားဝန်းကျင်မှာနေတဲ့သူ့ လို့ပေါ့။

သူတို့ အတော့ကိုသိများသိလေမလားလို့ မေးကြည့်ချင်သည်လေ။ ရင်းရင်းနီးနီးမသိကြရင်တောင် ဆုံများဆုံဖူးကြမလား ဆိုတဲ့မျှော်လင့်ချက်ကလေးနှင့်။ ကောင်လေးတွေပုံစံကိုကြည့် တာ အဝတ်အစားခပ်နွမ်းနွမ်းလေးတွေနှင့်မို့။

ပြီးတော့. . .

တစ်ယောက်ရဲ့လွယ်အိတ်ထဲမှ ဆေးမြစ်တွေဖြစ်ဟန်ရ သောအရာတွေ အောက်ကိုပြုတ်ကျသွားတာကြောင့် ဒီကောင် လေးတွေ ဒီဝန်းကျင်မှာ ကျင်လည်ကျက်စားနေသည်ဆိုတာ ခန့်မှန်းလို့ရ၏။





"မင်းတို့က ဒီအနားတစ်ဝိုက်မှာ ကျင်လည်နေကြတဲ့ ...ပဲဖြစ်မယ်"

"ဟုတ်ပါတယ်"

"ဒါက ဆေးမြစ်တွေလား"

"ဟုတ်ပါတယ်"

"ရောင်းဖို့ထင်တယ်"

"ဟုတ်ကဲ့"

"ဒါ ဘာဆေးမြစ်တွေလဲ"

ဇင်ကို အကာ့ကိုကြည့်လိုက်တော့ သူ့ကိုပြန်ပြီး မေး ...ပြလေသည်။

"ဟို. . . ဒီက အစ်ကို၊ ကျွန်တော်တို့ကိုမေးတာတွေက ...သွားမှတ်တမ်းတင်စာတမ်းပြုစုမလို့တော့ မဟုတ်ပါဘူးနော်"

"အဲ. . . ဟို"

ရတု ဘာဖြေရမှန်းမသိဘဲ ခေါင်းကုတ်လေလျှင် ငွေ့ ရတုကိုယ်စား. . .

"သူက လူတစ်ယောက်အကြောင်းကို စုံစမ်းချင်နေတာ ...အဲဒါကို ဘယ်လိုမေးရမှန်းမသိလို့ စကားနိဒါန်းပျိုးနေတာ"

"ဪ. . . ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီကမောင်လေးတို့ သိများသိမလား
မသိဘူး"

"ဒီအနားတစ်ဝိုက်ကဆိုရင်တော့ ကျွန်တော်တို့မသိ
သူ ခပ်ရှားရှားရယ်ပါ။ အစ်မတို့က ဘယ်သူ့အကြောင်းသိချ
တာလဲ"

"မိန်းကလေးတစ်ယောက်ပါ"

"ဗျာ"

ဇင်ကို ကြောင်နေတဲ့မျက်လုံး ပြူးသွား၏။

"အစ်ကိုကလည်း မိန်းကလေးတွေက အများကြီးပဲဖေ
မဖြူ မနီ အမည်တပ်မေးမှပေါ့"

"ဟုတ်သားပဲ ရတုရဲ့၊ နင်မေးပုံက စိန်နားကပ်ပန်ထ
တဲ့ ကျွန်တော့်အမေကိုရှာပေးပါဆိုသလိုမျိုးဖြစ်နေပြီ"

"ငါက အမေပျောက်ရှာနေတာမှမဟုတ်တာ"

"သိတယ်၊ နင်စကားပြောတာ အဆီအငေါ်မတည့်
ငါဝင်ပြောနေရတာ။ နင်နာမည်မပြောဘဲ ကြိုသိနေရအောင် သူ
တို့က အကြားအမြင်ရနေတဲ့ပုဂ္ဂိုလ်တွေမှမဟုတ်တာ"

ရတုမျက်နှာ ရဲခနဲဖြစ်သွား၏။ အတာ့ကိုရှာပေးကြပါ
မောင်းခတ်ကြေညာရမယ့် ကိုယ့်အဖြစ်က အတာဆိုတာကလွဲ





နာမည်ရင်းက ဘာမှန်းမသိ။ ဒီနာမည်လေးက အမည်မှန်ဖြစ်ပါ
လေလို့ ဆုတောင်းရင်း. . .

"အစ်ကိုရှာနေတဲ့ကောင်မလေးရဲ့နာမည်က အတာတဲ့
ဗျ"

"ဗျာ!"

"အတာ"

"ဟုတ်တယ်လေ၊ သိလား. . . ဆံပင်အရှည်ကြီးနဲ့"

"ဟဲ့! အချဖြတ်ထားရင် ဘယ်လိုလုပ်မလဲ ရတုရဲ့"

"သူဖြတ်မှာမဟုတ်ပါဘူးဟာ"

အကာ ရတုမျက်နှာကို ခပ်စူးစူးလေးကြည့်လိုက်၏။
သူက အတာဆိုတဲ့မိန်းကလေးကို ဘာကြောင့်ရှာနေရတာလဲ။
စိတ်ထဲမှာ စနိုးစနောင့်ဖြစ်သွားပြီး. . .

"ကျွန်တော်တို့မသိဘူး"

ပြောပြီး ဇင်ကိုလက်ကိုဆောင့်ဆွဲပြီး ထွက်လာခဲ့တော့
သည်။

"ဟာ. . . ဟော့!"

☆ ☆ ☆



## အခန်း (၁၁)

အကာ ဘာကိုစိတ်ကိုနေသည်မသိ။ ညက အိမ်ပြန်လာ
ကတည်းက စကားလည်းမပြော၊ ထမင်းလည်းမစားပေ။ ဘာ
ဖြစ်လာတာလဲလို့မေးတော့လည်းမရ။

အခုမနက်လည်း. . .

ထမင်းချိုင့်ထည့်ပေးတာကို မယူဘူးဟုဆို၍ အတော့်စိတ်
ထဲမှာ မတင်မကျနှင့် ဘာကို ဘယ်လိုနားလည်ရမှန်းမသိတော့။

"အကာ"

". . ."

"အကာ"

အကာခေါ်တာကိုလည်းမထူး။ လှည့်လည်းမကြည့်လေ

သဖြင့် အတာငိုချင်သွားသည်။ ထမ်းခြင်းကိုယူ၍ အိမ်ပေါ်က ဆင်းတော့မည့်အပြုတွင်...

''အကာ''

လက်မောင်းကိုဆွဲထားပြီး ခေါ်လိုက်တဲ့အသံက ငိုသံပါနေသည်။

''နင်ဘာဖြစ်နေတာလဲ၊ မောင်နှမနှစ်ယောက်တည်း ဒီအိမ်မှာရှိတာ နင်က စကားမပြောတော့ ငါကဘယ်လိုနေရမှာလဲ''

''ဟာ! မမ''

ပြောရင်း မျက်ရည်တွေ ပြိုက်ခနဲကျလာတော့ အကာ ပျာပျာသလဲဖြစ်သွားလေသည်။

''မမ ဘာလို့ငိုနေတာလဲ''

''ငိုမှာပေါ့၊ နင့်ပုံစံကိုလည်းကြည့်ဦး။ မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါလား။ ခုတော့''

မမရဲ့မျက်ရည်တွေကိုမြင်တော့ တင်းထားတဲ့အကာ့စိတ်တွေ တစ်လွှန်းချင်းပြေကျသွား၏။ ခြင်းကိုပြန်ချပြီး မမပခုံးကို ဖက်လိုက်ကာ...

''မမ''

''ဘာလဲ''





''မမကို ကျွန်တော်စိတ်ကောက်နေတာ''

''နင်စိတ်ကောက်အောင် ငါက ဘာလုပ်လို့လဲ''

''လုပ်တာရှိလို့ပေါ့''

''ဘာလဲ''

အကာ ဟင်းခနဲသက်ပြင်းချ၍ ထိုင်လိုက်သည်။ မနေ့က ဟိုလူကြီးမေးတဲ့ကိစ္စကို မကျေနပ်တာ။ သူရှာနေတဲ့ကောင်မလေးက 'အတာ'တဲ့။ ဒီပတ်ဝန်းကျင်မှာ အတာဆိုလို့ မမတစ်ယောက်ပဲရှိတာလေ။ နာမည်တူမှမရှိတာ။

သူက မမကိုဘာလို့ရှာတာလဲ၊ သူတို့စကားထဲမှာ ဆံပင်အရှည်ကြီးဆိုတာပါသေးတော့ မမဆိုတာ ကျိန်းသေနေပြီ။ မမနဲ့ရွယ်တူလောက်ထင်ရတဲ့လူတစ်ယောက်က မမကိုရှာတယ်ဆိုတော့ သွေးရိုးသားရိုးမဖြစ်နိုင်တာ သေချာတယ်လေ။ ဘယ်အချိန်တွေ့ပြီး ဘယ်လိုဇာတ်လမ်းရှိခဲ့လို့လဲ။

ပါးစပ်ကသာ စတာ၊ တကယ်တမ်းမှာ အကာ မမကို ချစ်သည်။ နမြောသည်။ မမကို လူရှုပ်တွေနဲ့တွေ့မှာစိုးသည်။

''မမကို လူတစ်ယောက်ရှာနေတယ် မမ။ အတာဆိုတာ ဆံပင်အရှည်ကြီးနဲ့တဲ့''

''ဟင်!''

"မမနဲ့ရွယ်တူလောက်ပဲ ရှိမယ်ထင်တယ်။ သူနဲ့ဘာတော် လဲမသိဘူး။ မိန်းကလေးတစ်ယောက်လည်း ပါသေးတယ်"

"သူ့ပုံစံက ဘယ်လိုလဲ အကာ"

"ချမ်းသာတဲ့ပုံပါပဲ၊ အဲဒီလူက မျက်ခုံးထူထူနဲ့ မျက်ခ တောက်တောက်၊ နှုတ်ခမ်းပါးပါးပဲ။ မျက်နှာလေးထောင့်ဆ ချင်ချင်နဲ့ အသားညိုညိုပဲ မမရဲ့"

သေချာသလောက်ပါ။ ရတုဆိုတဲ့ကောင်လေးကို အစ ခဏခဏ သတိရတတ်တာ သာမန်လေးတော့မဟုတ်ပေ။ မပြ နိုင်မှန်းသိနေပေမယ့် သူပြန်လာမယ့်နေ့ကို တိတ်တိတ်ကလေး တော့ စောင့်မျှော်နေခဲ့သည်လေ။

"မမသိလို့လား"

"သူ့နာမည် နင်သိလား"

"အဲ"

အကာ စဉ်းစားသလိုလုပ်ပြီး. . .

"ခေါ်သံကြားလိုက်တာတော့ ရတုဆိုလား ခရုဆိုလား"

အကာမျက်လုံးလေး ဝိုင်းခနဲဖြစ်သွားလေ၏။ အတွ တကယ်ပဲလာရှာတာလား ရတုရယ်။

"အဲဒီလူကို မမရော သိလား"





"ကြာခဲ့ပါပြီ အကာရယ်"

"ဒါဆို သိတယ်ပေါ့"

"ဟုတ်တယ်။ သူနဲ့မမ သိခဲ့ဖူးတယ်"

"အဲဒါကြောင့် ကျွန်တော်တင်းနေတာ"

"အကာ"

"လူဆိုးမှန်းလူကောင်းမှန်းမသိဘဲနဲ့ မမ အဲဒီလူနဲ့ငြိခဲ့ တာမဟုတ်လား"

"မဟုတ်ဘူး အကာ"

"ဒီလောက်ဆို ကျွန်တော်သဘောပေါက်လိုက်ပါပြီ။ ခင် ခင်ရဲ့လောက်နဲ့ ရှာစရာမှမလိုတာ။ မမကို ကျွန်တော်ပြောထား ယ်၊ ကျွန်တော်တို့ထက် မမ ဘယ်သူ့အပေါ်မှ သံယောဇဉ်ပို ရောမလိုဘူး"

ပြောပြီး အကာ သုတ်ခနဲဆင်းသွားလေတော့ အတာ ဘာမှမပြောလိုက်နိုင်တော့ပေ။

☆ ☆ ☆



# အခန်း (၁၂)

အဘာ ထမင်းချိုင့်ကလေးကိုင်၍ ကျိုက်ထီးရိုးတောင်

သို့ တက်ခဲ့သည်။ ပစ္စည်းတွေ အငှားထမ်းရတဲ့အလုပ်က

နီးကလို တောင်ခြေကနေ တောင်ပေါ်ထိအောင် သယ်ရ

ဟုတ်တော့။

ကားတွေနဲ့တက်လို့ရတဲ့အချိန်ကစပြီး ကားဂိတ်ကနေ

ရင်ပြင်ပေါ်အထိပဲ သယ်ရတာပါ။ အဘာ့ခြေလှမ်းတွေက

းလွှားနှင့်လျှောက်နေစဉ်. . .

"ဟိတ်! ဒီမှာ. . .ဒီမှာ"

ရွှေနန်းကျင်ပြတိုက်ရှေ့ကို ဖြတ်အလျှောက်မှာ ပြတိုက်

နေ ထွက်လာတဲ့မိန်းကလေးက အဘာ့ရှေ့အထိပြေးလာ

ပြီး ရှေ့ကနေ ဖိတ်ရပ်လိုက်သည်။

"ခဏလေး"

"ရှင်"

"တစ်ခုလောက် မေးစရာရှိလို့"

"ဘာများလဲဟင်၊ မေးလေ"

"နာမည်ဘယ်လိုခေါ်သလဲဟင်"

"ရှင်!"

အတာ အံ့ဩသွား၏။

ယောက်ျားလေးသာဆိုလျှင် ရှုပ်တာကြောင်တာ မြင်... ပေမယ့် မိန်းကလေးကျတော့ ဘယ်လိုထင်ရမလဲ။

"နာမည်လေးသိချင်လို့ပါ၊ ပြောပြပါလားဟင်"

"ဟို... တီတီတာပါရှင်"

"အတာ... အတာလားဟင်"

"ဟုတ်ပါတယ်"

တစ်ဖက်ကမိန်းကလေးသည် ဝမ်းသာအားရဟန်... ဖြစ်သွားပြီး နောက်သို့လှည့်ကာ...

"ရတုရေ"

"ဟင်!"





ရတုတဲ့။ အတာလှည့်ကြည့်လိုက်တော့ အတာတို့ဆီ... သူတစ်ယောက် ခပ်သွက်သွက်လျှောက်လာသည်။ အနားကို... ...က်လာတော့...

"အတာ... အတာဟုတ်ပါတယ်နော်"

"နင်... နင်က ရတုလား"

"ဟုတ်တယ်၊ နင်... နင် တကယ် အတာပေါ့နော်။ ...သာလိုက်တာ အတာရယ်"

"ဆံပင်အရှည်ကြီးတွေနဲ့ အတာနဲ့လည်း ဆင်တယ်ဆို... ရတုက လိုက်မေးခိုင်းတာလေ။ သူလိုက်မေးရင် တမျိုးထင် ...ခိုးလို့ပါ"

ရတု အတာ့ကိုဆိုက်ဆိုက်မြိုက်မြိုက်တွေ့လိုက်ရသဖြင့် ...င်ထဲမှာ အူတွေအသည်းတွေ လှိုက်တာလာအောင် ဝမ်းသာမိ ...သည်။ ရတုလက်က လက်စွပ်ကလေးကိုကြည့်လိုက်ရင်း...

"နင့်မှာ လက်စွပ်ရှိသေးလား အတာ"

"ရှိပါတယ် ရတု"

"ဟာ! အတာရယ်"

ရတု အတာ့လက်ကလေးကို ဆွဲကိုင်ရတော့မလို၊ မွေ့... ...လိုက်ချင်သလိုရှိပြီး ပတ်ဝန်းကျင်နှင့်ကာလဒေသကြောင့် စိတ်

ကိုချုပ်ထိန်း၍ မချင့်မရဲဖြစ်ကာ ရှေ့တိုးရမလို နောက်ဆုတ်ရမ
ပါ။

"ငါ ယမုံတို့နောက်ကို လိုက်သွားတော့မယ် ရ

ပြောပြီး ငွေ့က သူတို့ရှေ့မှထွက်သွားလေလျှင်

"အတာ"

"ဟင်"

"ငါ့ဘက်က သစ္စာရှိရှိနဲ့ ကတိမပျက်ဘူးအတာ။

အချိန်တန်လို့ နင့်ဆီကိုငါပြန်လာတာ။ နင်လည်း ငါ့အပေ
သစ္စာရှိနေတယ်မဟုတ်လားဟင်"

"ရတုရယ်"

"ငါ နင့်ကိုတစ်နေ့မှမေ့လို့မရခဲ့ဘူးအတာ။ ငါ့ရင်ထဲ
နင့်နေရာအတွက် ဘယ်သူ့ကိုမှလည်းအစားထိုးလို့မရခဲ့ဘူး
ဒါ နင့်ကိုမြှင့်မှအဆင်ပြေအောင်ပြောတာမဟုတ်ဘူး။ တကယ်

"ငါယုံပါတယ် ရတုရယ်၊ ဒါနဲ့"

"ဘာလဲ အတာ"

"စောစောကတစ်ယောက်က ဘယ်သူလဲဟင်"

"အဲဒါငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းပေါ့။ သူ့နာမည်က
ရည်မွှေ့တဲ့။ ငါကတော့ ငွေ့လို့ပဲခေါ်တယ်"





"သြော်"

အတာ့ရဲ့အကြည့်က ရတုရဲ့လက်က လက်စွပ်ကလေး
ဆီရောက်သွား၏။ သူ့လက်က လက်စွပ်ကလေးမှာ အရောင်မှိန်
ရှိနေပါလား။ အတာက မဝတ်ဘဲ သေသေချာချာသိမ်းထား
သူ့လက်စွပ်ရှေလောက်တော့ အရောင်မမှိန်သေးပါ။

"နင် ဒီလက်စွပ်ကိုအမြဲဝတ်ထားတာလားဟင် ရတု"

"ဒါပေါ့၊ နင်ကော"

"ငါကသိမ်းထားတာ၊ အလုပ်လုပ်ရင်း ထိခိုက်မိပြီး ကျိုး
မှာစိုးလို့"

"နင်တန်ဖိုးထားတဲ့အတွက် ငါဝမ်းသာတယ် အတာ"

စကားပြောရင်းပဲ လမ်းလျှောက်ကြတော့ ရတု အတာ့
နာလေးကိုငေးမိသည်။ အတာက အရင်ထက် အသားတွေ
ပြီး ခန္ဓာကိုယ်ကျစ်ကျစ်လစ်လစ်နှင့် လှနေသည်။

ဒီလိုလှတဲ့ကောင်မလေးကို ဒီလောက်ကြီးတဲ့ညောင်ပင်
ရက်စိုးမကောင်ဘူးလားဟုမေးချင်၏။ အတာ့ကိုမယုံလို့မဟုတ်
ယ့် စိတ်မချချင်ဖြစ်သွားတာ။ ဟိုတုန်းကတော့ သံယောဇဉ်
မြင်တော့ အချစ်တွေပါပေါင်းစုပြီး ရင်ဘတ်ထဲမှာ လှုပ်ခတ်ရ
အလွမ်းတွေ မျှော်လင့်ချက်တွေက အချစ်အနိုင်အခဲကြီးတစ်

ခုအဖြစ် ထုထည်ပိုကြီးမားလာသည်ထင်၏။

"နှင့်ကို ငါအမြဲတမ်းလွမ်းနေခဲ့တာ အတာရဲ့"

"ယုံရမှာလား"

"ငါ့မှာသက်သေရှိတယ်၊ ဒီမှာကြည့်"

ရတုက အတာ့ရှေ့သို့ သူ့လက်မှ 'အတာ' လို့တက် တိုးထားတာလေးကိုပြသည်။

"ဟယ်! ငါ့နာမည်လေး"

"ဟုတ်တယ်၊ အဲဒါသက်သေပဲ။ အခု လူကလည်း နှင့်ရှေ့မှောက်ကို အရောက်လာခဲ့တယ်လေ"

"နာမည်ထိုးတုန်းက နှင့်လက်နာမှာပေါ့နော်"

"နာတာပေါ့ဟာ၊ သွေးတွေတောင်ထွက်တယ်"

"ရတုရယ်"

အတာ ကိုယ့်နာမည်လေးရှိသည့် ရတုရဲ့လက်ကော ဝတ်လေးကို လက်နှင့်ဖိဆုပ်လိုက်မိ၏။ နောက် ပြန်လွှတ် တော့. . .

"ဆက်ကိုင်ထားလေ"

"ဟွင့်အင်း. . . သူများတွေမြင်ရင် တစ်မျိုးထင်နေ မယ်"





"ထင်ထင်ပေါ့"

"ဖြစ်မလား။ ဒီအနားမှာက ငါ့ကိုသိတဲ့လူတွေများတယ်"

"ဘာဖြစ်လဲဟာ၊ ကြော်ငြာပြီးသားဖြစ်သွားတာပေါ့။ ဒါ ရဲ့ခင်ပွန်းလောင်းပါလို့လေ"

"အမယ်! နှင့်ကို ဘယ်သူက ယူမယ်လို့ပြောလို့လဲ"

"ဟိတ်! ကတိမဖျက်ကြေး၊ သစ္စာမဖောက်ကြေးလေ။ လေး စေ့စပ်လက်စွပ်ကို လက်ခံထားတာမဟုတ်လား"

အတာမျက်စောင်းလေး ထိုးလိုက်၏။ ဖန်လက်စွပ်လေး ပေးပြီး ထားခဲ့ကြတဲ့ကတိအတိုင်း သူပြန်လာခဲ့တာကို ကျေး င်ပါသည်။ ဟိုတုန်းက ကလေးတွေဆိုပေမယ့် စိတ်ခံစားမှု တ်သက်ပြီး သိတတ်နားလည်နေသည့်အရွယ်တွေမို့. . .

အတာလည်းပြုခဲ့ကြသည့်သစ္စာ၊ ထားခဲ့ကြသည့်ကတိ ကို လက်စွပ်ကလေးနှင့်အတူ အမြဲတမ်းအမှတ်ရစွာ ထိန်း ခဲ့သူပါ။

"နှင် အရင်လိုမဟုတ်တော့ဘူးနော် အတာ"

"ဟင်! ဘာဖြစ်လို့လဲ"

"နှင်အရမ်းလှလာတယ်"

အတာရယ်ပြီး ရတုမျက်နှာကိုမော့ကြည့်ကာ. . .

"နင်က အရင်လောက်တော့ မချောတော့ဘူး။ ...
လာလို့ထင်တယ်။ ဒါပေမဲ့ ကြည့်ကောင်းတယ်"

ရတုကို ဘယ်သူကများ ချောပါတယ်လို့တင်စား... ရှိလို့လဲ။ ကြည့်ကောင်းရုံနဲ့ ရွက်ကြမ်းရေကျို့ဆိုတာ ကိုယ်ကို... တိုင်ကအစ မှန်ရှေ့ရပ်ပြီးလက်ခံထားသည်မဟုတ်လား။

"ငါ့ကိုမချောဘူးဆိုပြီး ကတိဖျက်ချင်လို့လား"

"မဆိုင်တာ ရတုရယ်၊ နင်ပြောသလိုသာဆို ရုပ်ဆိုး... သူတွေ မျိုးဆက်တုံးရချည်ရဲ့"

"နင့်မှာ အဲဒီလိုအမြင်ရှိရင် ငါစိတ်ပူစရာမလိုတော့ဘူ... ပေါ့နော်"

"ငါ့ကို နင်ကအထင်သေးတာလား"

"မသေးရဲပါဘူးဗျာ။ အထင်ကြီးလေးစားလို့ပဲ သူမှာ... ဦးမှာ တွေးပူပြီး ပြေးလာခဲ့ရတာ"

အတာက ဘဝပိုင်းဆိုင်ရာ တွေ့ကြုံရင့်ကျက်မှုတွေ... တကယ်လေးစားထိုက်သည့်မိန်းကလေးပါ။ ဘဝဆိုတဲ့ပြေးလ... ထဲမှာ လဲရင်ထ၊ မတ်ရင်လျှောက်ဝါဒနှင့်ကိုက်ညီခဲ့တာ ရ... စတွေ့ကတည်းကပါ။

"ပြေးလာတဲ့သူက ပစ်ထားခဲ့တာ ဆယ်နှစ်ကျော်...





"ဆန္ဒရဲ့လက်အောက်မှာ ဘဝရှေ့ရေးအတွက် လိုအပ် ...တွေ ထုပ်ပိုးနေရသေးတယ် အတာရဲ့"

"ဟုတ်လား၊ ဘာတွေထုပ်ပိုးခဲ့တာလဲ"

"လူမဖိုးနိုင်တဲ့ရွှေအိုးပေါ့ အတာ"

ပညာရွှေအိုး လူမဖိုးဆိုတော့ ရတု ဘယ်သူမှဖွဲ့ယူဖျက် ...ဆီးပစ်လို့မရနိုင်တဲ့ရတနာတွေ ထုပ်ပိုးခဲ့တာပါ။

သူ့အသိုင်းအဝိုင်းက ရတုနှင့်အတာ့ကို သဘောတူကြည် ...ဖြူမှုမဟုတ်တာ။ အဲဒီတော့ ကိုယ်က ယောကျ်ားပီပီ ဆင်းရဲ ...ဘူးထဲ ခုန်ချဖို့ခြေလှမ်းပြင်ပြီး တစ်ပါတည်းပြန်တက်ဖို့ ရောကား ... သယ်ဆောင်လာတယ်ဆိုလျှင် မမှားပေ။

"ရှေ့နားကျရင် နင်သွားတော့နော် ရတု"

"ခုမှတွေ့ရတယ်၊ ဘာလို့နှင်နေတာလဲ။ ဆယ်နှစ်ကျော် ...သောင်းထားခဲ့တာ နင့်ကိုငါပြောစရာတွေ အများကြီးရှိတယ်။ ...အေးအေးဆေးဆေးစကားပြောရအောင်ဟာ. . .နော်"

"မဖြစ်ဘူး ရတု"

"ဟင်!"

ရတု ကွက်ခနဲမျက်နှာပျက်သွားသည်။

"ဘာဖြစ်လို့လဲ အတာ၊ နင်နဲ့ငါ ခုလိုတွေ့သွားတာကို

တစ်ယောက်ယောက်မြင်မှာစိုးလို့လား''

''ဟုတ်တယ်''

''ဘာ!''

ရတု ခြေလှမ်းတွေ ရပ်တန့်သွားကာ အတာ့လက်ကို လည်း ဆွဲထားလိုက်၏။ အတာကရုန်းတော့ လွှတ်ပေးလိုက်၏။ အတာ ဘာကိုစိုးရိမ်ကြောက်လန့်နေတာလဲ။

''နင်ဘယ်သူ့ကိုကြောက်နေတာလဲ၊ အဲဒီလူက ငါ့ထက် ပိုပြီးအရေးကြီးနေလို့လား အတာ''

''ဟုတ်တယ် ရတု''

''ဘာ! အတာ. . . နင်''

ရတုဝမ်းသာရတာ ကာလမရှည်လိုက်ရပါလား။ ကတိ မဖျက်ဘူး၊ သစ္စာမပျက်ဘူးလို့ပြောပြီး အခုဘာဖြစ်တာလဲ၊ အတာ့ ရင်ထဲမှာ ကိုယ်က တကယ်မရှိခဲ့ဘူးလား။ တွေ့စမှာဝမ်းသာအောင် စကားလုံးချိုချိုလေးတွေ အမြည်းကျွေးပြီး အဆုံးသတ်မှ ကျော နဲ့ရင်ကို ညှပ်ထုပြီး အန့်ထွက်အောင် လုပ်နေတာလား အတာ ရယ်။

''ငါ့ အကာ့ကို ထမင်းချိုင့်လာပို့တာ။ ကားဂိတ်မှာမတွေ့ လို့ ဒီကိုထိတက်လာခဲ့ရတာလေ''





''အကာ. . . ဟုတ်လား''

''ဟုတ်တယ် ရတု၊ အကာက ငါ့မောင်လေးလေ။ နင့် သူတွေ့ရင် ပြဿနာရှာမှာစိုးလို့ပါ''

''အကာက နင့်မောင်လေး''

''ဟုတ်တယ်လေ၊ သူ့နာမည်အရင်းက လင်းဥက္ကာတဲ့၊ ယ်ဆုံးလေးက မင်းဒီပါ၊ အပါက ရန်ကုန်မှာ ဆေးကျောင်း က်နေတာ ရတုရဲ့''

ပြုံးမယောင်ညှိုးမှောင်သွားတဲ့ ရတုမျက်နှာသည် အတာ ပြီးမှပဲ တိမ်ညိုမည်းတွေ မှန်တိုင်းနောက်ပါသွားသလို၊ ကြည် ခြင်းသို့ ပြန်လည်ကူးပြောင်းသွားသည်။ အတာ့မောင်လေး င်းဥက္ကာတဲ့။ မျက်ဝန်းထဲမှာ လင်းဥက္ကာကိုမြင်ယောင်မိသွား၏။ ခါက ကားပေါ်မှာတွေ့ပြီး ခပ်ချောချောကောင်လေးမို့ မှတ် က်တာ။ နာမည်လေးကလည်း တစ်မျိုးလေးပေါ့။

ဒုတိယဆုံခြင်းမှာ အတာဆိုတဲ့မိန်းကလေးအကြောင်း တာနဲ့ 'မသိဘူး' လို့အပြတ်ပြောပြီး ထွက်သွားတဲ့ကောင်လေး နာပျက်သွားတာ ဒါကြောင့်ကိုး။

''အဟွန်း!''

''ဟင်! ရုပ်ကအပြောင်းအလဲမြန်လိုက်တာ။ စောစောက

တစ်မျိုး ခုတစ်မျိုးပါလား''

''စောစောကတည်းက အတော့်မောင်လေး တွေ့သွားမှာ စိုးလို့လို့ပြောလိုက်ရင် ငါဒေါသထွက်သွားဖို့အကြောင်းမရှိဘူးလေ နင်က ဟိုလိုလိုဒီလိုလိုကြီးပြောတော့ ငါရင်ပူသွားတာဟ''

''နင်က ငါ့စကားကိုဆုံးအောင်နားထောင်လို့လား။ ငါ စကားပြောမလို့ ပါးစပ်ဟာရုံရှိသေး။ နင်ပဲမေးချင်တာတွေ ဖြတ် ဖြတ်မေးသွားတာမဟုတ်လား''

''အဟဲ''

အတာပြောတာဟုတ်နေသဖြင့် ရတု ရှက်ရယ်ရယ်လိုက် ၏ ကိုယ်ပဲစိတ်လောမေးပြီး ကိုယ်ပဲတစ်လွဲထင်နေတာ မဟုတ် လား။

''လင်းညွှန့်နဲ့ငါ နှစ်ခါဆုံဖူးတယ် အတာ''

''နှစ်ခါတောင်''

''အေး''

''ဒါကြောင့် ဟိုကောင် အိမ်မှာ ငါ့ကိုတကြိုင်း ကြိုင်းနေ တာ။ ဘယ်နှခါဆုံလဲတော့ ငါမသိဘူး။ မနက်ကပဲ မမကို ရတု ဆိုလား ဒီရတုဆိုလား လူတစ်ယောက်မေးလို့တဲ့လေ''

''ဟင်! ဒါဆို ငါဒီကိုရောက်နေတာ နင်ကြိုသိနေတာ





မေ့ ဟုတ်လား''

''အင်း''

အတာက အပြုံးနုနုလေးနှင့် ခေါင်းညိတ်ပြလေတော့

''ဒါဆို ယောက်ဖက ကြိုသတင်းပေးလို့ နင် ငါ့ကိုလာ ရှာတာပေါ့''

''အမယ်! ရတုနော်၊ ဘာယောက်ဖလဲ။ နင့်ကိုလာရှာ တာလည်းမဟုတ်ဘူး။ ငါ အကော့်ကိုစိတ်ကောက်သွားလို့ အမင်း သာပို့တာ''

''မကြာခင် တော်ရမှာလေ''

အတာက မျက်စောင်းထိုးလေ၏။ ထိုမျက်စောင်းလေး ကပဲ ရတုနှလုံးသားကို ပုတ်ခတ်နိုးထစေသည်။ ရင်ထဲမှာ ထိုင် ခနဲခုန်သွားတာ အချစ်ဟုခေါ်၏။ ဟိုတုန်းက လွမ်းခဲ့ထားသည် ခုလိုချစ်တတ်အောင် ဖြေလှမ်းလမ်းပြခဲ့ခြင်းသာ။

''ဒီအရွယ်ကြီးရောက်နေတာတောင် လင်းညွှန့်က မိတ် ဆက်တုန်းလား''

''သူက အတော့်ကိုချစ်လို့ သဝန်တိုသွားတာလေ။ သူ့ သက်ပိုပြီး သူ့များကိုသဲယောဇဉ်ပိုမှာစိုးတာ''

''ဟွန်း. . . သူကတော့ မိန်းမယူတော့တဲ့အထိ''

ရတုကလည်း မကျေမချမ်းဆိုဏ်။ သူလည်းစိတ်ကော ခွင့်သာရလျှင် အကာနှင့်ပြိုင်ပြီး စိတ်ကောက်ပစ်လိုက်ချင်း ချစ်ခြင်းသဘော နှလုံးသားချင်းနှီးနှောဖလှယ်ပွဲမှာ လွမ်းမော တွေ ကင်းဝေးပါစေ။

"ရတု"

"ငါသွားတော့မယ်၊ နင်လည်းသွားတော့နော်။ နော နေ့မှတွေ့ကြတာပေါ့"

"နောက်နေ့ ဘယ်မှာဆုံကြမလဲ"

အတာက အတန်ကြာအောင် စဉ်းစားပြီးမှ. . .

"နင်နဲ့ငါ စတွေ့ခဲ့တဲ့မုဆိုးတောင်မှာ ဆုံကြမယ်လေ"

"OK! ဒါဆို ငါစောင့်နေမယ်"

အတာခေါင်းညိတ်ပြီး ထွက်လာသည့်တိုင် ရတု မသွား သေးဘဲ ရပ်ကြည့်နေသည်။

ကျိုက်ထီးရိုးဆံတော်ရှင်ဘုရား၊ တပည့်တော်နဲ့အတ တို့ရဲ့ချစ်ခရီးလမ်းမှာ ဆူး၊ ငြောင့်၊ ခလုတ် အတားအဆီးများ မည်ဆိုလျှင် တပည့်တော်တို့ကို သနားငဲ့ညှာသောအားဖြင့် ဖယ် ရှားပေးပါဘုရား။

☆ ☆ ☆



## အခန်း (၁၃)

"မင်းဟာက မဟုတ်သေးပါဘူး အကာရာ"

"မင်းမသိဘူး ဇင်ကို၊ ငါက မမကိုသိပ်ချစ်တာကွ"

"ချစ်တာချစ်လေ၊ မင်းကို ဘယ်သူကမချစ်နဲ့လို့ တား နေလို့လဲ"

"ငါ မမရဲ့အချစ်ကို သူစိမ်းတစ်ယောက်နဲ့မျှဝေပြီး မခံ တားနိုင်ဘူး ဇင်ကို"

"အဲဒါ မင်းတစ်ကိုယ်ကောင်းဆန်တာ"

"ဘာ!"

ခရီးသည်တွေရဲ့ခရီးဆောင်အိတ်တွေကို ပိုင်ရှင်လက်ထဲ ပြန်အပ်ပြီးလို့ ပြန်အလာမှာ. . .

ယောက်ျားတစ်ယောက်နှင့်ရယ်ကာမောကာ စကားပြော နေတဲ့မမကို မြင်လိုက်ရတော့ အကာ့မျက်လုံးတွေ ပြာဝေသွား မတတ်ပါပဲ။ ဒေါ်သက ထောင်းခနဲထွက်သွားပြီး ဟိုလူ့ကိုလည် သီးစာ ကျွေးပစ်ချင်လိုက်တာ။

ဖင်ကိုက 'စိတ်လျှော့စမ်းပါကွာ' ဆိုပြီး ဆွဲခေါ်လာ သာ ရင်ပြင်ပေါ်က သစ်ပင်လေးဆီသို့ပြန်ရောက်လာပြီး ထိုင်ကြ ကြတာ။ ပေါက်ကွဲချင်တာကို ဘယ်လိုဖြေလိုက်ရမှန်းမသိ။

"ငါက တစ်ကိုယ်ကောင်းဆန်တယ်ဟုတ်လား"

"ဟုတ်တယ်လေ၊ မင်းတရားသဘောနဲ့ပဲ တွေးကြည့် ကြည့်။ သဘာဝတရားနဲ့ပဲရှုကြည့်ကြည့်။ သမီးမွေးထားရင် သား မက်ရမယ်။ သားမွေးထားရင် ချွေးမရမယ်။ နှမရှိရင် ယောက် ဆိုတာ မလွဲမသွေရှိလာမှာပဲ။ မောင်ရှိတဲ့လူကလည်း ယောက် ရမှာပဲလေ။ ဒါက သဘာဝတရားလေ။ မင်းကျမှ သဘာဝတရား ကိုဆန့်ကျင်ပြီး မြေပြင်ကနေ အထက်လှန်မိုးရွာလို့ရမလားကွ"

"အဲဒီသဘာဝတရားတွေကိုပဲ ခေါင်းနဲ့ပြေးဆောင့်ပြီး ဖြိုချလိုက်ချင်တာ"

"ဖြိုလေ၊ မင်းပဲခေါင်းကွဲပြီး ဂန့်သွားမယ်။ သဘာ တရားက မင်းကိုအရှုံးဆိုပြီး တံတွေးနဲ့တောင် ထွေးသွားဦးမယ်





ရဲ့သဘာဝကို လက်ခံစမ်းပါ အကာရာ"

"တောက်!"

တက်ခေါက်သံပြင်းပြင်းနှင့်အတူ အကာ အကျီကြယ် သီးကို ဖြစ်သလိုဆွဲဖြုတ်လိုက်တော့ ကြယ်သီးတစ်လုံးက ပြုတ် ထွက်သွားသည်။

ဒါကို ဖင်ကိုက ငုံ့ကြည့်ပြီး. . .

"မဆိုင်တဲ့ကြယ်သီးက ဓားစာခံပါလား"

"သူတို့နှစ်ယောက် အရင်ကတည်းက ဇာတ်လမ်းရှိခဲ့ တာပဲဖြစ်ရမယ်"

"ဘယ်သူတို့နှစ်ယောက်လဲ"

"မမနဲ့ဟိုလူကိုပြောတာကွ"

ဖင်ကိုက ရယ်လိုက်ကာ. . .

ရှပ်အကျီရင်ဘတ်ကိုဟလျက် အထဲမှာ စွပ်ကျယ်အဖြူ လေး ဝတ်ထားတဲ့အကာ့ရင်ဘတ်ကို ပုတ်လိုက်ပြီး. . .

"လူတိုင်းမှာ နှလုံးသားရှိတယ်ကွ"

အကာက 'ဘာဖြစ်လဲ' ဟူသောသဘောနှင့် မျက်မှုံးနှစ် ဖက် ထိဆက်လုမတတ် ကျုံ့ပြီးကြည့်၏။

"နှလုံးသားတိုင်း အချစ်နဲ့မကင်းကြဘူး အကာ။ မင်း

လည်း တစ်နေ့ချစ်တတ်လာမှာပဲ''

''ငါက ဘုန်းကြီးဝတ်မှာ''

''ဟား. . . ဟား. . . ဟား''

အကာ့စကားကြောင့် ဇင်ကိုက အသံထွက်အောင်
လေသည်။ အချစ်နဲ့မတွေ့ခင် ပြောတတ်ကြတာက သူရော
မဟုတ်လား။

''ဟော့ကောင် ဇင်ကို''

''မင်းရုပ်က ဘုန်းကြီးဖြစ်မယ့်ရုပ်မဟုတ်ပါဘူး အက
ရာ။ အထုံပါလို့ ဝတ်ဖြစ်ရင်တောင် ပါရမီက ရေရှည်လက်
မဟုတ်ဘူး။ တော်ကြာ တရားဟောသံနဲ့ ကလေးချော့သိ
သီချင်းသံ မှားနေပါ့မယ်ကွာ''

''ဟော့ကောင်! မင်းတော်တော့''

''အကာရေ''

အတာက ထမင်းချိုင့်လေး လက်မှာကိုင်ပြီးရောက်
တော့ အကာက မျက်နှာလွှဲထားသည်။ မောင်တွေကိုချစ်
တယ်ဆိုပြီး အချစ်နဲ့တွေ့တော့ မောင်တွေကိုမေ့နေသူ။

''ဒီမှာ ထမင်းလာပို့တာ''

ချိုင့်လေးကိုမြှောက်ပြတော့. . .





''မစားဘူး၊ ပြန်ယူသွား''

''ဟယ်! ဘာဖြစ်လို့လဲ''

''မစားချင်လို့''

အတာမျက်နှာလေးညိုသွားလေလျှင် ဇင်ကိုက. . .

''အဟဲ. . . မမ ဘာဟင်းချက်လာလဲ''

''တောဝက်သား ဝယ်ချက်လာတယ်လေ''

''အဲ! ဗိုက်ကိုဆာသွားတာပဲ. . . ဟဲဟဲ''

ဇင်ကို ဗိုက်ကိုပွတ်၍ စပ်ဖြီးဖြီးလုပ်ပြတော့ အကာက
ကျ်ားမျက်စောင်းကြီးထိုးလေ၏။

''ဂွီး. . .''

''အဲ. . .''

အကာ့ဗိုက်ထဲက ဂွီးခနဲအော်သံကြောင့် ဇင်ကိုက အကာ့
ကိုကြည့်သည်။ လူကစိတ်ကောက်နေပေမယ့် ဗိုက်က စိတ်
ကောက်နေတာမှမဟုတ်တာ။

''မင်း ကိုယ့်ဗိုက်ကိုယ် မညှင်းဆဲနဲ့တော့အကာ။ လူက
ဒေါင်နေပေမယ့် မင်းဗိုက်က အငမ်းမရဖြစ်နေပြီ။ ဆာနေ
ကို စားလိုက်။ စားပြီးမှ မကျေနပ်ရင် ကျွမ်းပဲထိုးထိုး၊ ကင်း
ကောက်ပဲထောင်ထောင် ကြိုက်သလိုသာလုပ်''

''အကာ''

အကာက မျက်လွှာပင့်ကြည့်သည်။

''မင်း. မမကိုစိတ်ကောက်မပြေသေးတာလား''

''ပြေပြီးမှ ပြန်ကောက်တာ''

''ဘာမှမဟုတ်ဘူးမမ၊ ဒီကောင် ခရုကိုမကျွေးနေတာ။ သူ့အရင် တိုင်ထိပ်ကိုရောက်သွားလို့တဲ့လေ''

''ဘယ်က ခရုလဲ''

''မပုကြွယ်နဲ့ ခရုငယ်ဖတ်စာထဲက ခရု''

''နင်ကတော့ မဟုတ်တာတွေပြောတော့မယ်''

''အလကားစတာပါ မမရာ၊ ဒီကောင် မမထမင်း...တာကို စောင့်နေတာကြာပြီ။ အဲဒါ မမရောက်လာတာနော...လို့ဆိုပြီး စိတ်ကောက်တာ''

အတာစိတ်မကောင်းဖြစ်သွားရ၏။ သူမ ရတုနဲ့...ကြာသွားတာ။ သူမအပြစ်ပါ။ အကာ ထမင်းဆာနေရှာမှာ...

''ဒါဆို ထမင်းမြန်မြန်စားလိုက်နော် အကာ''

''မစားဘူး''

''မမကလည်း ကလေးက သွားမှမပေါက်သေးတာ...ခွံ့လိုက်လေ. . . ဝါးခွံ့လိုက်''

''အေး. . . ဟုတ်တယ်၊ မမက မောင်လေးကိုခွံ့ကျွေး...ပါ။ စားမယ်မဟုတ်လားဟင်''

''ငွီး. . .''

''ဟော! ဗိုက်ထဲက စားမယ် စားမယ် မြန်မြန်ခွံ့ကျွေးပါ...တဲ့။ မမလက်နဲ့ခွံ့ကျွေးတဲ့ထမင်းက ပိုမြိန်တယ်လို့ မောင်...ပြောတာ မမမှတ်မိနေတယ်။ ခွံ့ကျွေးမယ်နော်''

အကာ့ဒေါသတွေ ခုတော့ လွင့်စင်သွားတော့မည်ထင်...ဘင်းနေတဲ့မျက်နှာက ပြေလျော့သွားသည်။

အတာ ထမင်းချိုင့်ဆင့်လေးတွေကိုဖြုတ်ပြီး အကာ့ရှေ့...ပေးကာ. . .

''ပါးစပ်ဟ''

''. . .''

''ဟလေကွာ''

''ဟပေးမှာပါ ဇင်ကိုရဲ့၊ ငါ့မောင်လေးရဲ့နှုတ်ခမ်းလေး...ကြည့်စမ်း။ မြင့်မြတ်လိုလို စွမ်းဇာနည်လိုလိုနဲ့ ပြူးလိုက်...နေတို့။ ရယ်လိုက်ရင် ဂူချွန်ဖြီး''

အကာနှုတ်ခမ်းလေးတွေ ပြူးလာသည်။ ဒီကောင် ဘယ်...ာ အတာ့အပေါ် ကြာကြာစိတ်ကောက်ဖူးလို့လဲ။

"ကိုယ့်ဘာသာကိုယ်ပဲ စားမယ်"

"ကိုင်မိလက်စတစ်ဖွန်းလေးတော့ စားပေးလိုက်ပါအစ
ရာ။ တော်ကြာ မမလက်ရှက်နေမယ်"

"အင်း. . . ဟုတ်တယ်၊ စားနော်"

အကာ့ပါးစပ်ကလေး ပွင့်ဟလာတော့ အတာ ခွံ့ကျွေ
လိုက်သည်။ အဲဒီလိုကြင်နာကြလို့ပဲ မမကိုခွဲသွားမှာစိုးတာ

ဒါပေမဲ့. . .

ဇင်ကိုပြောသလိုပဲ အချိန်တန်ရင် ခွဲခွာကြရမှာပဲလေ
ရှင်ကွဲလား သေကွဲလားမသိပေမယ့် မေးစမ်းနေဖို့မှမလိုတာ

"စားလို့ကောင်းလား"

"အင်း"

"နောက်ထပ်ခွံ့ကျွေးဦးမလား"

"အင်း"

အတာ နောက်ထပ်ခွံ့ကျွေးတော့ အကာက မပြဖြင့်
ရဲ့မျက်နှာကိုငေးကြည့်ကာ. . .

"မပ"

"ဟင်"

"မမချက်ကျွေးတဲ့ထမင်းဟင်းတွေကို ကျွန်တော် ဘ





ာက်ကြာကြာစားရဦးမှာလဲဟင်"

အတာ ဘာပြန်ဖြေလိုက်ရမှန်းမသိဘဲ အကာ့ကို ခပ်
ကြောင်ကြောင်လေး ပြန်ငေးကြည့်နေသည်။ ကြားထဲက ဇင်ကို
. . .

"မင်းကလည်းကွာ. . . ကြိုကြိုဖန်ဖန်တွေ မေးနေသေး
ယ်။ အချိန်ကာလဆိုတာ ကိုယ်သတ်မှတ်လို့မရဘူးကွ"

☆☆☆



# အခန်း (၁၄)

ညနေဆည်းဆာအချိန်တွင် ရေချိုးပြီးကြလို့ ဇွေ့ ဘုရား
ပြင်ပေါ်သို့ရောက်လာခဲ့သည်။ ကင်မရာလေးကိုကိုင်လျက်
ဘာနားရှိ ခုံတန်းလေးပေါ်မှာထိုင်ပြီး သွားလာလှုပ်ရှားနေကြ
လူတွေကို လိုက်လံငေးမောနေ၏။

နိုင်ငံခြားသားတွေမှ လာကြတာ တစ်သုတ်ပြီးတစ်သုတ်၊
မရိကန်၊ ကိုရီးယား။ ထိုင်းလူမျိုးတွေကို အများဆုံးမြင်ရသည်။
တို့ အမျိုးသမီးတွေမှာ ထဘီလေးများနှင့်။ မဝတ်တတ် ဝတ်
တ်နှင့် ဝတ်ထားရသည့်ထင်ပါရဲ့။ ထဘီဝတ်ပြီး ခါးပတ် ပတ်
ကြသည်။

"တော်တော်သာယာတာပဲနော်"

"ဟုတ်တယ်၊ မြန်မာပြည်က ဗုဒ္ဓဘာသာ သာသနာထွန်းကားတဲ့ဒေသပဲ"

"ပျော်စရာကောင်းလိုက်တာ"

"မြန်မာပြည်မှာ ကျန်ခဲ့မလား စကော့"

အင်္ဂလိပ်လိုပြောနေကြသဖြင့် ဖြတ်သွားဖြတ်လာမြန်မာတွေက ငေးကြည့်ပြီး ပြုံးစိစိလုပ်သွားကြသည်။ ငွေ့ အင်္ဂလိပ်စပီကင်ကျွမ်းကျင်သူမို့ ကိုယ် မြန်မာပြည်သူဖြစ်ရတာကိုပဲ ဂုဏ်ယူမိ၏။

"မင်းတို့ အပျို့ကိုငွေပို့ပြီးပြီလား အကာ"

"အင်း. . . မနက်ကပဲ ငါ ကားနဲ့တင်ပေးလိုက်တယ်"

"မင်းတို့မောင်နှမတော့ အပျိုလည်းဆရာဝန်ဖြစ်ရော သူများကိုမကုရင်ခင် မင်းတို့ကိုပြန်ကုရမယ်"

"ဘာဖြစ်လို့လဲ"

"သူ့အတွက် မင်းတို့ရုန်းကန်နေရတာ ဘယ်လောက် ပင်ပန်းနေပြီလဲ။ အခုပို့တဲ့ဆယ်သိန်းဆိုတာ တစ်နှစ်စရိတ်တောင် ရှိပါ့မလား"

"ပင်ပန်းပါစေကွာ၊ တို့က အကြီးတွေပဲ၊ အပျိုဘဝလေး လှပအောင် ပြုစုပျိုးထောင်ဖို့က တို့တာဝန်လေ။ သူဆရာဝန်ဖြစ်





တော့ တို့မောင်နှမတွေ ဂုဏ်တက်တာပေါ့"

"ဂုဏ်မတက်ခင် ဘုံလည်းပျက်နေဦးမယ်ကွ"

"နိမိတ်မရှိကွာ"

ငွေ့ ထရပ်ပြီး ရှေ့သို့လျှောက်လာကာ. . .

"လင်းညက္ကာ"

"ဟင်"

ငွေ့ကို အကာ ခပ်ကြောင်ကြောင်လေးကြည့်လေတော့ ငွေ့ ပြုံးပြလိုက်ကာ. . .

"မမကို မှတ်မိလား"

အကာ မမှတ်မိစရာအကြောင်းမှမရှိတာ။ ကိုယ် ပထမဆုံး ငွေ့ဖက်လိုက်မိတဲ့မိန်းကလေးပဲမဟုတ်လား။

"ဟုတ်! မှတ်မိပါတယ်"

"ဟိုနေ့ကကိစ္စအတွက် မမ လင်းညက္ကာကိုအရမ်းကျေးဇူးတင်ပါတယ်"

"မမက ကျွန်တော့်နာမည်ကိုဘယ်လိုသိနေတာလဲ"

"ကိုယ့်အသက်သခင် ကျေးဇူးရှင်ရဲ့နာမည်ကို သိချင်လို့ စုံစမ်းထားရတာလေ"

အကာ့ကို ဇင်ကိုက မသိမသာ တံတောင်နှင့်တွတ်လေ

သဖြင့် အကာလှည့်ကြည့်ပြီး မျက်မှောင်ကြုတ်ပြလိုက်၏။

တကယ်ဆိုရင် . . .

ငွေ့ ပထမဆုံးကားပေါ်မှာ အတူတူထိုင်ဖြစ်တုန်းက မ

စပယ်ယာခေါ်လိုက်တဲ့သူ့နာမည်လေးကို မှတ်မိနေခဲ့တာပါ။ သူ့

နာမည်လေးက ဆန်းလို့လေ။

''မမတစ်ယောက်တည်းလား''

''ဟုတ်တယ်၊ ကျန်တဲ့သူတွေက ဟပ်စကီးကွင်းဘက်

သွားကြတယ်လေ''

''ဪ''

''လင်းဉက္ကာတို့ ပြန်ကြတော့မလို့လား''

''ဟုတ်ကဲ့မမ''

''မမက အကာ့နာမည်ကိုသိပြီး အကာက မမနာမည်

ကိုမသိဘူးနော်''

ဖင်ကိုဝင်ပြောလိုက်တော့ ငွေ့ကရယ်လိုက်ကာ. . .

''မမနာမည် ငွေ့ရည်ဖွဲ့ပါကွယ်။ ငွေ့လို့ပဲ အများကခေါ်

ကြတယ်လေ''

''ငွေ့ရည်ဖွဲ့ဆိုတော့ ဘာငွေ့တွေကို ဖွဲ့တာလဲဟင်''

''ဟော့ကောင်''





အကာ လျှာရှည်တဲ့ဖင့်ကို့ကို နောက်ပြန်တံတောင်နှင့်

ွက်လိုက်၏။ ကြုံကြုံဖန်ဖန် ဘာတွေမေးနေမှန်းမသိ။ မမကို

အားနာစရာ။

''စိတ်မရှိနဲ့နော်မမ၊ ဒီကောင်က လျှာရှည်တော်နဲ့မိန်းမရှုပ်

ယ်ကျတားလို့ပါ''

''ဟာ! အကာ၊ မင်း ငါ့မိဘတွေကိုတော့ မစော်ကားနဲ့

ကွာ''

''အဲဒါဆို မင်းပါးစပ်ပိတ်ထား''

သူတို့နှစ်ယောက်ကိုကြည့်ပြီး ငွေ့က ရယ်ပဲရယ်နေ၏။

င်ကိုက ဝသီအတိုင်း ပါးစပ်ကပြိမ်နေတာမဟုတ်။

''မင်း မမချင်းမှားနော် အကာ''

''ဟင်! ဘာမှားမှာ''

''ဪ. . . ဒီလိုပါ၊ ကျွန်တော့်မှာ အစ်မတစ်ယောက်

ှိတယ်လေ။ အဲဒါ မမကို မမလို့ခေါ်တာနဲ့ မမကို မမလို့ခေါ်တာ

ှားမယ်လို့ပြောတာ''

''မမချင်း ရှုပ်နေတာပဲ''

အားလုံးရယ်လိုက်မိကြသည်။ လောကနေအေးလေ ပို

ိုက်လေမို့ ငွေ့ဆံပင်တွေက တလွင့်လွင့်။ ချမ်းစိမ့်စိမ့်ဖြစ်လာ

တာကြောင့် ငွေ့က လက်ကလေးကိုပိုက်ထားသည်။ ဖင်ကိုး
ငွေ့လက်ထဲက ကင်မရာလေးကိုမြင်သွားကာ. . .

''ဟား. . . မမမှာ ကင်မရာပါလာတာပဲ။ ကျွန်တော်
နှစ်ယောက်ကို ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးပါလား မမ''

''ရိုက်လို့ မမက ဒီမှာဆေးကူးမှာ ဟုတ်ချင်မှဟုတ်မှာ
ကို''

''ဒီမှာပဲ ကူးမှာပါ။ မမတို့က ကြာဦးမှာလေ''

''ဒါဆို ရိုက်ပေး မမ''

''အင်း. . . ရိုက်ပေးရမှာပေါ့''

ဖင်ကိုက အကာ့ကိုဆွဲခေါ်လျက် ပန်းကိုဖက်ကာ အိုက်
တင်လုပ်သည်။ ငွေ့က ကင်မရာလေးနှင့်ချိန်ပြီး. . .

''ပြုံးပြုံးလေးနော်''

လို့ပြောပြီး ကင်မရာက ဖျတ်ခနဲမီးပွင့်သွားသည်။

''လင်းဥက္ကာကို မမအကူအညီတစ်ခုလောက် တောင်း
လို့ရမလား''

''ဘာများလဲမမ၊ ကျွန်တော်ကူညီနိုင်တာဆို ကူညီ
မယ်''

''မမရဲ့အဖော်တွေက ညီလို့မရလို့ပါကွယ်၊ မမ





ခွန်စခန်းကိုသွားချင်လို့။ အဲဒါ မင်း မမကိုလိုက်ပို့ပေးပါလား။
လေ၊ မင်းရဲ့တစ်နေ့တာလုပ်အားခကို မမပေးပါ့မယ်''

''မဟုတ်တာ မမရယ်''

ပြောပြီး အကာ ဖင့်ကို့ကိုလှည့်ကြည့်လိုက်သည်။ ဖင်
က အဓိပ္ပာယ်တစ်ခုကို ဖော်ညွှန်းပြသည့်ပြုံးဖြဲဖြဲမျက်နှာနှင့်ပါ။
အကာဆိုတဲ့ကောင် ကံဇာတာမွေးလာပြီထင်ပါရဲ့။

အင်း. . .

ပြောသာပြောရတယ်၊ ဒီကောင်က နဂိုကတည်းက
မျက်နှာပွင့်သူ။ ရုပ်ကလေးရှိတော့ နှင်းဆီခိုင်လေးပေါ့။

''လိုက်သွားလိုက် အကာ၊ မမကိုပြင်းရမှာ အားနာစရာ
ကြီး''

''မဟုတ်တာဆိုတာက မလိုက်နိုင်တာကိုပြောတာလား
ကင်''

''ဟာ! မဟုတ်ပါဘူးမမရဲ့၊ ကျွန်တော်ပြောတာက မမ
ပေးမယ့်ပိုက်ဆံကို ကျွန်တော်မယူပါဘူး။ ဒေသခံတစ်ယောက်
အနေနဲ့ မမကို ကျွန်တော်ကူညီပါ့မယ်''

''ထပ်ဆင့်ပြီး ကျေးဇူးတင်ပါတယ် လင်းဥက္ကာ''

အကာ ခေါင်းညိတ်ပြလိုက်၏။ ငွေ့ လင်းဥက္ကာမြှုံဘာ

လေးကို ငေးခနဲကြည့်ဖြစ်သွားသည်။ ကောင်လေးရဲ့ပုံစံလေး အေးချမ်းလိုက်တာ။ မှုန်နေအောင် ချော့တာမဟုတ်တဲ့ တည် ကြည်ကြည်လေးနှင့် ကြည့်ကောင်းတာ။

“ကျွန်တော်တို့ပြန်ပါဦးမယ် မမ”

“မနက်ဖြန် ဘယ်မှာဆုံကြမလဲ လင်းဥက္ကာ”

“မမ ဒီနေရာကနေ စောင့်နေလေ၊ ကျွန်တော်လာ မယ်”

“OK!...”

အကာ ငွေ့ကိုနှုတ်ဆက်ပြီး ပြန်ထွက်သွားသည်။ ငွေ့ကတော့ ပထမထိုင်နေတဲ့နေရာလေးကိုပဲ ပြန်သွားပြီး ထိုင်နေမိ၏။

☆☆☆



## အခန်း (၁၅)

“အလို! ဘုရားရေ”

လေချွန်တမြမြနှင့် မှန်ရှေ့မှာ ခေါင်းဖြီးနေသောအကာ့ ငြင်လိုက်ရတော့ အတာအံ့ဩစွာ မျက်လုံးလေးဝိုင်း၊ ရင်ဘတ် ညီး လက်နှင့်ဖိမိ၏။

ကျားသားမိုးကြိုး! လေချွန်တမြမြနှင့် မှန်ရှေ့မှာ လန်း တက်ကြွစွာ ခေါင်းဖြီးနေတာ အကာမဟုတ်ရဲ့လားလို့မင် သယဝင်ရမလို့။ အကာက အတာ့ကိုပြန်ကြည့်ပြီး...

“ဘာဖြစ်တာလဲ မမရဲ့”

“ပုဆိုးအသစ် အင်္ကျီအသစ်တွေနဲ့ မင်းကို မှန်ရှေ့မှာ ရလို့ အံ့ဩသွားတာလေ။ နဂိုမှ နိုင်းထွက်တာပါ မှန်ကြည့်

မှ ပို့ချောလာတာမဟုတ်ဘူးလို့ မင်းပြောခဲ့တာလေ။ မှတ်မိ
အခုဘယ်လိုဖြစ်လို့ ပြောင်းလဲသွားတာလဲ။ မြေကြီးက
ကောင်းကင်မှာ ရေတွေကြီးကုန်ပြီလားမသိဘူး''

''မမကလည်း''

အကာ ရှက်ကိုးရှက်ကန်းဖြစ်ကာ မျက်နှာလေး
၏။ ဘယ်လိုဆင်ခြေပေးရမလဲစဉ်းစား၏။

''ကဲ! ပြောပါဦး။ အလှူသွားမှာလား။ မင်္ဂလာ
သွားမှာလား''

''ညည်းသည်တစ်ယောက်က ရေတံခွန်စခန်းကို
လို့ လိုက်ပို့ပါဆိုတာနဲ့ ပို့ပေးမလို့ပါမမရဲ့။ သူများနဲ့သွား
လောက်ကလေး ဝတ်မသွားရဘူးလား''

အတာ မျက်မှောင်လေးကြုတ်သွားပြီးမှ. . .

''ပြင်တာလည်းပြင်၊ ဝတ်တာလည်းဝတ်ပါ၊
အရင်ကတည်းက မင်းကို မမက ဒီလိုနေစေချင်တာပါ။
မှ မင်းက တီထတွန့်သလိုဖြစ်နေတော့ ရိုးမှရိုးရဲ့လား''

''အာ. . . မရိုးစရာ ဘာရှိလို့လဲမမရဲ့''

အတာက အကာ့တစ်ကိုယ်လုံးကို ပတ်ကြည့်
အရင်ဖြစ်သလိုကြုံသလို နေတတ်တဲ့ကောင်က အခု





မှာလို့ပေါ့။ ရှက်လက်ရှည်အဖြူခံပေါ်မှာ အနီရောင်ဖျော့ဖျော့
အကွက်ကလေးတွေပါသည့်အင်္ကျီကို ကြယ်သီးနှံ့အောင်တပ်လျက်
ဆိုးအညိုရောင်ကွက်ကလေးနှင့် အကာ့ပုံစံက ရှင်းသန့်နေ၏။

ဆံပင်ကိုဘေးခွဲပြီးထားသဖြင့် များသည့်တက်မှာ အထပ်
ကလေးဖြစ်လျက် မိုမောက်သလိုလေးဖြစ်နေတာကလည်း အမြင်
မှာ တစ်မျိုးလေး ရိုးမလိုနှင့် ဆန်းနေသလိုပါ။

''ညည်းသည်က ယောကျ်ားလေးလား။ မိန်းကလေးလား
အကာ''

''ဟို''

''မိန်းကလေးလား''

''ဟုတ်''

''ဟင်!''

အတာ့မျက်နှာလေး ကွက်ခနဲပျက်သွား၏။ ရင်ထဲမှာ
ဘောမှုလှိုင်းဂယက်ကလေးတစ်ခု ရိုက်ခတ်သွားပေမယ့် ရင့်ကျက်
သိပီ အပြုံးကိုပြန်လည်ဖန်ဆင်းလိုက်၏။

ရိုးရိုးပဲဖြစ်ဖြစ် ဆန်းဆန်းပဲဖြစ်ဖြစ် အကာဟာ အရွယ်
ရောက်ပြီးဖြစ်တဲ့လူတစ်ယောက်ပါ။ စဉ်းစားတွေးခေါ်တတ်သူ
ည်းဖြစ်တော့ သိပ်ပြီးစိတ်ပူစရာမလိုပေ။

"သူနဲ့သိတာ ဘယ်လောက်ကြာပြီလဲ အကာ"

သုံးရက်တွင်းကျမှာ နှစ်ခါဆုံဖူးတာကို ပြောရမလား

"သူနဲ့ကျွန်တော် ခုမှခင်တာ သုံးရက်ပဲရှိပါသေးတာ
မမ"

မှသားမပါရင် ဘယ်လိုလက်ကချောပါ့မလဲနော်။ တ
က ဆုံဖြစ်ပြီး ခင်မင်မှုမပါ။ ရင်းရင်းနှီးနှီးစကားပြောဖြစ်တာ
မနေ့ကမှ။

"အကာ"

"ဗျာ"

"ခဏနေဦး၊ သိလား"

ပြောပြီး အတာ သူမအခန်းထဲသို့ဝင်သွား၏။ အ
အတွက် အတာ ဟိုနေ့ကပဲ ကတ္တီပါဖိနပ်ကလေးတစ်ရံ ဝယ်
ခဲ့တာ။ ခုစီးနေတဲ့သားရေဖိနပ်က အလုပ်လုပ်တဲ့နေရာမှာ
ပေမယ့် ပွဲဝင်လို့မသင့်တော်ဘူးလေ။

"ရော့! အကာ"

"ဘာလဲဟင် မမ"

"မင်းအတွက် မမ ဖိနပ်ဝယ်ထားတာ"

"ဟာ! ဘာလို့ဝယ်ရတာလဲမမရယ်၊ ပိုက်ဆံတွေ





လို့"

"မမက မင်းတို့ရဲ့အုပ်ထိန်းသူပါကွယ်၊ မင်းတို့လေးတွေ
က် ဘယ်လမ်းကိုသွားရင် ဘယ်ပန်းပန်ရမယ်၊ ဘယ်ခရီး
ထိုးနဲ့မှ၊ ဘယ်အရပ် ဘယ်ဖိနပ်နဲ့မှသင့်တော်မယ်ဆိုတာကို
အမြဲတမ်းတွေးနေရသူပါ"

"မမရယ်"

အကာ ဖိနပ်ကလေးကိုလှမ်းယူပြီး ရင်ထဲမှာ တစ်မျိုး
ခံစားသွားရ၏။

မမက သူတို့အပေါ် အမြဲတမ်းနားလည်ပေးနိုင်ပြီး သူ
သာ မမအပေါ်ပိုလ်ကျသလိုဖြစ်နေပြီလား။

☆☆☆



# အခန်း (၁၆)

''အမယ်လေး! နီးနီးမှတ်လို့ လာလိုက်တာ ဒေးလိုက်
...ဒ်''

''ရောက်တော့မှာပါ မမငွေ့ရဲ့''

ငွေ့ ညည်းညူလေသဖြင့် အကာ ရှေ့ကိုရောက်နေရာ ...က်သို့ပြန်ကြည့်သည်။ ငွေ့မျက်နှာလေးမှာ ရှုံ့မဲ့နေသဖြင့် ...ာ်ကြောင်းပြန်လှည့်လာပြီး. . .

''လဲနေမယ်၊ ဖြည်းဖြည်းလျှောက်''

''ခြေသလုံးတွေတောင် အောင့်လာပြီ''

''အားတင်းထားစမ်းပါမမငွေ့ရယ်၊ သူများတွေတောင် ...နေကြတာပဲဥစ္စာ''

''ခဏနားဦးမယ် လင်းဥက္ကာ''

ပြောပြောဆိုဆို ငွေ့က ကြရာနေရာမှာ ထိုင်ချလေသ[illegible] အကာလည်း ထိုင်ရလေတော့သည်။ တစ်နေ့တစ်နေ့ ကျိုက်[illegible] နိုးဝန်းကျင်က ဘုရားတွေကိုလိုက်ဖူးနေရတာ ဖူးလို့မဝ မျော[illegible] မဝနိုင်။ နေ့ခင်းဘက်တွေမှာ လျှောက်သွားပြီး. . .

ညဘက်ဆို ပင်ပန်းလို့ ညည်းကြတာ တအင်းအ[illegible] တအဲအဲနှင့်ပါ။ ရတုကတော့ ဘယ်ညည်းမလဲ၊ ငါကရောက်[illegible] ပြီးသားဆိုပြီး တစ်ယောက်တည်းပျောက်ပျောက်သွားတာ ဘ[illegible] တွေကိုသွားမှန်းမသိ။ ငွေ့ကလည်း ကိုယ့်သဘောနှင့်ကိုယ်[illegible] တော့ လူငါးယောက်က သုံးဖွဲ့ကွဲနေ၏။

''ညနေကျရင် မမငွေ့ အကြောပြေ အနှိပ်ခံလိုက်[illegible] သက်သာသွားမှာပါ''

''ဟင်! ဘယ်သူက လုပ်ပေးမှာလဲ''

''ကျွန်တော် အဲဒီအလုပ်လုပ်တဲ့ ကလေးတစ်ယော[illegible] ယောက်ကို ခေါ်လာခဲ့ပေးမယ်လေ။ သူတို့မှာ ဆေးလည်းပါတယ်''

''ဟုတ်လား''

''ဟုတ်''

''ဒါဆိုခေါ်ခဲ့လေ၊ ကောင်းတာပေါ့''





အကာခေါင်းညိတ်လိုက်၏။ ယင်ယင်တုန်းက အကာနဲ့ [illegible]ကိုလည်း ဒီအလုပ်ကိုလုပ်ခဲ့ဖူးသည်လေ။ ဒီပညာကို ကိုယ် [illegible]ပေးမယ့် မမငွေ့ကို ကိုယ်လုပ်ပေးဖို့မှမသင့်တော်တာ။

အရွယ်ရောက်နေတဲ့ယောက်ျားနဲ့မိန်းမ ဘယ်လိုလုပ်ပြီး [illegible]မှာလဲ။

''ကဲ! သွားမယ်''

ငွေ့ ထရပ်လိုက်တော့ အကာပါ ထရပ်ပြီး. . .

''မမညောင်းနေရင် ကျွန်တော့်လက်ကို ကိုင်လျှောက် [illegible] သက်သာတာပေါ့''

''အဟွန်း. . . သူများတွေက တစ်မျိုးထင်မှာပေါ့ကွ''

''ဗျာ! ဟို. . . ဆောရီး မမ၊ ကျွန်တော်က စေတနာနဲ့ [illegible]ပိလိုက်တာပါ''

ပျာပျာသလဲတောင်းပန်လိုက်တဲ့အကာ့ကိုကြည့်ပြီး ငွေ့ [illegible]လိုက်မိသည်။ တော်တော်ရိုးတဲ့ကောင်လေးပဲ။

''မမက နောက်တာပါကွာ''

လို့ဆိုမှ မျက်နှာလေးပြုံးလာကာ ငွေ့ သူ့လက်မောင်း [illegible]ကိုင်လိုက်တော့ ပထမတော့ ရှက်သလိုလို ရှိန်ထဲမှာ ဘာ [illegible]မသိ။ နောက်တော့မှ မကြီးမငယ်နဲ့ ဘာလို့ရှက်နေမှာလဲဟ

ကိုယ့်ကိုယ်ကို ဆုံးမလိုက်ရသည်။

သူလည်း မျက်နှာလေး ရဲသယောင်ယောင်ရှိနေသလား လို့ထင်ရ၏။ ရေတံခွန်ကို လှမ်းမြင်နေရပြီမို့. . .

"ရှေ့မှာရောက်ပြီပဲ"

"ဟုတ်တယ်လေ၊ ရောက်တော့မယ်လို့ မမကို ကျွန် တော်ပြောသားပဲ"

"တော်ပါသေးရဲ့"

ရေတံခွန်ကိုရောက်တော့မှ ငွေ့မျက်နှာလေးသည် ပင် ပန်းနွမ်းနယ်သမျှကို အပန်းဖြေလိုက်ရသလိုမျိုး အပြုံးရိပ်ကလေး တွေ ထင်ဟပ်လာ၏။

ရေတံခွန်ရှေ့ကိုရောက်တော့ ငွေ့က ဖိနပ်ကိုချွတ်၍ ကျောက်တုံးလေးတွေကိုနင်းသွားသည်။

"မမ လဲမယ်နော်"

"အမယ်လေး!"

"မမ"

ပြောလို့မှမဆုံးသေး။ ငွေ့ ကျောက်တုံးပေါ်မှ ချော်ကျ လေလျှင် အကာ လျှင်မြန်စွာထိန်းပေးလိုက်၏။ ဆွဲမိဆွဲရာကို ဆွဲတော့ ငွေ့ခါးလေးကိုသိမ်းပွေ့လိုက်သလိုဖြစ်ပြီး အကာ့ရင်ခွင်





ငွေ့။

ပထမတစ်ကြိမ် ဒီရင်ခွင်ထဲကို ရောက်ဖူးပေမယ့် နှစ် က်စလုံး၏ရင်ထဲမှာ ဘာမှမဖြစ်ခဲ့။ ထိတ်လန့်မှုကလေးသာ သည်။

အခု. . .

နှစ်ဦးစလုံး၏ရင်ထဲမှာ ရင်ခုန်သံတွေက ပရမ်းပတာ။ က်နေသောနှလုံးသားတွေ နိုးထကုန်ပြီထင်ပါရဲ့။

"အို! လွှတ်ပါ"

"ဟင့်အင်း. . . လွှတ်ဘူး, လွှတ်ဘူး"

"လွှတ်ပါဆို၊ ဒီကရှက်နေပြီ မောင်ရဲ့"

"ချစ်လို့ဖက်တာ ရှက်စရာမှမဟုတ်ဘဲကွယ်"

"လူတွေကြည့်ကုန်ကြပြီ မောင်ရဲ့"

"ကြည့်ပါစေ အချစ်ရယ်၊ ရင်ခုန်သံတွေ ပျောက်ရှသွား လို့ပါနော်။ အချစ်က မောင့်ကိုပြန်ဖက်ထားပေါ့"

ဘေးကနေ ပြောနေသောအသံမှာ ကောင်လေးတွေပဲ တစ်ယောက်က အခြောက်လိုမူနွဲ့နွဲ့အသံပေးလျက် တစ် က်က ယောကျ်ားပီပီအသံ။

ဒါ. . .

အကာနဲ့ငွေ့ကိုကြည့်ပြီး စနေကြတာပေါ့။ အကာတစ်ကိုယ်လုံး တူထူပူပူကြီးဖြစ်သွားပြီး မမငွေ့ကို ကမန်းကတန်းပြန်လွှတ်ပေးလိုက်၏။

ငွေ့မှာလည်း. . .

မျက်နှာပြင်လေးမှာ ရှက်သွေးဖြာလျက်။ ခြေထောက်တွေက လှမ်းမိလှမ်းရာလှမ်းတော့ တံတားပေါ်သို့ပြန်ရောက်သွားသည်။

"ရင်တွေခုန်လိုက်တာနော်"

"ရင်တွေခုန်ရင် ကျောက်တုံးနဲ့ ဖိပေးရမလား"

"အို! နေပါစေ၊ ဒီအရသာလေးကိုပဲ မြတ်နိုးခံစားနေချင်လို့ပါကွယ်"

**အချစ်ဆိုသည်မှာ × × × ခံစားမှုများနဲ့ ဆန်းကြယ်သောအရာ× × × အချစ်ဆိုသည်မှာ× × ×**

စတဲ့သူက စ၊ သီချင်းစောင်းဆိုသူက ဆို။ အကာကငွေ့ကို ရဲရဲမကြည့်ရဲတော့သလို မျက်နှာက ဟိုလွှဲဒီလွှဲ။

ငွေ့ကတော့. . .

'ဒေါသချင်းဆိုလေးတွေ! မတော်တဆဖြစ်တာကို လှောင်နေကြတယ်။ သင်းတို့ကျရင် ဒီ့ထက်ပိုဆိုးပါစေ ဟု စိတ်ထဲက





ကျိတ်၍ မေတ္တာပို့မိ၏။ ထိုအဖွဲ့ မကြာခင် ပြန်သွားတော့မှ နှစ်ယောက်စလုံး သက်ပြင်းချမိသည်။

ကျန်တဲ့သူတွေကတော့ ကွက်ကြည့်ကွက်ကြည့်နှင့် ပြုံးစိစိဖြစ်ကြရှာသည်။

"လင်းညက္ကာ"

"ဗျာ"

"မမမှာ ကင်မရာပါတယ်၊ မင်းကိုဓာတ်ပုံရိုက်ပေးမယ်လေ"

"ကျွန်တော် မမငွေ့ကိုရိုက်ပေးမယ်လေ"

"ကောင်းသားပဲ"

ငွေ့က အကာ့လက်ထဲကို ကင်မရာလေးထည့်ပေးပြီး တံတားပေါ်မှာပဲ နွဲ့နွဲ့လေးရပ်လိုက်သည်။ အကာ ကင်မရာထဲကနေ မမငွေ့မျက်နှာလေးကိုစိုက်ကြည့်ပြီး ရင်ခုန်သံတွေ ပြန်လည်ဆန်းသစ်ပြန်၏။

"ရေတံခွန်ရှေ့မှာ ရိုက်ဦးမယ်"

"တောတောကလို ဖြစ်နေဦးမယ်နော်၊ သတိထားပြီးသွား"

"အင်းပါ"

အချိန်သည် ဓာတ်ပုံတွေ တဖျတ်ဖျတ်ရိုက်ရင်းပဲ ပြီးဆုံး

သွားခဲ့၏။ စကားတွေ ဖောင်ဖွဲ့လိုပေမယ့် နှလုံးသားက နှုတ်... ကို ရေငုံနှုတ်ပိတ်လုပ်စေပြီး...

သူသာ ရင်ဘတ်ထဲမှာ တီးတိုးစကားတွေ ဆိုနေ...

☆☆☆



## အခန်း (၁၇)

ရတု လည့်ပင်းလေးရှည်လျက် အတာလာနိုင်မည့်လမ်းကိုမျှော်နေမိသည်။ အတာနှင့်တစ်ခါတွေ့တိုင်း ချစ်တတ်သည့်စိတ်တွေက တစ်ရစ်ပိုတိုးကာ ရင်ထဲမှာ အချစ်တွေပေါင်းဆုံ စုဝေးနေကြပြီ။

အချစ်တွေ ဒီဂရီမြင့်လာလေလေ၊ ပူလောင်မှုတွေ ပိုလာလေလေပါပဲလား။ ဝေးများဝေးလေမလား။ ချစ်ခရီးလမ်းမှုကြောင့် ဖြူးပါ့မလား။ အတာမှ လာပါ့မလား။ ကိုယ့်ကိုတကယ်မှချစ်ရဲ့လားနှင့် လားပေါင်းများစွာထဲမှာ စိုးရိမ်မှုတွေက မှောက်ချည်ပြန်ချည်ပါ။

အချစ်သည် ကြည်နူးမှုတွေကို ပေးစွမ်းနိုင်သလို၊ မှ

လောင်မှုတွေကို ပေးစွမ်းအားက ပိုနေသည်ထင်ပါရဲ့။

"ငုံးညပြုတ်တွေ. . . ငုံးညပြုတ်တွေ"

ရှေ့မှပြတ်အော်သွားသောအသံကြောင့် အတိတ်ကာ...

ကို ရတု သတိရတမ်းတမိသွားသည်။ အဲဒီတုန်းကတော့ အ...

နှင့်သူ ဘယ်သူ့ကိုမှကြောက်နေစရာမလိုတဲ့ လွတ်လပ်စွာလျှော...

လည်ခဲ့ကြတာပါ။

"ရတု"

". . ."

"ရတု"

"ဟင်"

ရတုအာရုံတွေ အတိတ်ဆီသို့ လွင့်ပျံ့သွားစဉ်မှာပဲ အ...

ရောက်လာသည်။

"စောင့်နေတာကြာပြီလား"

"ကြာပြီပေါ့၊ လာမှလာပါဦးမလားလို့"

"ငါရောက်နေတာကြာပြီ"

"ဟုတ်လို့လား"

"နှင့်ကိုပေးဖို့ လက်ဆောင်သွားဝယ်နေတာလေ"

"ဘာလက်ဆောင်ဝယ်လာလဲ ပြောပါဦး"





"ကြည့်လေ. . . ရော့"

အတာလှမ်းပေးသည့်အိတ်ကလေးကို ရတုယူလိုက်၏။

...တ်ထဲမှာက လေးထောင့်စက္ကူဘူးလေးပါ။ ဘာများလဲဟု ရတု

...ဝင်စားသွား၏။

ရတုက အိတ်ကိုမြှောက်ကြည့်လေတော့. . .

"ဒီလက်ဆောင်က ကမ္ဘာပေါ်မှာ အကြီးမြတ်ဆုံး တန်

...အရှိဆုံးပဲ ရတုရဲ့"

"နင်နဲ့ငါ ကျိုက်ထီးရိုးဘုရားရဲ့အောက်ဘက်က စကြံ

...သွားကြမယ်လေ။ အဲဒီမှာ ဘုရားဖူးရင်း လိပ်ဥတူးကြတာပေါ့"

"ဖောက်လာပြီ"

"လာပါ၊ အဲဒီရောက်မှပဲ လက်ဆောင်ကိုဖွင့်ကြည့်မယ်"

ရတု အတာ့လက်ကလေးကိုဆုပ်ကိုင်၍ ခေါ်လာခဲ့သည်။

...ဘို့နှစ်ယောက် ချစ်သူအရာပြောက်ခဲ့ပြီလား။ မပြောက်သေး

...ဘူးလား။ ဟိုရောက်မှ သေချာအောင် အတာ့ကိုမေးရမည်။

ကျိုက်ထီးရိုးဘုရားဆံတော်ရှင်၏အောက်ဘက် စကြံ

...ဘာမှာ ရပ်မိကြတော့၊ ရတုက ထိုင်ချလိုက်ပြီး အတာ့လက်

...လေးကိုလည်း ဆွဲချပြီး ထိုင်စေသည်။

"ဖွင့်ကြည့်လေ"

"အင်း"

ရတု စက္ကူဘူးလေးကိုဖွင့်ကြည့်လိုက်တော့၊ [illegible] ရွှေရောင်မှန်ဗီရိုထဲရှိ ကျိုက်ထီးရိုးဘုရားဆင်းတုတော်ကို [illegible] လိုက်ရ၏။

"ဒါ ကိုယ့်အတွက် လက်ဆောင်ပေါ့"

"ဟုတ်တယ်လေ၊ ဒီလက်ဆောင်ထက် ကြီးကျယ်[illegible] မြတ်တာ ဘာရှိသေးလို့လဲ။ အဲဒီဘုရားမှာ နှင်လိုရာဆုကို [illegible] ပေါ့"

ဘုရားကိုလက်ဆောင်ပေးလို့ ဘာအဓိပ္ပာယ်များ[illegible] ပဟေဠိဖြစ်သွားတဲ့ရတု၊ ခုမှပဲ မျက်နှာလေးပြုံးသွားသည်။ အ[illegible] စိတ်ကူးက တကယ်လေးစားစရာပါ။

ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိတဲ့။ အမှန်ကန် [illegible] မြတ်ဆုံး ရွေးချယ်မှုပါပဲ။

"ကိုယ်ကတော့ အတာနဲ့ မြန်မြန်အတူနေပါရစေ[illegible] ဆုတောင်းမှာ"

"အဲဒါက တို့သတ်မှတ်လို့မရဘူးလေ ရတုရဲ့။ ကံ[illegible] ရာပေါ့"

"အတာ"





ရတုခပ်တိုးတိုးလေးခေါ်တော့ အတာကလှမ်းအကြည့်၊ [illegible]ကြည့်ချင်းဆုံသွားကြသည်။

"နှင်နဲ့ငါ ချစ်သူအရာမြောက်ပြီလားဟင်"

အတာက ခေါင်းခါလျက်. . .

"ဒီအတိုင်းလေးပဲ နေကြရင် မကောင်းဘူးလား"

"ဘယ်ကောင်းမှာလဲ၊ ငါက နှင့်ချစ်သူဘဝကိုပဲ စိတ်[illegible]ယဉ်ခဲ့တာ။ နှင်နဲ့ငါလက်ထပ်ကြမယ်လေ။ နှင့်ကိုငါချစ်တယ် [illegible]တာ"

ရတုစကားထဲမှာ မင်းနဲ့ကိုယ်ဖြစ်လိုက်၊ နှင်နဲ့ငါဖြစ် [illegible]က်၊ ပိုင်ပိုင်နိုင်နိုင်ချစ်ခွင့်မရသေးတော့ စကားလုံးတွေကလည်း [illegible]သက်မပါသလို ခွေတိခွေယိုင်ပါ။

"မင်းကော အတာ"

"ဘာလဲဟင်"

"ကိုယ့်ကိုချစ်လား"

"နှင်နဲ့ငါ့ကြားမှာ အချစ်တစ်ခုကလွဲရင် ဘာမှမနီးစပ်[illegible]ဘူး ရတု"

"ချစ်ရဲရင် စွန့်စားရဲရမယ်လေ။ ကိုယ်စွန့်စားရဲတယ် [illegible]တာ။ မင်းကို လက်စွပ်ကလေးဝတ်ပေးပြီး ကတိသစ္စာပြုခဲ့ကြ

ကတည်းက ကိုယ်သတ္တိတွေ မွေးနေခဲ့တာပါ။ မင်းဘယ်တ
မှာပဲ ရပ်တည်နေပါစေ၊ ကိုယ်က မင်းရဲ့အရိပ်ပဲဖြစ်ရမယ်"

အတာ သက်ပြင်းလေးချလိုက်မိ၏။ ရွှေဘုံပေါ်
ခုန်ဆင်းလာချင်သူကို ရွှေစော်နံလို့ ပြန်လိုက်ပါဦးလို့တော့ အ
မပြောချင်ပါ။ အတာ့ရင်ထဲမှာလည်း ဆန္ဒက ရတုနှင့်ထပ်

ဒါပေမဲ့...

ထိုထိုသော အကြောင်းတရားတွေကြောင့်သာ
သလောက် မပြောရဲတာ။

"အတာ"

"ဟင်"

"မင်း ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင်"

"ရတုရယ်"

ရတု အတာ့လက်ကလေးကိုဆွဲယူကာ ထွေးဆုပ်
လိုက်၏။ အချစ်ရည်တို့နှင့် ရွှန်းလဲ့နေသောရတုရဲ့မျက်ဝန်း
ကို အတာ ရင်မဆိုင်ရဲစွာ မျက်နှာလွှဲလိုက်၏။

ရတု အားမလိုအားမရဖြစ်ကာ အတာ့မျက်နှာလေး
သူ့ဘက်သို့ပြန်ဆွဲလှည့်ပြီး...

"မင်း ကိုယ့်မျက်နှာကိုကြည့်ပြီးပြောပါ အတာ။ ကို





င်းချစ်တယ်မဟုတ်လား။ ပြောပါ...ပြောပါကွာ"

အတာမျက်ရည်လေး ဝဲနေ၏။

"ငါ့မှာ တာဝန်တွေမပြီးဆုံးသေးဘူး ရတု။ ငါ့မောင်လေး
ရဲ့အုပ်ထိန်းသူက ငါပဲလေ။ အုပ်ထိန်းသူဆိုတာ အိမ်ခေါင်
ခေါင်ကမလုံရင် တံစက်က ဘယ်လိုမိုးလုံပါ့မလဲ"

"မဆိုင်လိုက်တာ အတာရယ်.. မင်းက မဟုတ်တမ်း
တွေ လုပ်နေတာမှမဟုတ်ဘဲ။ ဘယ်သူ့ရှေ့မှာပဲ ချပြပြ
ဝတရားကို ဘယ်သူကမှ အပြစ်ကော်ပြီး ဖြိုလှဲမပစ်ဘူး။
င်းမှာ နှလုံးသားရှိတယ်၊ နှလုံးသားရှိသူတိုင်း ချစ်တတ်ကြ
က်ထပ်ကြတာ သဘာဝပဲလေ"

အတာ ရတုမျက်နှာကို ခပ်ငေးငေးလေးကြည့်နေ၏။
ထဲမှာက ဦးနှောက်နှင့်နှလုံးသား လွန်ဆွဲနေကြသည်။ ဘယ်
ကိုဦးစားပေးလိုက်ရမလဲ့ အတာမစဉ်းစားတတ်အောင် ဖြစ်

"ဒီမှာ အတာ"

"ဟင်"

"ချစ်တဲ့သူတွေ ပေါင်းသင်းကြတာ ဘာဆန်းလဲ။ အိမ်
င်တစ်ခုကို တည်ဆောက်ကြပြီဆိုတာနဲ့ မောင်တစ်ထမ်း

မယ်တစ်ရွက်ဆိုတဲ့စကားက ကိုယ်လှမ်းတိုင်း ထင်ကျန်ခဲ့
ခြေရာတွေလိုပဲ အတာ။ ခြေရာပျောက်ပြီး လေဟုန်စီးသွား
မရှာဘူးဆိုတာ ကိုယ်နားလည်တယ်။ ချစ်မိပြီဆိုကတည်းက အ
ဝတ်ကို ကိုယ်မျှော်ကြည့်ပြီးသားပါ။ တူနှစ်ကိုယ် တဲအိုမှာ
ထမင်းရည်ပဲအတူသောက်ရသောက်ရဆိုတဲ့စကားနဲ့ ဘဝကို
သလိုဖြတ်သန်းဖို့တော့ မဟုတ်ဘူး။ မင်းက တစ်ရွက်ရွက်
ကိုယ် ရှေ့က တစ်ထမ်းနဲ့တစ်ရွက်ဖြစ်ရမယ်။ မင်းမမျှတဲ့ဝန်
ကို ရွက်မနေပါနဲ့တော့ အတာရယ်။ ကိုယ့်ပခုံးပေါ်ကို ပစ်
လိုက်ပါနော်"

"ရတုရယ်"

အတာ့ရင်ထဲမှာ ချစ်တတ်လွန်းသူကို သနားစိတ်က
ဖက်၊ မိသားစုကိုငဲ့ညှာချင်တာက တစ်ဖက်။ ရင်ဘတ်တစ်
နှစ်ခြမ်းခွဲလျက် ဝမ်းနည်းဝမ်းသာမှုတွေက တစ်ဖက်စီမှာ။

မတွေ့ခင်က မျှော်လင့်ချက်တွေ ထားမိသည်။ သူ
ခဲ့တဲ့လက်စွပ်ကလေးကိုကြည့်ပြီး သူ တကယ်ပြန်လာမှာတဲ့
ကတိတည်ပါ့မလား။ သစ္စာရှိပါ့မလား မယုံမရဲစိတ်နှင့် ရှ
ဆွေးခဲ့ဖူးသလို. . .

သူသာ အတာ့ကိုမမေ့နိုင်လို့ တကယ်ပြန်လာခဲ့ရင်





တွေးနှင့် ရင်ခုန်ကြည်နူးခဲ့ရသည့်ကာလတွေလည်းရှိခဲ့သည်။
ယ်တမ်း လက်တွေ့ကျတော့ ထိုခံစားမှုတွေ ပျောက်ဆုံးတော့
ပြီ။

"အတာ"

". . ."

"အတာ့ရင်ထဲမှာရှိတဲ့အတိုင်း တစ်ခုခုတော့ပြောပါနော်။
ယ် အတာ့ရင်ထဲက စစ်မှန်တဲ့ခံစားချက်ကို သိခွင့်ရှိပါရစေ"

"ငါလေ"

စကားသံလေးက အဖျားခတ်မှာ တုန်ရီနေလျက်။ လည်
ောင်းလေးလှုပ်ရှားသွားခြင်းသည် တံတွေးမျိုချလိုက်ခြင်းသာ
စ်မည်ဆိုတာ ခန့်မှန်းကြည့်ဖို့မလို။

"ပြောလေ အတာ"

"ငါ. . . ငါ"

အတာ ခေါင်းလေးငုံ့သွားပြီး. . .

"နင့်ကိုချစ်ပါတယ် ရတုရယ်"

ကွေးညွှတ်သွားတဲ့ ရတုရဲ့နှုတ်ခမ်းလေးသည် လိုက်ခနဲ
မ်းသာသွားသည့်ခံစားမှု၏ သရုပ်ပြပန်းချီ။

"ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းနဲ့တင် ကိုယ့်ဘဝအတွက်

အရာအားလုံးပြည့်စုံသွားပြီ အတာ။ မင်းဘာမှစိတ်မပူပါနဲ့။ ကို
လင်းဥက္ကာကို ဒူးဖက်ပြီး တောင်းပန်ချင်တောင်းပန်ရပါစေ"

"အို! ရတု"

အတာ လက်ချောင်းကလေးများနှင့် ရတုနှုတ်ခမ်းလေး
ကိုပိတ်လိုက်သည်။

"အဲဒီလောက်အထိ မလိုပါဘူးအတာရယ်။ အကော
မောင်တစ်ယောက်အနေနဲ့ ရုတ်တရက်ကြီးမို့ သူ့စိတ်ထဲမှာ ထ
မျိုးဖြစ်သွားတာပါ"

"ကိုယ်နားလည်ပါတယ် အတာရယ်၊ သူ့နေရာက
ကိုယ်ခံစားကြည့်လို့ရပါတယ်"

ကိုယ့်အပေါ်နားလည်နိုင်လွန်းတဲ့ရတုရဲ့အချစ်က အပေ
ယံလေးမဟုတ်တာ သိသာလှပါ၏။ အတာ ရတုလက်က ကိုယ့်
နာမည်လေးကိုစိုက်ကြည့်ပြီး. . .

"နင်က နင့်လက်မှာ ငါ့နာမည်လေးထိုးထားတော့ ငါ
လည်း ငါ့လက်မှာ နင့်နာမည်လေး ထိုးထားချင်တယ် ရတု"

"မထိုးပါနဲ့ အတာရယ်၊ နာကနာနဲ့။ ကိုယ်က ယောက်ျား
မို့ ခံနိုင်ရည်ရှိပေမယ့် အတာက မိန်းကလေးလေ။ ကိုယ် မင်းကို
မနာကျင်စေချင်ဘူးအတာ။ ကုန်ကုန်ပြောရရင် ယားလို့ကုတ်မိ





ောင် လက်သည်းခြစ်ရာထင်ကျန်ခဲ့မှာစိုးတယ်။ အဲဒါ တကယ်

"ပိုလိုက်တာ"

"မပိုပါဘူးကွာ၊ အသားအနာခံပြီး တက်တူးထိုးဖို့မလို
ူး။ အတာ့ရဲ့နှလုံးသားမှာ ကိုယ့်နာမည်လေးထင်နေရင် ကိုယ်
ျေနပ်တယ်"

ရတုက ပခုံးလေးကိုဖက်မည်လုပ်တော့. . .

အတာက ကိုယ်လေးတွန့်ပြီး ရတုလက်ကိုဖယ်ချလေ
ည်။ ပြီးမှ မျက်စောင်းလေးထိုးကာ. . .

"စည်းကမ်းမပျက်နဲ့နော်၊ ဒါ ရန်ကုန်မဟုတ်ဘူးရှင့်"

"ကြီးကျယ်လိုက်တာ"

"ဘေးမှာလူတွေနဲ့ကို၊ နင်နော်"

ရတုက ရယ်လိုက်သည်။ ပြီးမှ အတာ့မျက်နှာလေးကို
ာ်နီးစွာငေးမောရင်း. . .

"အတာ"

"ဟင်"

"ကိုယ့်ကို နင်နဲ့ငါနဲ့ မပြောနဲ့တော့နော်"

"ဟင်! ဘာဖြစ်လို့လဲ"

"ကိုယ်တို့က ချစ်သူတွေဖြစ်သွားပြီလေ။ အဲဒီတော့ နင်နဲ့ငါနဲ့ပြောရင် မကောင်းတော့ဘူး"

"ဒါဆို ဘယ်လိုပြောရမှာလဲ"

"နင်နဲ့ငါ မပါရင်ပြီးရောလေ"

ပြောပြီး ရတုက တစ်ယောက်ယောက်ကို လက်ခုပ်တီး၍ ခေါ်လိုက်သည်။ အတာ ဘာများလဲဟု လှည့်ကြည့်လိုက်တော့ ဓာတ်ပုံရိုက်သည့်ကောင်လေးက အပေါ်ဆင့်မှ လှေကားကိုပြေးဆင်းလာသည်။

"ဓာတ်ပုံရိုက်မလို့လား အစ်ကို"

"ဟုတ်တယ်၊ တို့နှစ်ယောက်ကို ရိုက်ပေးကွာ"

"အတာ မရိုက်ချင်ဘူး"

"လာပါအတာရဲ့၊ အမှတ်တရပေါ့"

ရတုအတင်းခေါ်နေသဖြင့် အတာ သူနှင့်ယှဉ်ရပ်လိုက်သည်။ အတာမကြိုက်မှန်းသိတော့ ရတု အတာ့လက်ကလေးကိုပင် မကိုင်တော့ချေ။

ဩော်. . . ရတုရယ်။

☆☆☆



## အခန်း (၁၈)

"ဟင်!"

"ဘာလဲ လင်းဥက္ကာ"

ဟင်ဆိုတဲ့အသံကြောင့် ငွေ့ လင်းဥက္ကာကိုလှည့်ကြည့်လိုက်တော့. . .

လင်းဥက္ကာမျက်မှောင်ကြုတ်၍ တစ်နေရာကိုစိုက်ကြည့်နေတာကိုမြင်ရ၏။ သူကြည့်နေသည့်နေရာကို ငွေ့ပါ လိုက်ကြည့်လိုက်တော့. . .

ဘုရားရေ!

လို့ တီးတိုး တလိုက်မိ၏။ သူတို့ရိုက်လာတဲ့ဓာတ်ပုံတွေ. . .နဲ့ လင်းဥက္ကာကို ဓာတ်ပုံဆိုင်သို့ခေါ်လာမိတာ ငါးပါးမှောက်

ပြီထင်ပါရဲ့။ သူစိုက်ကြည့်နေတာက ရတုနှင့်အကာ တွဲရိုက်ထားတဲ့ဓာတ်ပုံတွေ။

"လင်းဥက္ကာ"

"ကျွန်တော်ပြန်တော့မယ် မမငွေ"

"အို! နေပါဦး"

လှည့်ထွက်သွားတော့မည့် အကာ့လက်မောင်းကို ငွေဆွဲထားလိုက်၏။

"မင်းမပြန်နဲ့ဦး လင်းဥက္ကာ"

"မမငွေ တည်းခိုခန်းကို တစ်ယောက်တည်းပြန်လည်း ရမယ်ထင်ပါတယ်"

"မမငွေကလည်း မင်းကိုလိုက်မပို့ခိုင်းပါဘူး"

"ဒါဆို ဘာများလဲ မမငွေ"

"မင်းကို မမငွေပြောစရာရှိတယ်"

"ဗျာ"

"ရင်ပြင်ပေါ်သွားပြီး အေးအေးဆေးဆေးစကားပြောကြရအောင် လင်းဥက္ကာ"

ပြောပြီးတာနှင့် ငွေက ရှေ့မှအရင်ထွက်သွားလေတော့ အကာ သူမနောက်မှလိုက်လာခဲ့၏။ မုဆိုးတောင်ဘက်ကိုသွား





သောဈေးတန်းလမ်းမှ ရင်ပြင်ပေါ်သို့တက်လာပြီး ရွှေနန်းကျောင်ပြတိုက်ဘက်ကိုသွားသောလမ်းဘက်ကို မျက်နှာမူပြီး လျှောက်သာကြတော့. . .

ဝဲဘက်အုတ်တံတိုင်းတွေ ကာရံထားသောနေရာအထိ ရောက်အောင်သွားပြီး ငွေရပ်လိုက်၏။ အပေါ်ကနေစီးကြည့်တော့ သဘာဝတောတောင်တွေက စိမ်းစိမ်းညို့ညို့နှင့် လှချင်တိုင်းလှနေသည်။ ဒီအလှအပတွေကို ငွေစိမ်းအေးချမ်းသာစွာ မခံစားနိုင်သေးပေ။

"မမငွေ"

"ဟင်"

"ဘာပြောစရာရှိလို့လဲ ပြောလေ"

ငွေ အကာ့ဘက်သို့လှည့်လာပြီး. . .

"မင်းကို လူတစ်ယောက်အကြောင်း ပြောပြချင်လို့ပါ"

"အဲဒီလူက ရတုဆိုတဲ့လူမဟုတ်လား"

"ဟုတ်တယ် လင်းဥက္ကာ"

"မမငွေက သူ့ဘက်တော်သားလုပ်ပြီး ကျွန်တော့်ကို ဘေးချမလို့မဟုတ်လား"

"မဟုတ်ဘူး လင်းဥက္ကာ၊ အမှန်တရားကိုပြောပြချင်တာ။

ဒါနဲ့ မင်း ရတုကိုသိနေတာလား''

''ဆိုပါတော့''

မသိဘဲနေပါ့မလား။ မမနဲ့ပတ်သက်ပြီး ဒီလူ့ကို အကာ ကြည့်လို့မရပေ။ ရင်းရင်းနှီးနှီးမသိပေမယ့် အရိပ်အယောင်တော့ ဖြင့် မြင်တွေ့နေရတာပဲမဟုတ်လား။

''မင်းကို မမပွင့်ပွင့်လင်းလင်းပဲပြောမယ် လင်းဥက္ကာ''

''ပြောမယ်လို့ရည်စူးထားရင် ပြောမှာပဲမဟုတ်လား''

''ဟုတ်တယ်၊ ပြောပြမှမင်းသိမှာလေ။ ဒါမှ မင်း သူ့ နှစ်ယောက်အပေါ် နားလည်ပေးနိုင်မှာ''

အကာ့မျက်နှာက အပြုံးတွေ ကင်းမဲ့နေသည်။

''ရတုလိုယောကျ်ားမျိုးက ရှားတယ် လင်းဥက္ကာ၊ များတွေ နှစ်ခါပြန်ပြီး ငေးရလောက်အောင် မချောတာက ရင် ကျန်တာ လက်ညှိုးထိုးအပြစ်ပြောစရာ ဘာမှမရှိဘူး။ ပည တတ်ပြီး ထက်မြက်တဲ့ယောကျ်ားဆိုတာထက် သူ့ရဲ့တည်ကြည် ရိုးသားမှုက အများသဘောကျစရာဖြစ်နေတာ''

''အဲဒါ သူ့ရဲ့ဂုဏ်ပုဒ်တွေအကုန်လား''

''မမပြောချင်တာက အဲဒါတွေအဓိကမဟုတ်ဘူး လင်း ဥက္ကာ။ ဒီစကားတွေက ရှေ့ဆက်ဖို့နိဒါန်းပျိုးရုံလောက်ပါ''





''ဒါဆို အဓိက,က ဘာလဲ''

ငွေ့ သက်ပြင်းချပြီး အုတ်နံရံလေးကို ခါးနှင့်မှီလိုက်၏။ လက် ိုက်လျက်နှင့် အကာ့မျက်နှာကိုကြည့်လိုက်ကာ. . .

''ရတုက ကတိတည်ပြီးသစ္စာရှိစွာနဲ့ အတာ့ကိုမျှော်လင့် ခဲ့တာ ဆယ်နှစ်ကျော်ပဲ လင်းဥက္ကာ''

''ဘယ်လို! ဆယ်နှစ်ကျော်ဟုတ်လား''

အကာက မယုံသလိုမျက်ဝန်းတွေနှင့် ကြည့်ကာမေး တော့ ငွေ့ခေါင်းညိတ်လိုက်ကာ. . .

''ဟုတ်တယ် လင်းဥက္ကာ၊ ရတုနဲ့အတာ ဆုံကြပြီး ဒီ ကျိုက်ထီးရိုးဘုရားပေါ်မှာ သစ္စာတွေကတိတွေထားခဲ့ကြတာ ဟိုး နှစ်ခဲ့တဲ့ဆယ်နှစ်ကျော်ကပဲ။ လက်စွပ်အပြာရောင်ကို ပုံစံတူနှစ် ွင်းဝယ်ပြီး တစ်ဦးကိုတစ်ဦးဝတ်ပေးရင်း ကတိပြုခဲ့ကြတာပါ''

''ဘာကတိလဲ''

''တစ်နေ့မှာပြန်ဆုံကြဖို့နဲ့ တစ်ယောက်ကိုတစ်ယောက် သစ္စာရှိစွာ စောင့်နေကြဖို့လေ''

အကာ ဒီတစ်ခါတော့ ငိုင်တွေငေးမောသွားရ၏။ သူတို့ ာ ဒီလိုလား။ ဒီအကြောင်းတွေကို အကာ ဘာကြောင့်မသိခဲ့ရ ဘာလဲ။

အေးလေ. . .

အဲဒီအချိန်တုန်းက အကာက ငယ်သေးတာကိုး။ ဦ
တော့ အစ်မတစ်ယောက်က သူ့နှလုံးသားရေးကိစ္စတွေကို မေး
တစ်ယောက်ဖြစ်သူထံ ဘယ်လိုပြောပြ ရင်ဖွင့်ပါ့မလဲ။

"မင်းလည်းငယ်တဲ့အရွယ်မှမဟုတ်တော့ဘဲ လင်းဥ
ရယ်။ မင်း တစ်နေ့မှာ နှလုံးသားရဲ့လိုအင်တောင့်တမှုအရ
တတ်လာမှာပါ။ ချစ်တတ်လာတဲ့နေ့ ကိုယ်ချင်းစာတတ်မှာ
အချစ်ဆိုတာ လူ့ဘဝမှာ မရှိမဖြစ်လိုအပ်တဲ့အရာပါကွာ။
ဖက်က မျှော်လင့်ကြီးစွာနဲ့ စွန့်စားပြီးလာခဲ့ရတဲ့သူပါ။ ဂုဏ်
ကွာဟမှုတွေကို မင်းထည့်မစဉ်းစားနဲ့။ တကယ်ချစ်ကြသူ
အတွက်က ပဓါပါးလေးပါ။ အချစ်စိတ်ရဲ့တွန်းအားက ဘာ
ခုန်ကျော်လွှားဖြတ်သန်းသွားဖို့ ခွန်အားတွေ သတ္တိတွေ ရှိတ
လင်းဥက္ကာ"

ရှည်လျားစွာပြောနေတဲ့ငွေ့ပုံစံက ကိုယ်ချင်းစာတ
တွေအပြည့်နှင့်။ မျက်ဝန်းတွေက ရီဝေသွားလိုက် တောက်ပ
လိုက်။ ချစ်တတ်လာတဲ့နေ့ ကိုယ်ချင်းစာတတ်လာမှာပါတဲ့၊ အ
မချစ်တတ်သေးလို့ ကိုယ်ချင်းမစာဘူးလို့ပြောချင်တာလား။ အ
တကယ်မချစ်တတ်သေးတာလား။ ချစ်ကြည့်ဖို့ မြေစာမျိုးနေ





မမငွေ့ကတော့. . .

ချစ်တတ်လို့ ကိုယ်ချင်းစာတတ်လာတာလား။ ချစ်ခဲ့ဖူး
လား။ မေးခွန်းတွေနှင့် အကာရှုပ်ထွေးသွားသည့်စိတ်တွေကို
ယ်လိုရှင်းလင်းခန်းထုတ်ရမှာလဲမသိတော့။

"မင်းစဉ်းစားရခက်သွားပြီမဟုတ်လား"

"ဟုတ်တယ် မမငွေ့၊ ကျွန်တော့်စိတ်တွေ ရှုပ်ထွေးသွား
တော့အမှန်ပဲ"

"မင်း ညဘက်အိပ်ရာဝင်ရင် နဖူးပေါ်လက်တင်ပြီး အေး
ဆေးဆေးစဉ်းစားကြည့်ပါကွာ။ မောင်နဲ့နှမ သိပ်ချစ်ကြလို့
တစ်သက် မောင်တစ်သက် ကြင်ဖက်မပြုရဆိုပြီးနေမယ်လို့
ကူးကြည့်လိုက်။ အဲဒီစိတ်ကူးရဲ့နောက်မှာ တွဲဖက်ကြည့်သင့်
က အသက်အရွယ်နဲ့ မဟာရေး မကျန်းရေးပဲ"

"မမငွေ့ ဘာကိုဆိုလိုချင်တာလဲ၊ ကျွန်တော့်ကိုတည့်
ပဲပြောပါ။ လမ်းခင်းနေရတာနဲ့ ခရီးက လိုရာကိုပေါက်မှာ
တ်ဘူး"

"မမငွေ့ကလည်း ဝေ့ဝိုက်ပြောရတာ သိပ်ဝါသနာပါလို့
ဟုတ်ဘူးလေ။ မတတ်သေးတဲ့ကလေးကို ချော့ကာတစ်
ကြောက်ကာတစ်လုပ်ညို့နဲ့ သင်ရတာလွယ်သလောက် အတတ်

ကျူးပြီး ဘီလူးဖြစ်ချင်သူတွေရဲ့အစွဲကိုချွတ်ရတာ ခက်တယ်

"မမငွေ့က ကျွန်တော့်ကို အာဠာဝကလို့ ထင်

လား"

"မင်းပြောပုံက မမငွေ့ကို မိုးကြိုးပစ်အောင်လုပ်

ပဲ လင်းဥက္ကာ"

"အဲ. . . ဆောရီး၊ တောင်းပန်ပါတယ်"

ဘီလူးကြီးအာဠာဝကကိုချွတ်တာ မြတ်စွာဘုရား

ကျော့ချမ်းစွာ ပျာပျာသလဲဆို၏။ ဘယ်လိုမှမနိုင်းအပ်သည်

"မမငွေ့ပြောချင်တာက အသက်အရွယ်ကြီးရင်ပဲ

မကျန်းမာရင်ပဲဖြစ်ဖြစ် မောင်နဲ့နှမဆိုတာ ပြုစုဖို့ခက်တယ်

ဥက္ကာရဲ့။ ဆေးပေးမီးယူဆိုတဲ့စကားက အဓိပ္ပာယ်နက်နဲ

ကိုယ်က သက်ဆိုးတိုင်ချမ်းသာကြွယ်ဝနေရင်တော့ စေ

ရင်တောင် အသပြာမျက်နှာကြောင့် ပြုစုယုယချင်သူတွေ

ရှိမယ်"

"သူများဆိုတာ သွေးသားအရင်းအချာလောက်

အပေါ်ဘယ်ကောင်းနိုင်မှာလဲ"

ငွေ့မျက်နှာလေး ပြုံးသွား၏။ သူမကြားချင်

စကားပါပဲလေ။ ဒါလိုရင်းရောက်ဖို့ လမ်းစကိုနင်းလိုက်





"မမငွေ့ပြောချင်တာ အဲဒါပဲ လင်းဥက္ကာ။ ချမ်းသာနေ

တောင် တကယ့်စေတနာနဲ့ပြုစုဖို့လူရှားတာ၊ ဆင်းရဲရင် ဘယ်

ကြမလဲ၊ မောင်နဲ့နှမပြုစုနေကြဖို့ကတော့ ဘယ်လိုမှမသင့်

ဘူး"

"ကျွန်တော်သဘောပေါက်ပြီ မမငွေ့"

အကာ မမငွေ့ပြောတာ ဟုတ်သလိုထံစားမိလာ၏။ မောင်

ဆိုတာ အရာရာတိုင်းမှာ မသင့်တော်ဘူးလေ။ လူတိုင်း အချစ်

ကြတာလည်း ကမ္ဘာ့နိယာမတရားမဟုတ်လား။ ကိုယ်

သေးလို့ ကိုယ်ချင်းမစာဘူးလို့အပြောခံရတာ အောင့်သက်

ကြီးပါ။

၅၂၈ နဲ့ ၁၅၀၀ ပဲကွာပေမယ့် အားလုံးက မေတ္တာကို

ခံထားသည့်အချစ်တွေပဲလေ။ တာဝန်ဝတ္တရားတွေနဲ့ ချုပ်

ထားရအောင်ကလည်း မယားက အနစ်နာခံထမ်းရွက်ခဲ့

ဘစ်နှစ်နှစ်နှစ်မဟုတ်တော့။ သီးချိန်ပွင့်ချိန်တန်နေပါလျက်

ကိုငဲ့ပြီး အရွက်မဝေခဲ့ရှာသော မမရဲ့နှလုံးသားမှာ ခြောက်

လောင်နေမည်သာ။

သီးချိန်တန်လို့သီး၊ ပွင့်ချိန်တန်လို့ပွင့်ရင် တံချူနဲ့ဖြစ်ဖြစ်

တော့ပဲဖြစ်ဖြစ် ခူးကြမှာ။

အသီးအပွင့်တွေပျောက်ရင် အကိုင်းအခက်တွေ ...
မှာစိုးလို့ မမရွှက်ပုန်းသီးလုပ်နေခဲ့တာဆိုရင် အကာတို့က ...
သမားတွေပေါ့။

''ကျွန်တော်ပြန်တော့မယ် မမငွေ''

''ကောင်းပြီ လင်းညက္ကာ၊ မမငွေ့ပြောတာတွေကို ...
သေသေချာချာစဉ်းစားပါ''

☆☆☆

## အခန်း (၁၉)

အကာ မမအပေါ်မှာ နားလည်နိုင်အောင် ကြိုးစားခဲ့
...။ ဖင်ကိုကအစ အကာ့ကိုအတွသမားလို့မြင်နေတာ အများ
...ယောက်မှာ တစ်ယောက်ကပဲ မှားနေလို့ပေါ့။

''အကာ''

''ဗျာ''

''ဒီနေ့ဘာဖြစ်နေတာလဲ၊ ငိုင်တိုင်ငိုင်တိုင်နဲ့''

''ဘာမှမဖြစ်ပါဘူးမမ''

အတာ အကာ့အနားတွင် ဝင်ထိုင်လိုက်ရင်း...

''ဒါဆို မမကြောင့်လား အကာ''

အတာ ဒဲ့ဒိုးပဲမေးလိုက်၏။ အတာနဲ့ရတဲ့အကြောင်းကို

အကာသိသင့်သလောက် သိနေမှာပါလေ။ အကာ ဒီရက်ပိုင်း ရတုရဲ့သူငယ်ချင်းငွေ့နဲ့ ရင်းရင်းနှီးနှီးရှိနေကြတယ်ဆိုတာ ပြောပြလို့ အတာသိပြီးပြီ။

ငွေ့ကကော. . .

ရတုနဲ့အတာတို့အကြောင်းကို မပြောဘဲနေပါ့မ အကာနဲ့အတာ့ကြားမှာ ဘာမှုဖုံးကွယ်ထားစရာမလိုဘူးလို့ အ ထင်ပါသည်။

"မမကြောင့်တော့ စိတ်မကောင်းမဖြစ်ပါနဲ့အကာ။ နဲ့မကြားရဲ့ကြားမှာ သံယောဇဉ်ကလွဲပြီး ဒီထက်ပိုဖို့ဘာမှ ဘူးကွယ်။ မောင်လေးတို့ကိုထားပြီး မမ ဘယ်သူ့အပေါ် သံယောဇဉ်မပိုနိုင်ပါဘူး။ ရတုနဲ့သွားလာနေတယ်ဆိုတာလ မျှော်လင့်ချက်တွေနဲ့လာခဲ့တဲ့သူကို ရင်ဝဆီးတွန်းလွှတ်တာ မဖြစ်စေချင်လို့ ရောက်တုန်းရောက်ခိုက်မှာ ဖော်လိုလိုက်ပေး ပါ အကာ"

"မမ"

အကာ မမလက်ကိုဆုပ်ကိုင်လိုက်၏။ သူ မမကို လည်ပေးနိုင်ပါပြီလေ။ လူတိုင်းအချိန်တန်အရွယ်ရောက်လာ ရည်းစားထားကြ အိမ်ထောင်ပြုကြတာ လောကရဲ့ဓမ္မတာ။ ကို





သဘာဝကိုဆန့်ကျင်ပြီး မိုးက မြေအောက်ကနေ လှန်ရွာ ခဲ့မလား။

"ကျွန်တော် မမကိုနားလည်ပေးနိုင်ပါတယ်မမရယ်။ မမ ထောင်ပြုသင့်နေပါပြီ။ ကိုရတုက မမအတွက် သင့်တော်တဲ့ ကျားတစ်ယောက်ပါ"

"မဟုတ်ဘူး အကာ"

"မမရဲ့တာဝန်ကျေနေပြီပဲ၊ အစ်မကြီး အမိအရာအနေနဲ့ မနိုင်တဲ့ဝန်ကိုလည်းထမ်းခဲ့ပြီးပြီ။ ကျွန်တော်တို့ကို ငဲ့မနေပါ တော့မမရယ်။ အချိန်တန်ရင် ကိုယ့်လမ်းကိုယ်လျှောက်ကြရမှာ ဟုတ်လား"

"မင်းတို့လေးတွေရဲ့ဘဝ မတင့်တယ် မလှပသေးသရွေ့ အိမ်ထောင်မပြုဘူး အကာ"

"မမ"

"မမပဲဆက်ပြောပါရစေ"

အကာ ပါးစပ်ပိတ်သွား၏။

"မင်းတို့အတွက် မမက ထာဝရထီးလေးတစ်ချောင်းပဲ ချင်တယ် အကာ။ မင်းတို့တွေ ဘယ်နေရာမှာပဲရှိနေနေ၊ ထီး လေးလို လိုက်ပြီးအရိပ်မိုးပေးချင်တယ်"

"သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းနားလို့ရတယ် လေ မမရဲ့"

အတာ အကာ့စကားကိုနားမလည်သလို မျက်လုံးဝိုင်း လေးနှင့် ကြည့်လေ၏။ အခု သစ်ပင်ကြီးက ကောင်းမှုမကောင်း တာ။ ငှက်ကလေးတွေနားနိုင်ဖို့ ဘယ်ရေဖျန်းလို့ လန်းနိုင်ပါ့မလဲ နားနေတဲ့ငှက်ကလေးနစ်ကောင်အတွက်တောင်. . .

တောင့်ခံထားရတဲ့သစ်ကိုင်းသစ်ခက်တွေက လှုပ် လှုပ်လဲ့။ ကံကြမ္မာမျက်နှာသာမပေးလို့ မိဘမဲ့ဘဝမှာ ရပ်တည် ခဲ့ကြတဲ့သူတို့တွေဟာ ခနော်ခနဲ့ကနေ မတ်မတ်ရပ်နိုင်အောင် ကြိုးစားခဲ့ရတာ ပင်ပန်းဆင်းရဲလွန်းလှပါ၏။

ဒါပေမဲ့. . .

ကျွန်းကိုင်းမှီကိုင်းကျွန်းမှီလို့ မောင်နှမတွေ ဘဝကိုဖြတ် သန်းခဲ့ချိန်တိုင်း။ မေတ္တာကြောင့် ပျော်ရွှင်ဖွယ်ကမ္ဘာလေးဖြစ် သည်သာ။

"မမ ကိုရတုကိုလက်ထပ်လိုက်ရင် သစ်ပင်ကောင်းကြီး တစ်ပင် ဖြစ်လာမှာပါ"

"နင်ဘာတွေပြောနေတာလဲ အကာ"

"မမနဲ့ကိုရတုကို ကျွန်တော်သဘောတူပါတယ်"





"ဘယ်သူက ယူမယ်လို့ပြောနေလို့လဲ"

"ဟင်! ချစ်လို့မှ ငယ်ငယ်ကတည်းက ကတိတွေ သစ္စာ တွေ ထားခဲ့ကြတာမဟုတ်ဘူးလား။ အခု အရွယ်လွန်နေပြီလေ။ က်မထပ်ကြဘူးလား"

အတာ ပြုံးလိုက်ရင်း. . .

"မင်းတို့ဘဝတွေ အိမ်ထောင်ကျပြီး အခြေတကျဖြစ်မှ မတို့က လက်ထပ်မယ်"

"ကိုရတုက အဲဒီအထိ စောင့်မှာတဲ့လား မမရဲ့"

"မစောင့်နိုင်တော့လည်း နေပေါ့ဟယ်။ မောင်လေးတွေ တွက်စိတ်ချရပြီဆိုရင် မမ သာသနာ့အရိပ်ကိုခိုလှုံလိုက်မှာပေါ့"

"မမရယ်"

အတာ စိတ်မကောင်းဖြစ်သွား၏။ အထင်နှင့်အမြင်ဟာ က်တက်စင်အောင် လွဲကုန်ပြီ။ အကာထင်ထားတာက မမဟာ တာ့အပေါ် ကတိမပျက် သစ္စာမဖောက်ဘဲ စောင့်နေခဲ့တာသည် ချစ်ကြောင့်လို့ထင်ခဲ့ပေမယ့်. . .

တကယ်တမ်းမှာ. . .

နှလုံးသားရေးထက် မမက မိသားစုအရေးကိုသာ ဦး ပေးနေတာပါလား။ နှလုံးသားကို နှင်းမြှုပ်ထားတော့မလို့လား

မမရယ်။

"အကာရေ့. . . အကာ"

"ဟင်"

"မမ. . . အကာ"

"ဖင်ကို့အသံပါလား"

"ဒီကောင် အလုပ်မသွားဘူးလားမသိဘူး"

အတာနှင့်အကာ မျှော်ကြည့်နေတုန်းမှာပဲ ဖင်ကိုက အိမ်ပေါ်သို့တက်လာသည်။

"ဧည့်သည်တွေပါလာတယ်"

"အတာ"

"ဟင်! ရတု"

"မမငွေ့"

ဖင်ကို့နောက်ကနေ တစ်ယောက်ပြီးတစ်ယောက် ပေါ်လာကြသဖြင့် အတာရောအကာပါ အံ့သြသွားကြသည်။ အတာ နောက်မှသတိရကာ သင်ဖြူးလေး ခင်းပေးလိုက်ပြီး. . .

"ထိုင်ကြ"

ငွေ့နှင့်ရတု တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နောက်တော့ အကာ့ကိုပြုံးတူကြည့်ရင်းမှ ဝင်ထိုင်လိုက်ကြသည်။





"မမတို့အိမ်ကို လာချင်တယ်ဆိုလို့ ကျွန်တော်လိုက်ပို့တာပါ မမ"

"အတာ"

"ဟင်"

ရတုခေါ်ပြီးမှ ဘာပြောရမှန်းမသိတော့။ ငွေ့ကပဲ. . .

"ဒီနေ့ အတာနဲ့လင်းဥက္ကာကို ဘုရားပေါ်မှာမတွေ့လို့ ဖင်ကို့ကိုတွေ့တာနဲ့ လိုက်ပို့ခိုင်းတာပါ"

"ဒီနေ့အနားယူတာဆိုပါတော့၊ မမငွေ့တို့တယ်မှမသွားကြဘူးလား"

"မသွားဖြစ်ပါဘူးကွယ်၊ ဘုရားပေါ်မှာပဲ မင်းတို့ကိုမျှော်ရင်း အချိန်ကုန်သွားတာလေ"

ရတုကိုကြည့်ပြီးပြောလိုက်တော့ အကာ သဘောပေါက်လိုက်ပါသည်။

"မနက်ဖြန်တော့ လာမှာပါ"

"မလာလို့ဖြစ်မလားကွ၊ မင်းအလုပ်မလုပ်ရင် ပိုက်ဆံရတာဘဲရှိမယ်"

"ငါက မမကိုပြောတာ ဖင်ကိုရ၊ မမက မျှော်နေတဲ့သူတယ်လေ။ လည်ပင်း ညောင်ရေအိုးဖြစ်မှာစိုးလို့ပြောတာ"

"အဟဲ. . . မင်းကိုမျှော်နေတဲ့သူလည်း ရှိပါတယ်ကွာ"

ရတု ကိုယ့်ကိုရည်ညွှန်းပြီး လင်းဥက္ကာပြောတာမှန်း သိ လိုက်ပြီ။ ကြည်နူးစွာစကားပြောဖော်ရတဲ့အတွက် ဝမ်းသာအားရ ဖြစ်ကာ၊ ငွေ့ဘက်သို့လှည့်၍ အချွန်နှင့်မ,လိုက်၏။

"ငွေ့ကလည်း သူ့ကိုမျှော်နေတာပဲမဟုတ်လား"

ငွေ့ထံမှ မျက်စောင်းလေး ဝေ့လာသည်။

"ကျွန်တော့်ကို ဘယ်သူကမျှော်မှာလဲ အစ်ကိုရဲ့။ မျှော် မယ့်သူမှမရှိတာ"

"ရှိနေတာ မင်းမှမသိတာ"

ရတုက ပြုံး၍ဆိုလိုက်တော့ အတာက. . .

"ဘယ်သူလဲ ရတု၊ အတာ့မောင်ကိုမျှော်တဲ့သူရှိနေတာ ဝမ်းသာစရာပဲ"

"မမနော်၊ ကျွန်တော့်ဘက်ကို လှည့်တွန်းမချနဲ့။ နောက် ကားက ရှေ့ကျော်တက်မလာ။ မမတို့သာ"

"အကာ"

"အစ်ကိုနဲ့သဘောတူပေးလိုက်ပြီလေ"

"အဲကာ"

"ဟာ! မင်း. . . မင်း တကယ်ပြောတာလား အကာ။





အတာနဲ့ငါ့ကို မင်းတကယ်သဘောတူတာလား"

အကာက ခေါင်းညိတ်လိုက်ပြီး. . .

"တကယ်ပါအစ်ကို၊ အစ်မကညာ အခါမလင့်ရအောင် သင့်တော်တဲ့သူရှိတုန်း"

"ဟဲ့!"

"အား"

အတာက အကာ့ခြေထောက်ကို ဆွဲဆိတ်လေတော့

"နာလိုက်တာမမရယ်၊ မှန်တာတွေပြောနေတာကို ဒါ ရှက်စရာလား။ အစ်မရှိရင် မဖြစ်မနေ ယောက်ဖတစ်ယောက် ရကိုရမှာ"

"ဟုတ်သားပဲ အတာရဲ့"

"မောင်ရှိလို့ ယောက်မ မလွဲမသွေရမှာကိုလည်း ထည့် ပြောဦးလေ"

ဇင်ကိုက စကားကိုအစဖော်ပေး၏။ ဒီမောင်နှမနှင့် သူ ငယ်ချင်းနှစ်ယောက်ကြားမှာ ဇင်ကိုက ပွဲကြည့်ပရိသတ်။ မမငွေ့ ရဲ့မျက်ဝန်းတွေက အကာ့ကိုကြည့်တိုင်း စိတ်မလုံသလို ရှက် သလိုလို။

ဒါ. . . ရိုးသားခြင်းမှမဖြစ်နိုင်တာ။

"မင်းလည်း အချစ်နဲ့လက်တစ်ကမ်းအလိုကို ရောက်နေ
ပြီ အကာ"

"ပေါက်တီးပေါက်ရှာကွာ"

"အပေါက်တီးရှာဖို့က အရေးမကြီးဘူး။ အချစ်ကိုရှာ
တွေ့ဖို့က အရေးကြီးတာ။ မင်းအနားကို အချစ်က ဝဲနေပြီအကာ
မိအောင်ဖမ်းဖို့သာ မင်းပြင်ထားတော့"

"မင်းကလည်း"

အတာ မျက်နှာရဲချင်ချင်ဖြစ်လာ၏။ ဖြစ်ဆို အားလုံး၏
မျက်ဝန်းတွေက မမငွေ့နဲ့ အကာ့မျက်နှာပေါ်မှာ တစ်လှည့်စီ
ရတုက အကာ့ကိုထပ်စလိုက်သည်မှာ. . .

"မင်းတို့မောင်နှမ တို့လက်က ပြေးမလွတ်ပါဘူး"

တဲ့လေ။

☆ ☆ ☆



# အခန်း (၂၀)

"မမငွေ့ ပြန်မရောက်သေးဘူးလား ကြည်မင်း"

"မရောက်သေးလို့ မတွေ့တာပေါ့ကွာ"

"ဘယ်နှရက် ကြာမယ်ပြောသွားလဲ"

"ဘာလဲ၊ မင်းလွမ်းနေပြီလား ဒီပါ"

"မှန်ရာကိုဝန်ခံရရင် ဟုတ်တယ်"

ဒီပါက မချိမချဉ်မျက်နှာနှင့်ပြောတော့ ကြည်မင်းဇော်
က လက်သီးထောင်ပြသည်။ ထောင်ပြမှာပေါ့။ မမငွေ့က ကြည်
မင်းဇော်ရဲ့အစ်မဝမ်းကွဲလေ။ သူငယ်ချင်းတွေဆိုတော့ ဒီပါက
ကြည်မင်းတို့အိမ်ကိုဝင်ထွက်သွားလာနေရင်းပဲ ဒီပါနှင့်မမငွေ့တို့
ခင်သွားခဲ့ကြတာပါ။

ဒီပါက စာတော်သည်။ ရည်ရွယ်ချက်လည်းကြီးသည်။ ဆရာဝန်လောင်းတစ်ယောက်မို့ မိန်းကလေးရှင်တွေ၏အကြိုက် ပေါ့။ ဒီပါက အခြားမိန်းကလေးတွေကိုစိတ်မဝင်စားဘဲ မမငွေ့ ကိုမှ ချစ်မိနေပါပြီတဲ့။

ကြည်မင်းတို့အိမ်ကို မမငွေ့က ခဏခဏလာသည်။ အဲဒီမှာတွေ့ပြီး ခင်သွားကြတာ။ မမငွေ့အမေရယ်၊ ကြည်မင်း ဖေဖေရယ်၊ ကာရံဖေဖေရယ်က မောင်နှမအရင်းတွေ။ မမငွေ့ မိဘတွေဆုံးသွားတော့ မိန်းကလေးတစ်ယောက်တည်းနေ မသင့်တော်တာကြောင့်ရယ်၊ ပြည်မှာဖြစ်နေတာရယ်ကြောင့် ကာရံ ဖေဖေက မမငွေ့ကို ရန်ကုန်ခေါ်ထားခဲ့တာပါ။

"မမငွေ့က မင်းကိုကြွေပါ့မလား"

"သူကြွေဖို့မလိုပါဘူး။ တံချူနဲ့ချူမှာပါ"

"ဟော့ကောင်!"

"အသက်အရွယ်အရ မမငွေ့က စဉ်းစားချင်စဉ်းစားမယ် ငါ့ဘက်ကတော့ ခေတ်သစ်နတ်သျှင်နောင်ပဲ။ အချစ်မှာ အသက် အရွယ်အပိုင်းအခြားဆိုတာမရှိဘူး"

"မင်းချစ်ပါတယ်ပြောနေတာ ငါ့အစ်မနော် ဟော့ကောင်"

"ဘာဖြစ်လဲ၊ မိသားဖသားပီပီ ပြောပြနေတာကို"





"အဲဒီလောက်ဖြစ်နေရင်လည်း ဖွင့်ပြောလိုက်တော့ကွာ၊ ကြားထဲက ငါနားငြီးတယ်"

တော်လိုက်တဲ့မောင်။ ကိုယ့်အစ်မကို သူကိုယ်တိုင်က တောင် ဖွင့်ပြောခိုင်းနေပြီ။

ပြောခိုင်းဆို. . .

ဒီပါ့ကို ကြည်မင်းရဲ့မိဘတွေရော၊ ကာရံမိဘတွေရော သဘောကျနေကြတာပါ။ လူကြီးတွေကတော့ ဒီပါ့ကို ကာရံနဲ့ သဘောနေကြသည်။ အရွယ်လည်း မျှကြတာကိုး။ ဒီပါက အဒေါ် တစ်ယောက်နဲ့နေပြီး ဆေးကျောင်းတက်နေရရှာတာ။ မချမ်းသာ ပေမယ့် နှုတ်၊ ရုပ်၊ ပညာအရည်အချင်းတွေက သမီးရှင်တွေ အမှတ်ပေးပြီးသားပါ။

ခက်တာက. . .

ဒီပါက ကာရံကိုခင်ရုံမှအပ စိတ်မဝင်စား။

"ပြောရအောင် သူကမှမရှိတာ"

"မစောင့်နိုင်ရင် ကျိုက်ထီးရိုးလိုက်ပြောလေ"

ကျိုက်ထီးရိုးဆိုသောကြောင့် ဒီပါ အပြုံးလေးတွေပြေ လျော့သွား၏။ သူက ကျိုက်ထီးရိုးမှာနေခဲ့တာကို ဘယ်သူငယ် ချင်းကိုမှ အသိမပေးပေ။

အသိပေးလို့ဖြစ်မလား။ မမနဲ့ကိုကိုတို့က ကျိုက်ထီး

တောင်ပေါ်မှာ သူများအထုပ်တွေကို သယ်ပိုးနေရသူတွေ

ငယ်ချင်းတွေသိရင် ဒီပါ့ကိုဖဲ့ကြမှာ။

"ကျိုက်ထီးရိုးတော့ လိုက်မပြောပါရစေနဲ့ကွာ။

ခန်းနေလို့ပါ။ ငါက မင်းတို့လိုမချမ်းသာဘူးကွ"

"မင်း ချမ်းသာချင်လား"

"ဘယ်လိုပြောလိုက်ပါလိမ့်။ မချမ်းသာချင်ဘူးဆို

ကို စိတ်ကျန်းမာရေးဆေးရုံပို့ပစ်မယ်"

"ချမ်းသာချင်ရင် မင်း သိုက်တူးပေါ့"

"သိုက်တူးရင် မြေပြင်ကိုရောထင်ပြီး ကူးနေရမယ်

ပြောပြီး ဒီပါက ရယ်၏။ ကြည်မင်းပြောသည့်အ

က တစ်မျိုးပါ။ မမငွေ့ လူတန်းစေ့နေနိုင်ရုံထက် သာ

ကာရုံတို့လောက် မချမ်းသာပေ။ မောင်တစ်ယောက်အနေနဲ့

သင့်မှန်းတော့သိသည်။

ဒါပေမဲ့. . .

ဒီပါက လူကောင်းလေးဖို့ ဆုံးဖြတ်ပေးရခက်နေ

မမငွေ့က ဒီပါ့ကိုစိတ်ဝင်စားပါ့မလား။ ကာရုံကတော့ သ

နေပုံရသည်။





ဒါကြောင့်. . .

မလိုအပ်တဲ့ဝေဒနာတွေ သူတို့ကြားမှာ ဂယက်ထမှာစိုး

ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုပဲ ရွေးချယ်စေချင်တာ။ မမ

ငွေ့ကိုဖွင့်ပြောဖို့တိုက်တွန်းတာက ဝေဒနာနတုန်း အဖြေမှန်ကို

ပြီး စောစီးစွာ ကုစားနိုင်အောင်လို့ပါ။

"မင်း ရေကူးစရာမလိုဘဲ တူးလို့ရတဲ့သိုက်က တစ်နေ့

မင်းဆီကို တည့်တည့်ရောက်လာမှာပါ"

"ဘာ!"

"နားမလည်ရင် မမေးနဲ့တော့။ တစ်နေ့ မင်းအလိုလို

လာလိမ့်မယ်"

"ဘာတွေလဲကွာ"

ကြည်မင်းက ဘာမှဆက်မပြောတော့ဘဲ ဒီပါ့ပခုံးကို

သာသာပုတ်၍ ထသွားလေသည်။

☆☆☆



# အခန်း (၂၁)

ပျော်ရွှင်ရမယ့်ရက်ကလေးတွေ ကုန်ဆုံးသွားတော့ အား...ပြုးသူမှာ မျက်ရည်စတွေနှင့်ဆိုတာမျိုးဖြစ်နေပြီ။ မနက်...တစီးစီး နှင်းမှုံတွေကြားမှာ ချမ်းလွန်းလို့ ခိုက်ခိုက်တုန်နေ...ယ့် ရင်ထဲမှအပူက အအေးဓာတ်ကို ဖုံးလွှမ်းနေ၏။

''အတာ''

''ရတု''

''ဒီတစ်ခါလည်း ဟိုး. . . အရင်တုန်းကအတိုင်းပဲ ကိုယ်...တစ်ခုတောင်းပါရစေ အတာ''

''ပြောလေ''

''မင်းဆီကို နောက်တစ်ခါ ကိုယ်ပြန်လာခဲ့ရင် ကိုယ့်ကို

လက်ထပ်ပါ့မယ်ဆိုတဲ့ကတိကို မင်းပေးပါ''

''ရတုရယ်''

အတာ ရတုမျက်နှာကိုမော့ကြည့်ပြီး မျက်ရည်လေးတွေ ဝေ့လာသည်။ ပထမတစ်ခါက ဆုံတွေ့ပြီး ခွဲခွာကာနီးမှာ အချ ဆိုတာ သူတို့ရင်ထဲကို ထိထိမိမိမရောက်သေးတော့ ခံစားမှုဆိုတာ လည်း မြက်ဖျားနှင်းလေးတွေလို။

အခုတစ်ခါကျတော့...

နှလုံးသားကို အမြစ်တွယ်ကုပ်ပြီး ရှင်သန်လာတဲ့အချ တွေက ရင်ဘတ်နှင့်မဆန့်အောင် ထီးထီးမားမားကြီးပါ။ ခွဲခွာ ရမယ်ဆိုတော့ ရင်ထဲမှာ နင့်သီးစွာနှင့် ဘာတွေဘယ်လိုပြော မှန်းပင်မသိတော့။

''ကိုယ့်ကိုကတိပေးပါ အတာ''

''အတာ... အတာ ကတိပေးပါတယ် ရတုရယ်''

''ဘယ်သူတွေ ဘာပဲပြောပြော၊ ဘယ်လိုပဲဖျက်ဖျက် ကိုယ့်ရင်ထဲမှာ မင်းအမြဲရှိနေမှာပါ။ ကိုယ် မင်းကိုချစ်ခဲ့တာ အပေ မဟုတ်ပါဘူး။ အဖော်အဖြစ် ထာဝရလက်တွဲသွားဖို့ချစ်ခဲ့တာ ကိုယ့်ရဲ့ဖူးစာရှင်က မင်းဖြစ်မလာဘူးဆိုရင် အခြားတစ်ယော လည်းဖြစ်မလာစေရဘူး အတာ။ အဲဒါကို မင်းယုံလား''





''ယုံပါတယ် ရတုရယ်၊ အတာလည်း ရတုတစ်ယောက် းကိုပဲ သစ္စာရှိစွာနဲ့ ချစ်သွားမှာပါ''

''ကိုယ်ယုံပါတယ်''

''ရတု''

''ပြောလေ အတာ''

''ရတုပေးထားတဲ့အပြာရောင်လက်စွပ်ကလေး အရောင် င်းသွားရင်တောင် အတာ ရတုအပေါ်ထွယ်မိတဲ့ သံယောဇဉ် အရောင်ပြောင်းမသွားဘူး ရတု''

''အတာရယ်''

သံယောဇဉ်စကားတွေကြောင့် ရင်ထဲမှာ ဝမ်းသာဝမ်း ပူးတွဲလို့ လှိုက်ခုန်သွားပေမယ့် ချစ်သူကို လက်ကလေး တွေးခွင့်မှအပ ပခုံးလေးပင် ဖက်ခွင့်မရပေ။

ရင်ခွင်ထဲမှာ ထွေးဖက်ပြီး အားပေးစကားတွေပြောချင် ။ သို့သော်...

ပတ်ဝန်းကျင်နှင့် ကာလံဒေသံက ခွင့်မပေး။ ဘာပဲဖြစ် အချစ်စစ်မှာ အသားယူလိုစိတ်မရှိ။ မိုင်ပေါင်းကုဋေ ဝေးနေ နှလုံးသားချင်းက နားလည်မှုရှိပြီးသားပါ။

လမင်းလေးလို...

အပေးကကြည့်ပြီးပဲ ချစ်ခွင့်ရရ၊ ပန်းကလေးလို အတ[...] က ရနံ့ကိုပဲရှူခွင့်ရှိရှိ၊ ချစ်တာက ချစ်တာပါပဲ။

"အတာ ကိုယ့်ကိုသတိရရင် ဖုန်းဆက်လေ"

"ဖုန်းဆက်ရမယ်"

"အင်းပေါ့"

"ဟာ! မဆက်ချင်ပါဘူး။ ဖုန်းဆက်ရင် ဘေးမှာလူတွေ က ရှိနေမှာ"

"လူမရှိတဲ့အချိန်ဆက်ပေါ့ အတာရဲ့"

"ဖုန်းဆက်ခ ပိုက်ဆံတောင်းတဲ့လူက ရှိနေတာကို"

"ဒါဆို ကိုယ့်ဖုန်းကိုယူထားလေ"

"ရတုက ဘာနဲ့ဆက်မလဲ"

"အသစ်ဝယ်မှာပေါ့၊ ဒါလည်းအသစ်ပဲ။ ကိုယ် ဒီက[...] လာခါနီးမှ ဝယ်ထားတာ"

ရတုက ဖုန်းကို အတာ့လက်ထဲသို့ ထည့်ပေးလေတော[...] အတာက ရတုလက်ထဲသို့ပြန်ထည့်သည်။

"အတာမယူချင်ဘူး. . . ရော့"

"ဘာဖြစ်လို့လဲ အတာ"

"အတာ့ကို ရတုတကယ်ချစ်တယ်ဆိုရင် တန်ဖိုးကြီးတဲ့[...]





[...]က်ဆောင်တွေမပေးပါနဲ့ ရတုရယ်"

"ကိုယ်ချစ်သူကိုပေးတာပဲ အတာရယ်"

"အချစ်နဲ့မှားပြီး တန်ဖိုးကြီးတဲ့အရာတစ်ခုကို ယူထား[...]က်မိတဲ့အဖြစ်မျိုး အတာအရောက်မခံနိုင်လို့ပါ။ အတာ့ကို နား[...]ည့်ပေးပါနော်၊ ရတုဆက်စေချင်တယ်ဆိုရင် အတာ ဆက်ပါ့[...]ယ်"

ရတု မာနကြီးတဲ့ချစ်သူကို အလျှော့ပေးပြီး ဖုန်းနံပါတ်[...]ည့်သူ့ဓာတ်ပုံလေးတစ်ပုံကို ထုတ်ပေးလေလျှင်. . .

"ဒါဘာလုပ်တာလဲ ရတု"

"ကိုယ့်ဓာတ်ပုံလေး၊ အတာလွမ်းရင် ကြည့်ဖို့ပေါ့။ နောက်[...]ာမှာ ဖုန်းနံပါတ်ပါတယ်"

"မယူချင်ဘူး ရတု"

"ဟင်! ဟိုဟာပေးလည်း မယူ၊ ဒီဟာပေးလည်းမယူ [...]ဘာဖြစ်နေတာလဲ အတာရယ်"

"ရတု တကယ်မသိဘူးလား"

"ကိုယ်က ဘာကိုသိရမှာလဲ အတာ"

"ဓာတ်ပုံပေးရင် ဝေးတတ်တယ်တဲ့၊ သူများတွေပြော

"ဟာ! ဟုတ်လား"

ရတု မျှာမျှာသလဲနှင့် ဓာတ်ပုံကမ်းပေးသည့်လက်ကို ရုတ်လိုက်သည်။ သူကြားဖူးတာတော့ ပဝါပေးရင် ဝေးတတ်တယ် လို့ပဲ ကြားဖူးတာပါ။

အချို့ကျတော့. . .

ပန်းပေးရင် အလှမ်းဝေးတတ်တယ်တဲ့။ ပန်းပေးတာသည် အချုံးပေးတာလို့လည်း ယူဆကြသည်။ အယူအဆတွေ အမျိုးမျိုးကွဲလွဲနေကြခြင်းကို ရတုအယုံအကြည်မရှိပေမယ့် အချစ်နှင့်ပတ်သက်လျှင်တော့ ဘာတစ်ခုမှအတိမ်းအစောင်းမခံချင်။

ဒါကြောင့်. . .

"ဒါဆို ကိုယ်မပေးတော့ဘူး"

ဟုဆိုကာ အတာမှတ်မိအောင် သူ့ဖုန်းနံပါတ်ကို အထပ်ထပ်ရွတ်ပြလေ၏။

သူတို့လိုပဲ တစ်နေရာမှာ အကာနှင့်ငွေ့. . .

ဘာဖြစ်လို့လဲမသိဘူး၊ မင်းကို မမငွေ့ တော်တော်ခင်သွားမိတယ်။ ခင်မင်ကြပြီးမှ ခုလိုခွဲရမယ်ဆိုတော့ စိတ်မကောင်းဘူးကွာ"

"ဟို. . . မမငွေ့ အစ်ကိုရတုလိုတော့ ကျွန်တော့်ကို





ရောင်လက်စွပ်ပေးခဲ့ပြီး ကတိတွေသစ္စာတွေ ထားဖို့တော့ လောက်ပါဘူးနော်"

အကာ ရယ်စရာဖောက်ပြောလိုက်ပေမယ့် ရင်ထဲမှာက ့ ဟာတာတာကြီးလိုလို ဘာလိုလိုနှင့် ဘာလို့နေမှန်းကိုမသိ ူ။ ငွေ့က သူ့စကားကြောင့်ပဲ မျက်စောင်းထိုးကာ. . .

"မမငွေ့က မိန်းကလေးပါနော်၊ ပြီးတော့ မင်းထက် သက်ကြီးတယ်သိလား။ ရှိသေရကောင်းမှန်းမသိဘူး"

"ရှိသေပါတယ် မမငွေ့ရဲ့"

"ဒါဆို ဘာလို့ ရတုနဲ့နှိုင်းယှဉ်ပြီး ပြောရတာလဲ။ ရတု ယောကျ်ားလေး။ မမငွေ့က မိန်းကလေးဆိုတော့ အရှက်နဲ့ ်သိက္ခာကို ထိခိုက်တယ်။ အဲဒါ မင်းသိလား။ ပြောလိုက်ရင် သီအငေါ်တည့်အောင် မပြောဘူး"

"ဆောရီးပါ မမငွေ့ရယ်၊ ကျွန်တော်က ခင်လို့စတာပါ၊ ရှက်နဲ့ဂုဏ်သိက္ခာဆိုတာတွေကို ထည့်မတွက်မိတာက ကျွန် ်တို့နှစ်ယောက်အနားမှာ ဘယ်သူမှမရှိလို့ပြောမိတာပါဗျာ"

"အဲဒီလို ဘယ်သူမှမရှိလည်း မင်းရှိနေတယ်လေ။ မင်း ငွေ့ကိုအထင်သေးတာ"

"မဟုတ်ပါဘူး မမငွေ့ရယ်. . . ကျွန်တော်က ခင်လို့

စလိုက်တာပါဆို တကယ်ပါ။ ဘာသဘောမှမပါဘူး''

''ဟွန်း. . .''

ငွေ့ကမျက်စောင်းထိုးရင်း သူမဝယ်လာခဲ့သော ကစားစရာသေနတ်ကို မ,ကာ. . .

''နောက်တစ်ခါပြောရင် ဒီမှာတွေ့လား ဒေါသနတ်၊ တစ်ခါတည်းပစ်သတ်လိုက်မယ်''

''နောက်တစ်ခါပြောဖို့ဆိုတာ ရှိသေးလို့လား မမငွေ့ရယ်၊ အခုပဲ မမငွေ့တို့က ပြန်ကြတော့မှာ။ ထားရစ်ခဲ့သူနဲ့ ကျန်ရစ်ခဲ့ရမယ့်သူ ဘယ်သူကပိုပြီး ရင်နာရမှာလဲ။ စဉ်းစားကြည့်ပါဦး''

အကာ့ကိုနောက်ပြောင်ကာ ချိန်ထားသောသေနတ်မှာ တဖြည်းဖြည်း အောက်သို့နိမ့်ကျသွား၏။ ဒီလိုပြောကြကြေးဆိုမဖြစ်သာလို့ ထားခဲ့ရသူတွေရဲ့ရင်ထဲမှာရော၊ မခေါ်သာလို့ တော်ရာအဝေးကို ပြန်ကြရပေမယ့်၊ နောက်ကျောမှာ အပြုံးတံဆိပ်ကပ်ပြီး ရှေ့မျက်နှာမှာက မျက်ရည်သွန်းတဲ့အမဲ့မျက်နှာ။

''လင်းဥက္ကာ''

''ဗျာ''

''မင်းက ကျန်ခဲ့ရသူရဲ့ခံစားမှုမျိုးကို မခံစားနိုင်ဘူးလား''

''မခံစားချင်တာပါ''





ငွေ့ အကာ့ကို တွေတွေလေးစိုက်ကြည့်လိုက်ပြီး. . .

''ဒါဆို အခုပဲ မင်း မမငွေ့ရှေ့ကနေ ထွက်သွားလိုက်ပါ''

''ဗျာ!''

အကာ မမငွေ့စကားအဓိပ္ပာယ်ကို နားမလည်စွာ ပြန်ကြည့်၏။

''လူတွေရဲ့ခံစားမှုတွေကို အီကွေးရှင်းချပြလို့မရဘူး လင်းဥက္ကာ။ ဆီပူလောင်တဲ့လူက အပူဒဏ်ခံပြီး အဖုပေါက်ခံရသလို၊ ဒုသားတဲ့လူကလည်း ချမ်းတဲ့ဝေဒနာကိုခံစားရတာပဲလေ။ အပူနဲ့အအေး သဘာဝချင်းမတူညီပေမယ့် ဝေဒနာတစ်မျိုးစီတော့ ခံစားကြရတာပဲမဟုတ်လား''

''မမငွေ့''

''မင်းထွက်သွားလိုက်ပါ လင်းဥက္ကာ''

ကျန်ရစ်ခဲ့ရသူရဲ့ဝေဒနာကို ငွေ့ တကယ်ပဲခံစားကြည့်ချင်ပါသည်။ ဒီကောင်လေးနဲ့ ခင်မင်ရင်းနှီးခဲ့ရတဲ့အချိန်တွေမှာ ငွေ့ရင်ထဲကို ဘာတွေများ ပုန်းလျှိုးကွယ်လျှိုးနဲ့ဝင်ရောက်ခဲ့သလဲ။

သူစိမ်းယောကျ်ားတစ်ယောက်၏ ရင်ခွင်မဆိုထားနှင့်၊ ပခုံးလေးပင် မမှီခဲ့ဖူးတဲ့ငွေ့။ သူ့ရင်ခွင်ထဲကို နှစ်ကြိမ်တိုင်တိုင်

ဝင်ရောက်ခဲ့ဖူးသည်။

"ကျွန်တော်က ယောက်ျားလေးပါ မမငွေ၊ တစ်ဖ
အလျှော့ပေးတာ ယောက်ျားချင်းဆိုရင်တောင် ကျွန်တော် 
လောက် မပျော့ညံ့ဘူး"

'လူဆိုတာ သေရင်တောင် ခွဲကြရသေးတာပဲကွာ။ 
က ခွဲကြသည့်တိုင် နောင်တစ်ချိန်မှာ ပြန်တွေ့ကြဖို့ မျှော်
ချက်ရှိသေးတယ်"

"လူတိုင်းမျှော်လင့်ချက်နဲ့ အသက်ရှင်နေကြတယ်
တာ မှန်ပါတယ်"

အကာ မမငွေ့ရဲ့မျက်နှာလေးကို ငေးခနဲကြည့်ဖြစ်
၏။ ခေါင်းစွပ်ဦးထုပ်အဖြူ၊ ဆွယ်တာအဖြူလေးနှင့် မမငွေ
သဏ္ဌာန်သည် အကာ့ရင်ထဲမှာ ပုံသေကားချဖြစ်သွားပြီထင်
"ငွေ့ရေ. . . သွားမယ်ဟေ့"

"အလွမ်းသယ်လို့ မပြီးကြသေးဘူးလား"

"သူများတွေများ ကောင်းစားနေလိုက်ကြတာ၊ 
တော့ နေ့တိုင်း ခြေတိုမတတ် လျှောက်နေတာတောင် အ
လွမ်းပြေဖို့ တစ်ယောက်တလေ မတွေ့ဘူး"

"ဒီမှာရှိတယ်လေ"





ဇင်ကိုပါ ရောက်လာပြီး ယမုံနှင့်ရွှေရည်တို့၏စကားကို
ဝင်ဖောက်ပစ်၏။ ရွှေရည်က နှာခေါင်းရှုံ့ကာ. . .

"တော်တော်လွမ်းစရာကောင်းတဲ့ရုပ်"

"ရွှေနှန်းကျင်ဘေးက ကျောက်ရုပ်ကြီးတွေအတိုင်းပဲ"

ဇင်ကိုက ရယ်နေသည်။

ယမုံတို့ကလည်း အဝတ်အိတ်တွေကို လက်မှာဆွဲလျက်
ရောက်လာကြပြီမို့ ရတုနှင့်အတာလည်း ငွေ့တို့ရှိရာသို့လျှောက်
လာသည်။

"ငါမှာတာတွေပါလား ဇင်ကို"

"ပါတယ်. . . ပါတယ် ဒီမှာ"

ဇင်ကိုက ခြင်းလေးထဲကအရာတွေကို ထုတ်ပေး၏။

"ဘာတွေလဲ"

"မနေ့က,ကတည်းက ရတုတို့ပြန်မယ်ဆိုလို့ ဇင်ကို့ကို
ကတွတ်ယိုတွေ ဝယ်ခိုင်းလိုက်တာပါ"

"ဒုက္ခရှာလို့ အတာရယ်၊ တောင်အောက်ရောက်မှ ကိုယ်
တို့ဘာသာ ဝယ်သွားလည်းရတာကို"

"ဟဲ့! ရတုရဲ့၊ အရသာချင်းတူရင်တောင် တန်ဖိုးရှိတာ
ချင်းမတူဘူးလေ"

"ဟုတ်သားပဲ ကိုကြီးရတုရဲ့"

ရွှေရည်နှင့်ကာရံက ခပ်စွာစွာလေး ဝင်ပြောလေ[illegible]
ရတု အသံတိတ်သွားသည်။

"ဒါက ကျွန်တော်နဲ့ဖင်ကိုနှစ်ယောက်ပေါင်းပြီး [illegible]
တိုင်ဖော်ထားတဲ့အကြောဖြေဆေးတွေပါ။ ယူသွားလိုက်ပါ[illegible]
အသုံးဝင်မှာပါ"

လက်ဆောင်တွေက တန်ဖိုးမကြီးမားပေမယ့် [illegible]
တွေ မေတ္တာတွေ ထုံမွှန်းထားသည်ဆိုတာ။

"ကဲ! သွားကြမယ်"

"ကိုယ်သွားမယ် အတာ"

အတာ ခေါင်းလေးညိတ်ပြလိုက်၏။

ငွေ့ကတော့ နှုတ်မဆက်ဘဲ ထွက်စွာသွားလေပြီ။ အ[illegible]
တန်လို့ အိမ်ပြန်ရပေမယ့် အိမ်အပြန်လမ်းမှာ စိတ်တို့သည် က[illegible]
ကလျားနှင့်။

ကိုယ့်လိပ်ပြာက ချစ်သူ့ထံပါး အခစားဝင်ဖို့ကျန်ခဲ့[illegible]
အတာရယ်။

☆☆☆



## အခန်း (၂)

[illegible]မျှော်စင်ကျွန်းမှာ ရှိုးပွဲရှိလို့ သွားကြည့်မည်ဟု ကြည်မင်း
[illegible]နှင့်ချိန်းထားလေသဖြင့် ဒီပါ, ကြည်မင်းတို့အိမ်သို့ရောက်လာခဲ့
[illegible]လေလျှင်. . .

"လက်ဆောင်က ဒါပဲလား မမငွေ့ရဲ့။ ဒီကတွတ်ယိုတွေ
[illegible] စားလိုက်ရင် ကုန်သွားမှာ။ အမှတ်တရပစ္စည်းလေးဘာလေး
[illegible]ယ်ခဲ့ရောပေါ့"

"ပေးတာကိုပဲယူ၊ ချေးမထူနဲ့ ကြည်မင်း။ ဘုရားဖူးသွား
[illegible]ာပဲဥစ္စာ၊ အပျော်ခရီးထွက်တာမဟုတ်ဘူး။ ဘာပစ္စည်းမှလက်
[illegible]ဆောင်ဝယ်မလာဘူး"

"မမငွေ့က မပိုက်ပါဘူးဗျာ"

“ဗိုက်ရအောင် ငါက ခိုးဆိုး လုယက်လာရမှာလား
ပစ္စည်းတစ်ခုခု လက်ဆောင်လိုချင်တယ်ဆိုရင်ရတယ်၊ အေးမြ
ကလေးတွေ ကစားဖို့ဝယ်လာတာ သေနတ်တော့ပါတယ်။ လို
ယူ”

မမငွေ့အပြောကြောင့် ကြည်မင်း နာခေါင်းရှုံ့သွား
ဏ်။ ဒီပါ အိမ်ထဲကိုဝင်လိုက်တာနှင့် မမငွေ့ရဲ့အသံကိုကြားလိုက်
ရလေသဖြင့် ခြေလှမ်းတွေက ပိုသွက်သွားသည်။

“မမငွေ့ ပြန်ရောက်နေပြီကိုး”

“ဪ. . . ဒီပါ”

“ကျွန်တော့်အတွက်ကော ဘာတွေပါလဲ”

“မင်းအတွက်ကတော့ တောင်ဝှေး”

“ရိုက်ဖို့လား”

“ဒါပေါ့၊ မလိမ္မာရင် မင်းတို့နှစ်ယောက်စလုံးကို တော
ဝှေးနဲ့ရိုက်မှာ”

ဒီပါနဲ့ကြည်မင်း ပခုံးချင်းတိုက်၍ ရယ်လေသည်။ မမ
က သူတို့ကို တစ်ခါတစ်ခါ ကလေးတွေလိုမြင်နေသလား
တော့။ မတွေ့လိုက်နှင့်၊ တွေ့တာနှင့် ဆုံးမစကားတွေခြွေတဲ့
က များသည်။





ဒါတောင်. . .

အဘွားကြီးလေသံဖမ်းနေတဲ့မမငွေ့ကို ဒီပါက အသည်း
သန့်ဖြစ်နေတာလေ။ နတ်သျှင်နောင်နဲ့ ဓာတုကလျာတဲ့။

“ဒါဆို မမငွေ့ ကျွန်တော်တို့နဲ့လိုက်ခဲ့လေ၊ ကျွန်တော်
ဘို့ကဲ့ရင် ရိုက်ပေါ့”

“မင်းတို့က ဘယ်ကိုသွားမလို့လဲ”

“မျှော်စင်ကျွန်းမှာ ရှိုးပွဲသွားကြည့်မလို့ မမငွေ့ရဲ့။ မမငွေ့
က်ခဲ့ပါလား”

“ကြည့်စမ်း! မင်းတို့က စာမကျက်ဘဲ ရှိုးပွဲသွားကြည့်
ယ်ပေါ့ဟုတ်လား”

“တစ်ခါတလေ ဦးနှောက်အေးတာပါ”

“ဟွန်း. . .”

ငွေ့နှုတ်ခမ်း မဲ့ပစ်လိုက်၏။ မောင်နှမဝမ်းကွဲတွေ ရှိတဲ့
ထဲမှာ ကြည်မင်းက ကာရံထက် မမငွေ့ကိုပိုချစ်သည်။ ကာရံ
က မိစ္ဆာတေးမှုလိုလေ။

ချစ်သလို မမငွေ့ကို စသည် နောက်သည်လည်း ကြည်
င်းလုပ်တတ်သည်။

ခုလည်း ငွေ့အနားသို့ ရွှေ့ထိုင်လိုက်ပြီး. . .

''မမငွေ့''

''ဟင်''

''အခု အသက်ဘယ်လောက်ရှိပြီလဲ''

''ဘာလုပ်မလို့မေးတာလဲ''

ကြည်မင်းနားထင်ကို လက်ညှိုးနဲ့ထောက်လိုက်ပြီး. . .

''အဟဲ''

''ဘာအဟဲလဲ၊ ရုပ်ကိုက စပ်ဖြဲဖြဲနဲ့''

''ကျွန်တော် ယောက်ဖလိုချင်ပြီ။ အဲဒါ မမငွေ့ယောက်ျား မယူသေးဘူးလားလို့မေးမလို့''

''ဟယ်! ကြည့်စမ်း။ ခွေးကောင်လေး''

''ဟား. . . ဟား. . . ဟား''

ငွေ့ ခေါင်းကိုခေါက်မယ်လုပ်တော့ ကြည်မင်းက ဒ ပြေးလေသည်။ အခေါက်ခံလို့ အချစ်တွေသာပေးမယ်ဆိုရင် ခေါ တွေပေါက်ကွဲသွားချင်သွားပါစေ။ ဒီပါ ကြည်မင်းကိုယ်တား ခေါ ခေါက်ခံချင်လိုက်ပါဘိ။

အချစ်မှာ အသက်အရွယ်အပိုင်းအခြားမရှိဘူးဆိုပေမယ့် တကယ်ဝမ်း ရင်ထဲကခံစားမှုတွေကို ဖွင့်ဟကြေညာဖို့ကျတော့ ဒီပါ မငုံ့ရဲပေ။





''အို. . . ဟဲ့! ကလေးတွေ ဘာဆူနေတာလဲ''

''ဟင်! အန်တီ''

''မမငွေ့ကို ယောက်ျားမယူသေးဘူးလား မေးနေတာ မေမေရဲ့''

''ကြည်မင်းဇော်''

မိခင်၏တည်တင်းသွားသောမျက်နှာ၊ သားလို့မခေါ်ဘဲ ကြည်မင်းဇော်လို့ခေါ်လိုက်တဲ့လေသံမာမာကြောင့် ကြည်မင်း ဇက် ကလေး ပုသွားသည်။

''ဒါ မောင်တစ်ယောက်အနေနဲ့ ကိုယ့်အစ်မကိုမေးသင့် တဲ့စကားလား။ နှမနဲ့မောင်ကြားမှာ ရှိသေခန့်ညားခြင်းဆိုတာ ရှိရမယ်သား။ နောက် ဒါမျိုးမမေးပါနဲ့၊ မေမေမကြိုက်ဘူး''

''မေမေကလည်း''

''မေမေကလည်း လုပ်မနေနဲ့၊ သားတို့ ဈေးဝင်ကျွန်း ကို သွားမှာမဟုတ်လား။ သွားစရာရှိတာသွား''

''ဟုတ်''

ငွေ့ကကောင်းတယ်ဟု ခပ်တိုးတိုးထောပနာပြုလေတော့ ကြည်မင်းမျက်နှာ ရှုပ်ပုပ်ဖြစ်သွားသည်။ အန်တီ့ရှေ့မှာမို့ ဒီပါ သည်း ကြည်မင်းနောက်မှ ခပ်ကုပ်ကုပ်ကလေး လိုက်ပါသွားသည်

တိုင် သံယောဇဉ်မပြတ်စွာ လှည့်ကြည့်ကြည့်သည်။

"ဟော့ကောင်"

"ဟမ်"

"လာတာမဟုတ်ဘူး"

ကြည်မင်းက စိတ်မရှည်သလို ဆွဲခေါ်လေမှပဲ၊ ဒီပါမျ
ဝန်းတွေ ငွေ့မျက်နှာဆီမှ သံယောဇဉ်ပြတ်သွား၏။ ကားပေါ်
ရောက်ပြီး မောင်းထွက်ခဲ့ကြတော့မှ. . .

"ကြည်မင်း"

"ဘာလဲ"

မမြင်ရတာကြာသွားလို့လားမသိဘူး၊ မငွေ့က ငို
လာတယ်နော်"

"သေလိုက်၊ အဲဒီမှာ"

ကြည်မင်းက မကျေနပ်သံနှင့်ပြောလေတော့ ဒီပါ
ရယ်မိလေသည်။ ဒီကောင်က ချမ်းချမ်းခရေဇီသမားမို့ ရှိုးပွဲ
ချမ်းချမ်းပါသည်ဆိုတာနှင့် ဒီပါ့ကိုမရမကခေါ်တာ။

မငွေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့လိုက်ရတော့ ဒီ
ရှိုးပွဲကိုလိုက်ချင်စိတ်က ကုန်သွားသည်။ ဒါကို ကြည်မင်းသိ
ကတော့ ကားပေါ်ကနေ အပို့ကို ကန်ချခဲ့မလားဘဲ။





"ဒီပါ"

"ဟင်"

"မင်း ကာရံကိုပြောင်းပြီး စိတ်ဝင်စားကြည့်ပါလား"

"ဘာကွ"

"မငွေ့နဲ့မင်းက မလိုက်ဖက်ဘူးထင်တယ်"

"ဒီမှာ ကြည်မင်း"

မဖြစ်နိုင်လို့ ဆင်ဝေ့ရန်ရှောင်ပြောလိုက်တာကိုပဲ ဒီပါ
က မကြည်မျက်ဝန်းတွေနှင့် ကြည့်လာသည်။

"လိုက်ဖက်တာ မလိုက်ဖက်တာကို မျက်လုံးက ကြည့်
ဘာကွ။ နှလုံးသားက အချစ်ကိုပဲမြင်တယ်၊ အချစ်ကိုပဲကြည့်
တယ်။ သိလား"

"မျက်စိကကြည့်ပြီးမှ နှလုံးသားက ခံစားတာမဟုတ်
ဘူးလား။ မင်းကိုမျက်စိပိတ်ပြီး လူတစ်ယောက်ကို ချစ်ခိုင်းမယ်
ဆိုရင် မမြင်ဖူးဘဲ မင်းချစ်နိုင်မလား"

သူပြောတာလည်းဟုတ်၊ ကိုယ်ပြောတာလည်းမှန်မို့
စကားလုံးတွေ ပျောက်ဆုံးကာ ငြိမ်သက်သွားကြ၏။

☆☆☆



## အခန်း (၂၉)

အတာမြင်လိုက်ရတဲ့မြင်ကွင်းတစ်ခုကြောင့် ခြေလှမ်းတွေ တုံ့သွားသည်။ ဆယ့်သုံးနှစ်သမီးအရွယ်ကလေးမလေးက ငါးနှစ်အရွယ်ကလေးကို ခြင်းထဲထည့်ပြီး ထမ်းလာသည်။ ကိုးနှစ် ဆယ်နှစ်လောက်ရှိမည့်ကလေးက မမဖြစ်ဟန်တူသော အထမ်းနှင့် ကောင်မလေးဘေးမှာ ကပ်လိုက်ပြီး လက်ထဲမှာလည်း ငုံးဥပြုတ်တွေ ပါသည့်ခြင်းလေးနှင့်။

အို!

အတာ ချက်ချင်းပဲ မျက်ရည်တွေ ဝေ့တက်လာ၏။ သူတို့မောင်နှမသုံးယောက် ဖြတ်သန်းခဲ့ရသည့်ဘဝနှင့် တူလိုက်တာ။

"မမ"

"ငြိမ်ငြိမ်နေလေ ညီမလေးရဲ့ နင်လှုပ်တော့ မမပို၍
ပင်ပန်းတာပေါ့"

"ဟုတ်လား မမ"

"ဟုတ်တယ်၊ ငြိမ်ငြိမ်လိုက်နော် ညီမလေး"

"ဟုတ်ကဲ့"

"ငြိမ်ငြိမ်လိုက်. . . ဘုရားပေါ်ရောက်ရင် မုန့်ဝယ်ကျွေး
မယ်"

"မုန့်မစားချင်ဘူး ကိုကို၊ ဂါဝန်လှလှလေးဝယ်ပေး"

"အေး. . . ဝယ်ပေးမယ်"

ကောင်လေးက သူ့ညီမလေးကို မော့ကာမော့ကာကြည့်
၍ ဆိုလေတော့၊ အတာ့ရင်ထဲမှာ ဆို့နင့်နင့်ကြီးဖြစ်သွား၏။ သူ
တို့မောင်နှမတွေ၏ဘဝကို ပြန်လည်၍သတိရမိသည်။ အတာ
နှင့်အကာ အပါ့ကိုခြင်းထဲထည့်ပြီး တစ်ယောက်တစ်လှည့်ထမ်း
ခဲ့ကြတာတွေ၊ ပင်ပန်းတယ်ဆိုပေမယ့် ထိုစဉ်က ပျော်ခဲ့ရသည်။

အခုတော့ ထိုအတိတ်ပန်းချီကားသည် ဆေးသားတွေ
ပြယ်ရနေခဲ့ပြီလား။

"မမ"





". . ."

"မမ"

"အင်. . . ဟင်"

အကာ နောက်မှာရောက်လာပြီး အတာ့လက်မောင်းကို
ဆွဲလှုပ်လေမှ အတာသတိရကာ. . .

"အကာ"

"မမဘာဖြစ်နေတာလဲ"

အတာ စောစောကကလေးတွေကို ပြန်ငဲ့ကြည့်တော့
အကာပါ လိုက်ကြည့်၏။

"ဟိုမှာကြည့်လေ၊ တို့တွေနဲ့မတူဘူးလား"

အကာ သက်ပြင်းလေးချလိုက်ပြီး. . .

"မမ အပါ့ကိုလွမ်းနေသလား"

"ဘယ်လိုမေးလိုက်တာလဲ အကာရယ်၊ မင်းကော အပါ့
ကိုသတိမရဘူးလားဟင်"

အတာ့ပါးပြင်ပေါ်သို့ မျက်ရည်ဥလေးတွေ လိမ့်ဆင်းလာ
သော့ အကာစိတ်မကောင်းဖြစ်သွားမိ၏။ ကိုယ်တိုင်ကလည်း ငို
သေသောမျက်ဝန်းအစုံနှင့် အဝေးသို့ငေးမောမိသွားသည်။

အပါ့ကို. . .

သတိမရဘဲနေပါ့မလား။ မမက အမိနေရာမှာ တာ... ရှိသလို အကာကလည်း အစ်ကိုကြီးအဖနေရာကို ယူခဲ့ရသည်။ ဘွေးသားအရင်းအချာဆိုလို့ ဒီမောင်နှမသုံးယောက်ပဲရှိခဲ့တာ။ အလွမ်းတွေကို ပန်းတွေလိုသာ စုပုံထားလို့ရရင် ညီကိုလွမ်း... အလွမ်းတွေ ပန်းတောင်တန်းကြီးပင်ဖြစ်သွားနိုင်၏။

''ဒီနှစ်ကျောင်းပိတ်ရက်မှာတောင် အိမ်ပြန်လာဖော်... ဘူး။ နေနိုင်လိုက်တာ။ တို့မှာတော့ တစ်နေ့ပြန်လာနိုး တစ်... ပြန်လာနိုးနဲ့ မျှော်နေရတာ။ မျှော်ရတာပဲ လည်ပင်းရှည်နေပြီ''

''မမ''

''တို့ကသာ လွမ်းနေရတာ၊ သူကတော့ သံယော... ကြိုးကို တို့ထက်နိုင်တဲ့အသစ်တွေ့နေပြီ။ ချည်နှောင်နေပြီထင်... ရဲ့''

''အပါ အဲဒီလောက်ထိတော့ မရက်စက်နိုင်ပါဘူး မ... ရယ်။ ပြန်လာလို့မရတဲ့အကြောင်း ရှိနေလို့ဖြစ်မှာပေါ့''

အတာက ပြောရင်းပဲ ငိုလေသည်။ ဝမ်းနဲ့မလွယ် သား... မယယ်ဆိုသလို ငယ်ငယ်လေးကတည်းက အတော့ရိုင်ခွင့်ငွေနဲ့ သူ... ဘဝလေးကို ရှင်သန်စေခဲ့တာပါ။ သာမန်မောင်နှမတွေထက်... အတာ သူတို့အပေါ် အချစ်ပိုခဲ့သည်။





သားသမီးအပေါ်ထားတဲ့ မိဘရဲ့မေတ္တာတရားမျိုးဆိုရင် ...ည်း မမှားပါဘူး။ အတာပဲ အမေ၊ အတာပဲ အဖေလုပ်ပြီး သူ... ...ဘဝကိုတည့်မတ်ထိန်းကျောင်းပေးခဲ့တာ။

''မငိုပါနဲ့မမရယ်၊ မမငိုတော့ ကျွန်တော့်ရင်ထဲမှာ ဘယ် ...ကြီးမှန်းမသိဘူး''

''ဖုန်းလေးဆက်ဖော်ရရင်တောင် အသံကြားခွင့်ရလို့ ငါ ...ဖြေသာပါသေးတယ် အကာရယ်''

ဒါလည်းဟုတ်တာပါပဲ။ အပါ ဖုန်းလေးဆက်ရင်တောင် ...ကျေနပ်စရာရှိသေး၏။ သူ့ကိုဆက်သွယ်လို့ရနိုင်မယ့် ဖုန်းနံပါတ် ...တော့ ပေးမထားဘဲ သူပဲဆက်မယ်တဲ့။

''မမ မငိုနဲ့တော့နော်၊ သူမပြန်လည်း မမနဲ့ကျွန်တော် ...ပါ့ဆီကိုလိုက်သွားကြမယ်လေ''

''လိုက်သွားတာက ဟုတ်တယ်၊ လမ်းစရိတ်က ပိုက်ဆံ ...နဲ့မှာ အကာရဲ့။ တို့မှာ ပိုက်ဆံက သိပ်စုမိသေးတာမဟုတ်ဘူး။ ...င်သိရဲ့သားနဲ့''

''အဲဒီအတွက် ဘာမှမပူပါနဲ့မမရယ်၊ မမ လေးငါးရက် ...လောက်တော့ ကျွန်တော့်အလုပ်ကိုဝင်လုပ်လိုက်။ ကျွန်တော်နဲ့ ...င်ကို ဆေးမြစ်တူးရင်း အမဲသွားလိုက်မယ်''

''မဟုတ်တာ အကာရယ်''

''ဟုတ်ပါတယ်မမရဲ့၊ ပိုက်ဆံများများရအောင် ကြိုး
လုပ်ရမှာပဲလေ''

အတာ့ကိုထမင်းချက်ရင်း အားတဲ့အချိန် ဈေးလေးဖွ
ရောင်းနေသာ ထားခဲ့တာကြာပြီ။ မမပင်ပန်းခဲ့သမျှ ဒီအချိန်
တော့ နည်းနည်းသက်သာစေချင်ပြီဆိုကာ၊ အကာက ခြင်းထ
ဆေးမြစ်တူးနှင့် ကြုံရင်ကြုံသလို အလုပ်ဟူသမျှ သိမ်းကြုံး
နေခဲ့တာပါ။

အခု. . .

အတာ အရင်ကလိုပဲ ပြန်လုပ်ရလို့ မမှုပါ။ ပင်ပန်း
ဖတာပါရင်တောင် အပို့အတွက်မို့ ပင်ပန်းရကျိုးနပ်ပါသည်

နောက်နေ့မှစ၍. . .

အတာက ခရီးသည်တွေရဲ့ခရီးဆောင်အိတ်တွေကိုသယ်
ရင်း တစ်ဖက်က ဆေးမြစ်တွေ ဖောက်သည်သွားပို့သည့်အ
ပါ။ ဇင်ကိုနှင့်အကာတို့မှာတော့. . .

''ဇင်ကို''

''ဟေ''

''ဆေးမြစ်တွေ သေသေချာချာထည့်နော်၊ ဆေးမြစ်





မြစ်ရဈေး လွယ်တာမဟုတ်ဘူး။ ထွက်ကျကုန်မယ်''

''အေးပါကွ''

''ပြီးရင် ထောင်ချောက်ဆီသွားကြည့်ရအောင်၊ ကြည့်
ပြီးရင် ပြန်မယ်''

ဇင်ကိုက ထောင်ချောက်ဆီသွားကြည့်ခါနီး လက်အုပ်
ချီကာ ဘာတွေပွစိပွစိနှင့်ပြောသည်မသိ။ သားကောင်ရအောင်
တောထဲတောင်ထဲမှ ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်တွေကို အသနားခံ၍
သားကောင်တောင်းနေသည်ထင်ပါရဲ့။

သူတို့က တောလိုက်မုဆိုးအစစ်တွေမဟုတ်တော့၊ တတ်
သလောက် မှတ်သလောက်ပဲပြောပြီး လုပ်ရကိုင်ရတာမလွယ်။
ချို့အယုံအကြည်မရှိကြပေမယ့် ယုံသင့်တဲ့နေရာမှာတော့ ယုံ
သည်။

''အား. . .''

''ဟင်! အကာ ဘာဖြစ်တာလဲ''

အကာမှာ ဖင်ထိုင်ကျသွားလေသဖြင့် ဇင်ကို ကသုတ်
သယက်နှင့် အကာ့ဆီသို့ပြေးသွားလေသည်။

''အကာ မင်းဘာဖြစ်တာလဲ''

''အား. . .''

အကာက ခြေမအောက်ဖက်ကို လက်နှင့်ဆုပ်ပြီး မျက်နှာမှာရှုံ့မဲ့နေသဖြင့် ဇင်ကိုရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။

ပိုးတွေဘာတွေများထိသလားဟု မတွေးကောင်းတွေးကောင်းတွေ တွေးမိကာ ပျာယာခတ်သွား၏။

''အကာ''

''ငါ့. . . ငါ့ခြေထောက်ကို ငုတ်ထိုးမိသွားတာကွ''

''ငုတ်ထိုးမိတာ''

''အေး''

''အမယ်လေး! တော်ပါသေးရဲ့၊ ဘုရားသိကြားမင်း''

''ဘာကွ''

ဇင်ကိုက သူတွေးသလိုမဟုတ်သဖြင့် ဝမ်းသာအားရဖြစ်သွားတာကိုပဲ၊ အကာက တစ်မျိုးတွေးကာ မျက်မှောင်ကြီးကြုတ်၍ကြည့်လေ၏။

''သူများ ဒီမှာငုတ်ထိုးခံရတာကိုပဲ မင်းက ဝမ်းသာအားရဖြစ်နေသလား''

''တလွဲမတွေးပါနဲ့ အကာရာ၊ ငါက တစ်မျိုးကြီးတွေးမိပြီး မင်းကိုစိုးရိမ်သွားတာ။ ငါထင်တာနဲ့လွဲသွားလို့ ငါက ဝမ်းသာမိသွားတာပါကွ''





ဒီလောက်ဆို အကာနားလည်ပါပြီ။ ဇင်ကို ဘာတွေးမိသလဲဆိုတာကိုလေ။

''သွေးတွေ အများကြီးထွက်နေပါလား''

''တော်တော်နက်သွားတယ်ကွ''

''ဟာ! ဒါဆို ဆေးထည့်မှဖြစ်မယ်''

ဇင်ကိုက အဘိုးသင်ကြားပေးခဲ့လို့ တိုင်းရင်းဆေးပညာကို နည်းနည်းပါးပါးနားလည်နေသဖြင့် ကျောမှာ ဆေးမြစ်တွေ ထည့်တဲ့ခြင်းလေးကို ရှေ့သို့ချပြီး ဆေးမြစ်တစ်မြစ်ကို ရွေးယူလိုက်သည်။ ပြီးမှ ထိုဆေးမြစ်ကို ကျောက်ခဲပေါ်တင်ပြီး ဓားရိုးနဲ့ထု၏။ ညက်သွားပြီဆိုမှ လက်ကျန်သောက်ရေလေးနှင့် အနာကို ဆေးကြောသန့်စင်ပြီးမှ. . .

အနာကို ဆေးအုံပေးပြီး ဇင်ကို သူ့ပုဆိုးအောက်နားစကို ဓားနှင့်ထိုးခွဲမည်လုပ်တော့. . .

''မင်း အဲဒါဘာလုပ်မလို့လဲ ဇင်ကို''

''အနာကို ပတ်တီးစည်းဖို့လေကွာ''

''ငါ့ပုဆိုးကိုခွဲလေကွာ၊ မင်းပုဆိုးမရှိမဲ့ရှိရှိလေးကို မလုပ်ပါနဲ့''

''ဟောကောင်! အပိုမပြောနဲ့ မင်းပုဆိုးက ငါ့ပုဆိုးထက်

ကောင်းသေးတယ်ကွ။ ပုဆိုးအသစ်တစ်ထည်မှ ၃၀၀၀, ၄၀၀၀
ပဲရှိပါတယ်ကွာ။ လူထက်ဘာမှပိုပြီးအရေးမကြီးဘူး''

''ဗြဲ! ဗြဲ! . . .''

ပြောရင်းကပဲ ဇင်ကိုက သူ့ပုဆိုးကိုဆွဲပြီး အကာ့ခြေ
ထောက်က ဒဏ်ရာကိုပတ်တီးစည်းပေးသည်။ ပါးစပ်ကလည်း
စကားတွေပြောနေလိုက်တာ တတွတ်တွတ်။

''မင်း ငါ့ကိုတော်တော်အထင်သေးတဲ့ကောင်ပဲ။ ငါ့မှာ
ပုဆိုးအသစ်တွေ ဝယ်ထားတာရှိပါတယ်ကွ။ မဝတ်ချင်လို့ မဝတ်
သေးတာ၊ ငါ့က တစ်ကိုယ်ရေတစ်ကာရသမား။ ပိုက်ဆံက
အဓိကထားရတာ''

''အား. . . နာလိုက်တာ''

''ခဏတောင့်ထား''

အနာကိုအာရုံစိုက်နေရင် ပိုနာမှာစိုးလို့ ဇင်ကိုက အကာ
စိတ်ပြောင်းသွားအောင် စကားတွေဆက်ပြောနေ၏။

''မင်းတို့မောင်နှမ ရန်ကုန်သွားမယ်ဆိုတော့ ငါလည်း
လိုက်ချင်တယ်ကွာ''

''လိုက်ချင်လိုက်ခဲ့လေ၊ မင်း ရန်ကုန်ကိုမရောက်ဖူးသေး
ဘူးမဟုတ်လား။ ဟိုရောက်ရင် အလန်းလေးတွေ မင်းတွေ့





''လန်းတာမလန်းတာက ထားပါ၊ မင်းတို့လိုက်ခဲ့စေချင်
လိုက်ခဲ့မယ်လေ။ ပြီးတော့ တို့မြန်မာပြည်မှာ ရွှေတိဂုံနဲ့
ကျိုက်ထီးရိုးဘုရားကိုဖူးခွင့်ရရင် သေပျော်ပါပြီလို့ လူအများစုက
ပြောနေကြတာ။ ငါ ရွှေတိဂုံဘုရားကိုဖူးချင်တယ်''

''ကောင်းတာပေါ့ ဇင်ကိုရာ၊ မင်းပါတော့ ငါတို့လည်း
ပျော်ရတာပေါ့''

ပတ်တီးစည်းပေးပြီးသွားတော့ ဇင်ကိုက ဓားကို ဆေး
ခြင်းထဲသို့ ပြန်ထည့်ကာ. . .

''မင်း ထနိုင်ရဲ့လား၊ ဒီမှာကျန်ရင်ကျန်ခဲ့လေ။ ထောင်
ချောက်ဆီကို ငါပဲသွားကြည့်လိုက်မယ်''

''အေး. . . ငါ ဒီကပဲစောင့်နေမယ်လေ။ ခြေထောက်
နာနေတယ်ကွ''

''ဒါဆို ငါသွားမယ် အကာ''

''အေး''

အကာ့ကိုထားခဲ့ပြီး ဇင်ကိုထွက်သွားလေသည်။ အကာ
ကိုစောင့်ရင်းပဲ အတွေးပေါင်းစုံနှင့်နစ်မျောနေတော့၏။

ရန်ကုန်သွားတယ်ဆိုကတည်းက ပိုက်ဆံက အနည်း
တစ်သိန်းကျော်လောက်ပါမှ။ ဘာဖြစ်လို့လဲဆိုရင်. . .

အပို့အတွက် ငွေကအမြဲလိုနေမှာပါ။ ဆေးကျောင်း... ဆိုတော့ အဝတ်အစားကအစ တော်ရုံနှင့်မတင့်တယ်ပေ။ သူ... ချင်းတွေကြားမှာ ညီကိုမျက်နှာမငယ်စေချင်။ မနှစ်ကမို့... ငွေဆယ်သိန်းက ဘယ်လောက်ကျန်မှာမို့လို့လဲ။

သူတို့ကိုမြင်တွေ့သွားတာနဲ့ ညီဝမ်းသာအောင်... လေးတော့ ပါသွားမှ။ အဓိက,ကတော့ ငွေပေါ့။

ဒါကြောင့်. . .

စုထားတဲ့စုဘူးလေးနှင့်အတူ နောက်ထပ်ငွေရှာ... လေကောင်းလေပါ။

"အကာရေ"

"ဟင်"

ဇင်ကိုခေါ်သံကြီးကြောင့် အကာလှည့်ကြည့်လို... ဇင်ကိုမျက်နှာက ဝမ်းသာအားရပုံပေါက်နေသည်။

"ဘာလဲ ဇင်ကို"

"ဆတ်တစ်ကောင် မိနေတယ်ကွ၊ ငါတစ်ယော... ဘယ်လိုလုပ်ရမှန်းမသိလို့ မင်းကိုလာခေါ်တာ"

"ဟော! ဟုတ်လား"

အကာ ခြေထောက်ကဒဏ်ရာကို မေ့လျော့ပြီး...





...က်၏။ နာကျင်မှုဝေဒနာကြောင့် ရှုံ့မဲ့သွားသည့်မျက်နှာလေး... ...င် တိမ်ညိုကြားကငွေလမင်းလို ခဏသာမှုံ့ပြီး ချက်ချင်းဝမ်း... ...ပ်တို့ ထင်ဟပ်ကာ ထော့နင်းထော့နင်းနှင့် လိုက်ပါသွား... ...။ ခြေထောက်ကဒဏ်ရာထက် အရေးကြီးတာက ငွေ။

သားကောင်ရလျှင် ငွေရမည်ဆိုတော့. . .

တွက်ရေးနှင့်စက်သူဌေးလုပ်ကာ ဝမ်းသာမှုတွေက ရင်... ...ဲ့တွေကိုပင် ပြောင်းလဲသွားစေ၏။

☆ ☆ ☆



## အခန်း (၂၄)

ခြေထောက်ကဒဏ်ရာကို ဆေးခန်းပြပါဆိုတာ မပြဘဲ
င်ကိုပေးတဲ့ဆေးမြစ်တွေသာ သွေးလိမ်းပြီး သက်သာလာသည်
သိ အကာက ပေပေတေတေနေသူ။ ပေရင်းတေရင်းပဲ အနာ
နှင့်ဖျားသည့်အဖျားပင် မကြာရှည်လိုက်။

ရန်ကုန်ကို သုံးယောက်သား ချီတက်လာခဲ့ကြတာ အပါ
သည့် ဒေါ်မိမိနိုင်တို့အိမ်ကိုရောက်တော့. . .

"လာ. . . ထိုင်ကြ ထိုင်ကြ ဒေါ်ကြီးမိတောင် ခုပဲ အပြင်
သွားတော့မလို့။ အတာတို့လာတာ ဦးသွားပေလို့ပဲ။ ဒေါ်ကြီးကို
လိုလာတွေ့ရတာ"

ဒေါ်ကြီးစကားသံတွေက နားထဲမဝင်။ မျက်လုံးတွေက

ဟိုကြည့်ဒီကြည့်နှင့်ပဲ အပဲ့ကိုရှာနေမိကြသည်။

"ဒေါ်ကြီး. . . အပါရောဟင်"

"အပါက အိမ်ကပ်ခဲပါတယ်ကွယ်၊ သူ့သူငယ်ချင်းအိမ် မှာ သွားနေတာကများတယ်။ ကျောင်းပိတ်တာတောင် အိမ်မပြန် တာကြည့်၊ ဒေါ်ကြီးက ပြန်ခိုင်းပါတယ်။ သူ့ကိုက မပြန်ချင်တာ"

"ဪ"

"အပါက စာတော့ကြိုးစားပါတယ်၊ သူ့သူငယ်ချင်းက လည်း လူကုံထံအသိုင်းအဝိုင်းကဆိုတော့ လေလွင့်ရှုပ်ပွနေတာ မျိုးတော့မဟုတ်ပါဘူး။ ဟိုမှာက အားလုံးပြည့်စုံနေတော့ သူ ပျော်နေတာပါ။ ညဘက်တော့ အိမ်ပြန်အိပ်တယ်၊ ဟိုမှာအိပ်တဲ့ အခါလည်းရှိတယ်"

ရောက်တာနှင့် ဒေါ်ကြီးမိကသာ စကားတွေ ဖောင်ဖွဲ့ အောင်ပြောနေတာ။ အတာတို့မှာ ဘာမှမပြောနိုင်။ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်၍ ဆွံ့အနေသူများပမာ။

အတန်ကြာမှ. . .

အကာကပဲ မေးသင့်တာကို မေးရတော့သည်။

"အခုည အပါပြန်လာမှာလား ဒေါ်ကြီး"

"ပြန်လာမှာပါ"





"တော်ပါသေးရဲ့"

"ခဏနေကြဦးနော်၊ ဒေါ်ကြီး မင်းတို့အတွက် လက်ဖက် ...သုတ်လိုက်ဦးမယ်"

"နေပါစေ ဒေါ်ကြီး၊ အတာတို့ကို ရေအေးအေးလေး ...က်ပါ"

"အေးအေး"

ဒေါ်ကြီးထွက်သွားမှ အတာသက်ပြင်းမောလေး ချလိုက် ...ည်။ နေပူထဲကလာတဲ့လူကို နေရိပ်ကနေ ရင်ဝဆီးတွန်းလွှတ် ...မျိုး မဟုတ်ပေမယ့် တွေ့ချင်သူကို မတွေ့ရတော့ ရင်ထဲမှာ ...သွားသည်။

ဒွာနေကိုလည်း ပြန်မလာ၊ တွေ့ချင်လို့လာတော့လည်း ...တွေ့။ အချိန်တန်ရင်တော့ အိမ်ပြန်လာမှာပါဆိုတဲ့အတွေးနှင့် ...စိတ်ကိုဖြေသိမ့်လိုက်ရသည်။

"ကဲ! ဒီမှာ ရေအေးအေးလေး သောက်ကြပါဦး"

ဒေါ်ကြီးက ရေသန့်ဘူးနှင့်ဖန်ခွက်တွေကို ချပေးလေ ...ရေကိုသာသောက်ပြီး အမောဖြေလိုက်ကြရ၏။

ထိုစဉ်. . .

"ဒေါ်ကြီးရေ"

"ဟော!"

အသံနှင့်အတူ အိမ်ပေါ်သို့ပြေးတက်လာတာ အပါ။ အပါ့ကိုမြင်လိုက်ရတော့မှပဲ အားလုံးမျက်နှာတွေ ဝင်းပသွားကြ၏။

"အပါ"

"ဟင်! မမ"

"အပါ"

"ကိုကိုနဲ့ ကိုဇင်ကိုလည်း ပါလာတာကိုး"

အပါကလျှောက်လာပြီး ဝင်ထိုင်လိုက်သည့်တိုင်၊ မမနှင့်အစ်ကိုကိုတွေ့လိုက်ရလို့ ဝမ်းသာအားရ ဖက်လှဲတကင်းမရှိ။ အကာကသာ အပါ့ပခုံးကိုဖက်ကာ. . .

"ဟား! ငါ့ညီကကွာ ချောလာလိုက်တာ၊ ကိုကိုတောင် မမှတ်မိချင်ဘူး။ မမ, အပါ့ကိုကြည့်ပါဦး။ ခန့်လို့သန့်လို့ပဲနော်"

"အပါက သရောဝန်ဖြစ်မယ့်သူလေ အကာရဲ့၊ ဒီလောက်တော့ ချောရသန့်ရမှာပေါ့။ ဟုတ်ဘူးလား တို့သာ. . ."

"မမ"

မမစကားကြောင့် အပါစိတ်အနှောင့်အယှက် တစ်ခုခုဖြစ်မှာစိုး၍ အကာ ဖမ်းအုပ်လိုက်ခြင်းပါ။ သူတို့စကားထဲမှာ ဆင်းရဲတာတွေ၊ ပင်ပန်းဟာတွေ တစ်စွန်းတစ်စပင် ငြိစွန်းပါသွားတာမျိုး မဖြစ်စေချင်။





အတာကလည်း အကာ့မျက်နှာကိုကြည့်လိုက်ပြီး ချက်ချင်းပဲ အကင်းပါးစွာ ပါးစပ်ပိတ်သွား၏။

"နေရထိုင်ရတာ အဆင်ပြေရဲ့လား အပါ"

"ဟုတ်. . . ပြေပါတယ်"

"ညီလိုအပ်တာရှိရင် ကိုကိုတို့ကိုပြောနော်၊ ဘာတွေလိုအပ်လဲ"

"လိုတာကတော့ ငွေပဲလေ"

အကာနှင့်အတာတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်သွား၏။

"မမတို့ပို့တဲ့ငွေဆယ်သိန်းက ကုန်ပြီလား အပါ"

"ဟာဗျာ မမကလည်း၊ ဒီငွေဆယ်သိန်းနဲ့ ကျွန်တော်က ကျောင်းပြီးသည်အထိ ခြိစ်ကပ်သုံးရမှာလား။ ငါးသိန်းကုန်သွားပြီ၊ ကျန်တာက ဒေါ်ကြီး အတိုးနဲ့ချေးနေတာလေ"

"နင်တို့မှာသလို ငါလည်း သူ့ငွေလေး တိုးပွားလာအောင် အတိုးနဲ့ချေးထားတယ်အတာ။ အတိုးက ဒီလကုန်မှ ရှင်းကြမှာလေ"

အကာ့လက်က ခရီးဆောင်ကျောပိုးအိတ်ကလေးဆီသို့

ရောက်သွားလေ၏။ သူတို့စုဆောင်းလာခဲ့ရတဲ့ ချွေးနဲ့စာလေးတွေပါ။ ဇင်ကိုက အိတ်ကိုကိုင်လိုက်သည့်အတာ့လက်ကို အပါမမြင်အောင် အကာနှင့်ကိုယ်ချင်းပူးကပ်ပြီး ဖိဆုပ်ထားလိုက်၏။

ပြီးတော့. . .ပါးစပ်ကလည်း. . .

"မင်းငွေလိုတာက အခုသုံးဖို့လား အပါ"

"ဟုတ်တယ် ကိုဇင်ကို၊ ကျွန်တော်ပေါင်းနေရတဲ့သူတွေက လူကုံထံတွေချည်းပဲ။ သူတို့ဆယ်ခါထုတ်ရင် ကိုယ်က တစ်ခါထုတ်ဖို့အရေး ကုတ်ခြစ်နေရရင် မကောင်းဘူး"

"ဟုတ်တာပေါ့ကွယ်၊ အပါက ဆေးကျောင်းသားဆိုတော့ မျက်နှာငယ်ရရင် ဘယ်ကောင်းမှာလဲ။ သူ့အတွက် ယူလာတဲ့ငွေကို ပေးလိုက်ပါ အကာ"

"ဟုတ်ကဲ့ မမ"

ဇင်ကို သူ့လက်ကိုရုတ်လိုက်တာနှင့် အကာက ဇစ်ကိုဆွဲပြီး ပိုက်ဆံတစ်သိန်းအုပ်ကို ထုတ်ပေးလေ၏။

"ရော့! ညီ၊ တစ်သိန်း"

"ဒါပဲလား"

အပါ့အမေးကြောင့် အတာနှင့်အကာ မျက်နှာပျက်သွားကြလေတော့၊ ဇင်ကိုကပဲ. . .





"ငွေတစ်သိန်းကို နည်းတယ်လို့မထင်နဲ့ အပါ။ သုံးတဲ့သူက တစ်ထိုင်တည်းကုန်အောင်သုံးရတာ လွယ်ပေမယ့် ရှာဖွေစုဆောင်းရတဲ့သူက ရက်ပေါင်းလပေါင်းများစွာ အပင်ပန်းအဆင်းရဲခံပြီး စုခဲ့ရတာ"

"ဇင်ကို"

"နဖူးကချွေး ခြေမပေါ်ကို ကျရုံတင်မကဘူး။ ကိုယ့်ချွေးနဲ့ကိုယ် ခြေပြန်ဆေးလို့ရအောင် အပင်ပန်းခံပြီး စုခဲ့ရတာ"

"ဟော့ကောင် ဇင်ကို"

အကာ ဇင်ကို့ပါးစပ်ကို လက်နှင့်အတင်းပိတ်၏။ ဇင်ကိုက အကြားမတော်လို့ ဝင်ပြောမိတာပဲ အပြစ်ဖြစ်နေပြီလား။ ဒီငွေကိုရဖို့ အကာတို့ ချွေးနှင့်မလုံလောက်လို့ သွေးနှင့်ပါ ရင်းပြီး ရှာခဲ့ရတာ သူအသိ။

ဖြစ်နိုင်ရင် အကာ့ခြေထောက်က မပျောက်သေးသည့် ဒဏ်ရာကို လှန်ပြလိုက်ချင်၏။

"လောလောဆယ် ရှိတာကိုသာ ယူထားလိုက်ပါ ညီ။ ကိုကိုတို့အခွင့်သာရင် သာသလို ထပ်ပို့ပေးပါ့မယ်"

"ဟုတ်ပါတယ်အပါရယ်. . .မမတို့က မောင်လေးကို ပညာတတ်ကြီးဖြစ်စေချင်လို့သာ ဒီဆေးကျောင်းကို ထားပေးခဲ့

တာ။ ချမ်းသာနေတာမှမဟုတ်ဘဲကွယ်။ ချွေတာပြီးသုံးပေါ့

အပါသက်ပြင်းချပြီး ပိုက်ဆံအုပ်ကိုကောက်ကိုင်လိုက်၏။ သူလောလောဆယ်အသုံးလိုလို့ စိတ်ညစ်နေတာက အမှန်ပါ။ အခု. . .

ရေဝတ်တာနဲ့ ရေတွင်းထဲကျတာ အတော်ပဲဖြစ်သွားတာပေါ့။ မမတို့ရောက်လာလို့ ငွေတစ်သိန်းပေးတာကို မယူရင် မနေ တာဘဲရှိမည်။ မမငွေ့ရဲ့မွေးနေ့ပွဲက နီးလာပြီမို့ လက်ဆောင်တစ်ခုတော့ ဝယ်ပေးမှ။ ဒီငွေထဲက သုံးလို့တော့မဖြစ်သေးပါ။

"မမ"

"ဟင်"

"မမကို ကျွန်တော်ပြောစရာရှိသေးတယ်"

"ဘာလဲအပါ၊ ပြောလေ"

"ကျွန်တော် သူများဆီက ချေးသုံးထားတာ ငွေနှစ်သိန်း နီးပါး ပြန်ဆပ်ရမှာ မမရဲ့"

"ဒီလကုန်ရင် ဒေါ်ကြီးဆီကယူပြီး ပြန်ဆပ်လိုက်ပေါ့ သားရယ်"

"မဖြစ်ဘူး ဒေါ်ကြီးရဲ့၊သူက အတိုးမယူတဲ ချေးထားတာ တစ်ပတ်အတွင်းပြန်ဆပ်မယ်လို့ ကျွန်တော်ပြောထားမိလို့"





"ခက်တာပဲကွယ်"

ဒေါ်ကြီးမိက စိတ်ရှုပ်သလို ညည်းလေ၏။ ခရီးရောက်ဆိုက် အဝေးကလာတဲ့လူတွေကိုဆီးကြိုပုံက ရင်ဆို့စရာ။

"အေးလေ၊ ညီဒီလောက်အခက်အခဲဖြစ်နေရင်လည်း ကိုကိုတို့ တတ်နိုင်သလောက် ကြိုးစားကြည့်ပါဦးမယ်"

အပါ့မျက်နှာပြုံးသွားလေ၏။ မပန့်ကိုကိုသာ ခုလိုမလာခဲ့ရင် သူငယ်ချင်းတစ်ယောက်ဆီမှာ ငွေချေးမလို့စဉ်းစားထားတာမှန်ပေမယ့် တော်ရုံတန်ရုံ တစ်သောင်းနှစ်သောင်းလောက်ရယ်ပါ။

"ဒေါ်ကြီးမိ"

"ဟော"

"ကျွန်တော့်ကို အလုပ်တစ်ခုလောက် ရှာပေးပါဗျာ"

"အို! အကာ"

"ဘာမှပြောမနေပါနဲ့တော့ မမရယ်၊ ညီစိတ်ချမ်းသာအောင် ကျွန်တော်တတ်နိုင်သလောက် လုပ်ပေးချင်တယ်"

အတာပါးစပ်ပိတ်သွားလေ၏။ အတာနှင့်အကာသည် အမြဲတမ်းစိတ်တူကိုယ်တူနှင့် အပါ့ဘဝကောင်းစားရေးအတွက် အမြဲညှိခဲ့လူသားတွေမို့. . .

နောက်နေ့မှစ၍ . . .

ဒေါ်ကြီးမိက အလုပ်စပ်ပေးသဖြင့် အကာ အလုပ် ခု ဝင်လုပ်၏။ ပန်းရုံအလုပ်မှာ နေ့စားနှင့် ဘိလပ်မြေဝင်ထမ်း ၏။

"ငါကတော့ ကျွန်ဝယ်ရာအဆစ်ပါပဲ"

မနေစိမ့်နိုင်လို့ ဇင်ကိုပါဝင်ပြီး ဒုက္ခခံကူညီနေရသ ပြောတော့လည်းပြောပေမပေါ့။

"သိပ်စကားမများနဲ့ဇင်ကို၊ မင်းလုပ်အားခကို မှတ် အိမ်ပြန်ရောက်ရင် မင်းကို ငါပြန်ဆပ်မယ်"

"ရောက်ရောက်ချင်း ဆပ်မှာလား"

"ဟုတ်မလားကွ၊ အလုပ်လုပ်ပြီး ပိုက်ဆံစုလို့ ပြန်ဆပ်မှာပေါ့"

"လုပ်မနေစမ်းပါနဲ့ အကာရာ၊ မင်းနဲ့ငါက ငယ်ငယ် ကတည်းက လည်ပင်းဖက်လာခဲ့တဲ့ အချစ်ဆုံးသူငယ်ချင်း မင်းဒုက္ခက ငါ့ဒုက္ခပဲပေါ့ကွာ။ မျှဝေပြီးခံစားရတာပေါ့။ ငါ တာက မင်းကို"

"ငါ့ကို"

"ဟုတ်တယ်"





"ဘာစိုးရိမ်စရာရှိလို့လဲ"

"မြေထောက်က ဒဏ်ရာက ကောင်းကောင်းပျောက် သေးတာမဟုတ်ဘူးလေ"

"ဇင်ကိုရာ"

ခဏနားနေသည့်အချိန်မှာ ထိုင်နေကြတာမို့ ဘေးချင်း ယှဉ်ပြီး ထိုင်နေရာမှ အကာ ဇင်ကို့ပခုံးကိုဖက်လိုက်၏။ ဇင်ကို က တကယ့်ကိုပဲ သူပြောသလို ကျွန်ဝယ်ရာအဆစ်ပါဖြစ်နေပြီ။

သံယောဇဉ်အနှောင်အဖွဲ့ကင်းသည့် တစ်ကိုယ်တည်း သမားမို့ ဇင်ကိုက အကာ့ကိုညီအစ်ကိုအရင်းပမာ ချစ်၏။ ဘာ ပဲလုပ်လုပ် ဘယ်အရာမဆို အမြဲတမ်း အကာ့ကိုဦးစားပေးခဲ့သူ ပါ။

"ငါ့အပေါ် မင်းလောက်ကောင်းတဲ့သူငယ်ချင်းမျိုး ဒီ တစ်သက် နောက်ထပ်ရှာလို့တွေ့မှာမဟုတ်ဘူး"

"ငါက တစ်ကောင်ကြွက်လေ၊ ငါ့မှာလည်း သံယောဇဉ် တွယ်စရာဆိုလို့ မင်းတို့မောင်နှမတွေပဲရှိတာ"

"အေးပါ၊ ငါကလည်း မင်းအပေါ် မင်းနဲ့ထပ်တူပါကွာ"

"တကယ်နော်"

"ဘာကြေးလောင်းမလဲ"

"အမယ်! ဟော့ကောင်၊ မင်းက ဘောလောင်းလို့
နေရာလို သံယောဇဉ်ကို လောင်းကြေးထပ်မလို့လား"

"မင်းယုံအောင်ပြောတာပါ. . . ဟဲဟဲ"

အကာက ရယ်လေသဖြင့် ဇင်ကိုက မျက်စောင်း
ထိုးလေသည်။ ပြီးမှ. . .

"မင်းတို့မှာ အပြန်လမ်းစရိတ် ဘယ်လောက်ကျန်

"နှစ်သောင်း"

"ဒါဆို တို့သုံးယောက် ပြန်လို့ရတာပေါ့။ ငါ့မှာ ပိုက်
အလာတုန်းက စရိတ်အပြင် ငါးသောင်းရှိတယ်။ အဲဒါ အ
ပေးခဲ့လိုက်ပါလား အကာ"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ"

ကျေးဇူးစကားရဲ့နောက်မှာ ဇင်ကိုပိုက်ဆံကို ယူ
ဖို့ မပါပေ။

☆☆☆



## အခန်း (၂၉)

"ရှူး. . . ဟိတ်"

တစ်ဖက်အိမ်က ကောင်မလေးကို အတာလှမ်းခေါ်လိုက်
သည်။ ကောင်မလေးက လှည့်ကြည့်တော့ လက်ယပ်ခေါ်လိုက်

"ဘာလဲဟင် အစ်မ"

"ညီမလေး မမကိုတစ်ခုလောက် ကူညီပါလားဟင်"

"ဘာများလဲဟင်၊ ညီမကူညီနိုင်တာဆို ကူညီပါ့မယ်။
မကိုမြင်ကတည်းက ညီမက ခင်ချင်နေတာပါ"

အတာ ဟိုကြည့်ဒီကြည့်ကြည့်ပြီး ခပ်တိုးတိုးလေးသံနှင့်

"မမကို ဆံပင်ဝယ်တဲ့ဆိုင် လိုက်ပို့ပေးပါလားဟင်"

"ရှင်!"

ကောင်မလေးမှာ အံ့သြသလို မျက်လုံးလေးဝိုင်း... ၏။ ပြီးမှ အတာ့ဆံပင်အရှည်ကြီးကိုကြည့်ကာ. . .

"မမရဲ့ဆံပင်ကို ဖြတ်ရောင်းမှာလား"

"ဟုတ်တယ် ညီမလေး"

"ဒီလောက်လှတဲ့ဆံပင်တွေကို နမြောစရာကြီးမ..."

"မမမှာ ငွေရေးကြေးရေးအခက်အခဲရှိနေလို့ပါ... မမကိုကူညီပါနော်"

"အင်းလေ၊ အခက်အခဲရှိနေတယ်ဆိုတော့လည်း... ညီရမှာပေါ့"

"ကျေးဇူးတင်ပါတယ် ညီမလေးရယ်"

အတာ ဘေးအိမ်က ကောင်မလေးနှင့် အကာတို့... ရောက်ခင်ဘဲ ထွက်လာခဲ့သည်။ အပို့ပညာရေးအတွက် ရှုံ့... တာကိုစွန့်မှာပဲလေ။ ပန်းတိုင်ရောက်လှမှ ခြေကုန်လက်ပန်း... တာမျိုးတော့ အဖြစ်မခံနိုင်။

အကာလည်း. . .

သူ့ခမျာ ရန်ကုန်ရောက်တာတောင် အနားမ... သနားလို့တားရင်လည်း ရမှာမှမဟုတ်တာ။





"ဆံပင်ရောင်းမလို့လား"

ဆိုင်ထဲကိုဝင်တာနှင့် အမျိုးသမီးတစ်ယောက်က အတာ့ ...ဆံပင်တွေကို ဝေ့ခနဲကြည့်ပြီးမေးလေသည်။

"ဟုတ်ကဲ့၊ အတာ့ဆံပင်ကို ဖြတ်ရောင်းမှာပါ"

"ညီမဆံပင်က အရှည်ကြီးပဲ"

အတာ့ဆံပင်ကိုသဘောကျစွာကိုင်ကြည့်ပြီး သူကလည်း ...ပေးနိုင်တဲ့ဈေးကိုပြော၊ အတာကလည်း တိုးတောင်းကြည့်ရင်းနဲ့ ...ညှိလို့ရပြီဆိုတော့. . .

"ဖြတ်မယ်နော် ညီမ"

"ဟုတ်ကဲ့"

ကတ်ကြေးကိုကိုင်ပြီး ကျောလယ်ကနေ ဖြတ်ချလိုက် ...နှင့် ရင်ထဲမှာ ဆို့နင့်သွားသည်။ နှုတ်ခမ်းကိုဖိကိုက်ပြီး စိတ် ...င်းထားပေမယ့် မျက်ရည်တွေက ပြိုက်ခနဲကျလာလေသည်။ ...ပေါင်းများစွာ မြတ်နိုးယုယလာခဲ့ရသည့်ဆံပင်တွေ။

ကမ္ဘာမီးလောင်လို့သာ သားကောင်ကိုချွန်းခဲ့ရတဲ့သူ ...ဘယ်လောက်များ ရင်နင့်ကြေကွဲရပည်လဲ။

"မလုပ်နဲ့"

"အတာ"

"ဟင်!"

မှိတ်ထားသည့်မျက်ဝန်းတွေကို ဖွင့်ကြည့်လိုက်စဉ်...

"ရတု"

"အတာ"

ရတု အတာ့ဆံပင်တွေဆီသို့ အကြည့်ရောက်သွားပြီး

"ကိုယ်လာတာ နောက်ကျသွားပြီ"

"အတာ"

ရတုနှင့်အတူ ငွေ့ပါ ပါလာလေသဖြင့် အတာ ဝမ်းနည်းခြင်းကိုဖြေသိမ့်လိုက်ဖို့ရာ ငွေ့ရင်ခွင်ထဲသို့တိုးဝင်ပြီး 'အင့်' ခနဲ ချလိုက်တော့သည်။

ငွေ့ အတာ့ကိုပြန်ဖက်ထားလိုက်ပြီး သူမသည်လည်း အညှာမနိုင်သောမျက်ရည်စတွေနှင့်။

"ရန်ကုန်ရောက်နေတာတောင် တို့ကို ဘာလို့မဆက်သွယ်တာလဲ အတာရယ်။ အခုမြို့ထဲမှာ ဒေါ်ကြီးမိနဲ့တွေ့လို့ မေး ပြမှ သိရတာ။ ဒီပါနဲ့ တို့သိတယ်၊ ဒါပေမဲ့ ဒီပွဲကို ရန်ကုန်ကပဲထင်ထားခဲ့တာ။ သူကလည်း ဘာမှပြောမပြဘူးလေ။ ခုမှ ဒေါ်ကြီးမိက အဲပါနဲ့ပတ်သက်ပြီး တို့ကိုမြင်ဖူးနေတော့ အပေါ့အစ နဲ့အစ်မ ရောက်နေတယ်။ တီတီတာနဲ့ လင်းဉက္ကာဆိုတာနဲ့ မေး

ခဲ့တာ"

"တို့လာတာ နောက်ကျသွားပြီ ငွေ့ရယ်"

"ဘာလို့ ဆံပင်ကိုဖြတ်ရောင်းရတာလဲ အတာရယ်"

အတာက ခေါင်းပဲခါပြီး ဘာမှမဖြေရှင်းပေ။ ဆံပင်ရောင်း ရသည့်ငွေကို တုန်ယင်သောလက်နှင့်ယူပြီး ပြန်လာခဲ့သည်ထိ တာ ဘာစကားတစ်ခွန်းမှမဆိုတော့။ အတာပြန်လာသည်နှင့် ယ်လိုအခြေအနေမျိုးနဲ့ရင်ဆိုင်ရမယ်ဆိုတာ အတာကြိုတွက် ားပြီးသားပါ။

"မမလုပ်ရက်တယ်ဗျာ၊ ဘာလို့ ဒီလိုလုပ်ရတာလဲပြော။ နှန်တော့်ကိုပြောစမ်းပါ"

"မမ. . . မမလေ"

"ပြော. . . ပြောပါ"

"မမ ဖက်ကြောတက်ပြီး ခေါင်းတွေလေးလို့ ဖြတ်ပစ် ခဲ့က်တာပါ"

"မယုံဘူး"

အကာ့အသံက ဘီလူးစီးလာသလိုပါ။ ယောကျ်ားကြီး ခန့်မှဲ မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျကာ အံကိုတင်းတင်း ကြိတ် တက်တခေါက်ခေါက်။

"မညာတာ ကျွန်တော်သိတယ်၊ ဒီလောက် မြတ်မြတ်နိုးနိုးနဲ့ နှစ်ရှည်လများ ယုယလာခဲ့တဲ့ဆံပင်တွေကို မမမို့လို့ လှပ်ရက်တယ်။ အခု မမအဲဒီလိုဆံပင်ဖြတ်ရောင်းပြီး ငွေရလာတော့ ကျွန်တော်ရလာတဲ့ပိုက်ဆံတွေ ဘာလုပ်ရမှာလဲ။ ဒါတွေ ဘာအသုံးဝင်တော့မှာလဲ။ ပြောပါဦး"

"အကာ"

"ကျွန်တော့်ကို လူရာမသွင်းတဲ့သဘောလား။ မမ ကျွန်တော့်ကိုလူရာမသွင်းတော့တာလား"

အတော့ပခုံးကို ဆွဲလှုပ်ပြီး မေးနေတဲ့အကာ့လက်တွေကို ရတုက ဖြည်ချသည်။

"ဖြစ်ပြီးမှပြောနေလည်း အပိုပဲအကာ။ မင်းစိတ်ကိုလျှော့လိုက်ပါကွာနော်"

"ကွာ. . . တောက်! ကဲ!"

အကာ စုထားတဲ့ပိုက်ဆံတွေကို အကျီအိတ်ထဲမှ ဆွဲထုတ်၍ လွှင့်ပစ်လိုက်သည်။

"အသုံးမဝင်တဲ့ပိုက်ဆံတွေ. . . သွား"

ဇင်ရိုနှင့်သူ ဘီလပ်မြေအိတ်ထမ်းပြီး စုထားတဲ့ပိုက်ဆံ ဂ၁ ဘစ်ယောက်ကို တစ်နေ့ လေးထောင်၊ နှစ်ယောက်ပေါင်း





[illegible]ထောင်နှုန်းနှင့် သုံးရက်ဆင်းလို့ရသည့်ငွေက နှစ်သောင်းကျော် [illegible]ဇင်ကိုပေးထားသည့်ငွေက ငါးသောင်း။

အားလုံးပေါင်း ပိုက်ဆံတို့သည် အခန်းထဲမှာ ပြန့်ကျဲ[illegible]တော့သည်။

"မြော. . . နင်အားရအောင်သာ ပြောပါတော့ အကာ[illegible]"

"ကျွန်တော်အသုံးမကျဘူး၊ ကျွန်တော်က အသုံးမကျ[illegible]ကောင်"

"အကာ"

အကာက တိုင်နှင့်ခေါင်းကိုဆောင့်လေသဖြင့် အတာ[illegible]ကာ့ခါးကိုပြေးဖက်ထားလိုက်သည်။ ကျန်တဲ့လူတွေကလည်း [illegible]ရှတ်သဲသဲနှင့် အကာ့ကိုဆွဲကြလေသည်။

"အကာ"

"မမကို မင်းသတ်လိုက်ပါ၊ သတ်လိုက်ပါတော့ အကာ[illegible]"

"မမငွေ မင်းကိုတောင်းပန်ပါတယ်အကာ၊ ဖြစ်ပြီးသား[illegible]ပြောပြီး ဒေါသထွက်နေလို့ အားလုံးစိတ်ဆင်းရဲရရုံပဲရှိမယ်။ [illegible]စိတ်လျှော့လိုက်စမ်းပါ"

"အတာ ကိုယ်နဲ့လိုက်ခဲ့"

ငွေ့က အကာ့ကိုဖြောင်းဖျနေသလို ရတုက အတာ့ကို ဆွဲခေါ်သွားလေ၏။ ဖင်ကိုက သူတို့ကြားမှာ ဘာလုပ်ရမှန်းမသိဘဲ ယောင်နနဖြစ်နေသည်။

နောက်မှ...

ပိုက်ဆံတွေကိုလိုက်ကောက်ပြီး အကာ့ကျောပိုးအိတ်ကလေးထဲသို့ သွားထည့်ပေး၏။

ရတုရင်ထဲမှာ ချစ်သူ့ကိုယ်စား နာကျင်နေရပါသည်။ သောကကင်းတဲ့ကမ္ဘာသစ်ကိုရှာဖွေပြီး အတာ့ကိုခေါ်သွားလိုက်ချင်၏။ မျှဝေခံစားလို့ရလျှင်လည်း အတာ့ရင်ထဲက သောကအစိုင်အခဲတွေကို ခွဲယူခံစားလိုက်ချင်၏။

"အတာ"

"ရတု"

"ကိုယ် မင်းခံစားနေရတာကို မကြည့်ရက်ဘူး အတာ။ မင်း ဒီဘဝကနေ ရုန်းထွက်ပါတော့။ ကိုယ်တို့လက်ထပ်ကြရအောင်နော် အတာ"

ချစ်သူကိုပွေ့ဖက်ထားမိခြင်းသည် ဒါပထမဆုံးအကြိမ်။ ကိုယ့်ရင်ခွင်ထဲမှာ မျက်ရည်ကိုအပ်နှံနေတာလား အတာရယ်။





ဘာတွေပဲ အပ်နှံပါစေ၊ ကိုယ့်ရင်ခွင်သည် သူ့အတွက် ထာဝရ။

"နော်...အတာ"

"လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး ရတုရယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ အတာ၊ မင်း ကိုယ့်ကိုမချစ်ဘူးလား"

"ချစ်ပါတယ် ရတုရယ်"

ရတု အတာ့မျက်ရည်လေးတွေကိုသုတ်ပေးရင်း...

"ချစ်တယ်ဆိုပြီး လက်ထပ်ဖို့ကျမှ ဘာလို့တွန့်နေရတာလဲအတာ။ ကိုယ် အတာ့ကိုပြောခဲ့ဖူးပါတယ်။ အတာနဲ့ပတ်သက်ပြီး ကိုယ် အားလုံးကိုတာဝန်ယူချင်တယ်"

"ရတုရယ်၊ ရတု အဲဒီလို အတာ့ကိုချစ်လို့ပဲ အတာ ကိုယ့်သောကဒုက္ခတွေကို မျှဝေမပေးချင်တာပါ။ မောင်လေးတွေ အိမ်ထောင်ကျပြီး သူတို့ဘဝလေးတွေ အခြေတကျဖြစ်မှ အတာတို့လက်ထပ်ကြတာပေါ့"

"ဟာကွာ"

ရတု မချင့်မရဲနှင့် နေသာခံခက်ဖြစ်သွား၏။ သူနဲ့အတာ လက်ထပ်ဖို့အရေး အပါနှင့်အကာ့ကိုပဲ ငိမ်းမြန်မြန်ရအောင် ရှာပေးရမလိုဖြစ်နေ၏။

"အတာကလည်းကွာ၊ မင်းရဲ့မောင်တွေ မိန်းမရပြီးမှ ကိုယ်တို့က လက်ထပ်ရမယ်ဆိုရင် မင်္ဂလာလည်းဆောင်ပြီးရော စိတ်ပုတီးနဲ့ ရိပ်ကြီးခိုရမှာ တန်းခနဲပဲ"

"အတာ့ဘဝကို နားလည်ပေးပါ ရတုရယ်"

"နားလည်လို့ပဲ လက်ထပ်ဖို့ပြောနေတာလေ၊ အတာ့ကိုစောင့်ရင်း ကိုယ်ပါ ဆံဖြူသွားကျိုးဖြစ်လို့ အဲဒီအခါကျမှ အတာကလည်းစိတ်ကုန်၊ အခြားမိန်းမကလည်း မကြိုက်ဖြစ်မှ ကိုယ်လူပျိုကြီးဘဝနဲ့ အရိုးထုတ်နေရပါ့မယ်ကွာ"

"ဒါဆို ရတု အတာ့ကိုမစောင့်နဲ့တော့လေ။ အခြားတစ်ယောက်ကိုပဲ လက်ထပ်လိုက်ပါ။ အတာခွင့်လွှတ်ပါတယ် ရတုရယ်"

ရတု သက်ပြင်းရှည်ကြီးကိုသာ ချလိုက်မိတော့၏။ ပြောသလိုလွယ်ရင်တော့ အကောင်းသားလား။ နှလုံးသားက အတာမှတစ်ပါး အခြားမိန်းကလေးတွေကို လက်မခံလေတော့. . .

"ဘယ်အချိန်ထိပဲဖြစ်ဖြစ် မင်းကိုပဲ ကိုယ်စောင့်နေမယ် အတာ"

"ရတုရဲ့ယ်"

☆☆☆



# အခန်း (၂၆)

အပါမြင်လိုက်ရသောမြင်ကွင်းကြောင့် မျက်လုံးတွေ မီးထပွင့်သွားသလားဟု ထင်ရ၏။ ကိုကိုက မမငွေ့ကို ကားတံခါးဖွင့်ပေးပြီး ထိုင်လိုက်သည့်တိုင် လက်ကမလွှတ်ပေ။ တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ထားတာကို မလွှတ်ရက်သလိုဖြစ်နေကြတာကိုပဲ မကြည့်နိုင်တာ။

အပါ မြင်ကွင်းကိုကျောခိုင်းပြီး ဒေါသခြေလှမ်းများနှင့် အိမ်ပေါ်သို့တက်လာခဲ့သည်။ ရည်းစားလူလု အနုကျွဲခတ်တဲ့။ အပါ့နှလုံးသားနစ်ခြမ်းကွဲသွားပြီလား မပြောတတ်တော့။

"ဒေါ်ကြီး. . . ဒေါ်ကြီး"

"ဒေါ်ကြီး ပြန်မရောက်သေးဘူး အပါ၊ ကြွေးတောင်း

သွားတယ်''

''မမရော''

''မမကို ကိုရတုခေါ်သွားတယ်''

''ရတု''

အပါ အံကိုဖိကျိတ်လိုက်၏။ ရတုနဲ့ငွေ၊ မမနဲ့ကိုကို ဒီလောက်ရင်းနှီးကြတာ ကျိုက်ထီးရိုးမှာတွေ့ပြီး ဇာတ်လမ်းဖြစ် ခဲ့ကြတာပဲဖြစ်မည်။ ဒေါသတွေက ရင်ထဲမှာအလိပ်လိုက် တက် လာတာနှင့် လာပါစေဟုကြိမ်းဝါးလိုက်တာက ရင်ထဲမှာ။

''မင်းဘာဖြစ်လာတာလဲ အပါ''

''ရည်းစားလုလုခံရလို့''

''ဟေ!''

ဖင်ကို မျက်လုံးပြူးသွားလေ၏။ ဒီနေ့ အလုပ်ကစော စောစောပြန်လာခဲ့တာ။ မမငွေ့ အလုပ်ထဲကိုလိုက်လာပြီး ပြန်ခေါ် လာလို့ပါ။ အကာ့ကိုပြောစရာရှိလို့တဲ့။ အိမ်ကိုရောက်တော့ ကို ရတုလည်း ရောက်နေပြီး မမကိုခေါ်သွားသည်။ အကာက မမ ငွေ့နှင့်လိုက်သွားတော့ အိမ်မှာ ဖင်ကိုတစ်ယောက်တည်း။

''ဖင်ကိုရေ''

''ဟော! အကာပြန်လာပြီ''





ဖင်ကိုခြေလှမ်းပြင်လိုက်စဉ်မှာပဲ အကာက အိမ်ပေါ်ကို တက်လာသည်။

''ဟင်! ညီပြန်ရောက်လာပြီလား''

''မင်း ငါ့ကိုညီလို့မခေါ်နဲ့''

''ခွပ်!''

''ဟာ!''

''ငါ့ချစ်သူကိုမှ လုချင်တဲ့ကောင်''

''ခွပ်!''

''အပါ''

''ညီ''

''မခေါ်နဲ့''

''ခွပ်!''

''အား. . .''

လက်သီးသုံးချက်ဒဏ်ကြောင့် အကာလဲကျသွားလေ၏။ ဖင်ကို ပထမတော့ အပါ့ကိုသာဆွဲနေပြီး နောက်မှ အပါ့ကိုတွန်း ထုတ်ပြီး အကာ့ကိုပြေးပွေ့လိုက်သည်။

''အကာ''

အကာနှုတ်ခမ်းထောင့်မှ သွေးများစီးကျလာလေသည်။

ဇင်ကို မီးဝင်းဝင်းတောက်မျက်လုံးများနှင့် အပါ့ကိုကြည့်ယ
၏။ နွတ်ခမ်းကိုဖိကိုက်လိုက်သည်မှာလည်း ပြတ်ထွက်လုမတ
အကာက နှုတ်ခမ်းထောင့်မှသွေးများကိုသုတ်ရင်း. . .

"မင်းကျေနပ်ပြီလား ညီ၊ မကျေနပ်သေးရင် ထပ်
ပါ။ ငါက မင်းသတ်ရင်တောင် အသေခံသွားမယ့်ကောင်ပါကွ"

"သတ်မှာ. . . မင်းကို ငါသတ်မှာကွ"

"ဟောကောင် မင်းဒီပါ"

ဇင်ကို့အသံကြီးက ဟိန်းထွက်သွားလေသည်။ အ
ကို မတ်မတ်ထူပေးလိုက်ပြီး အပါနှင့်မျက်နှာချင်းဆိုင်၏။

"မင်းတော်တော်ကျေးဇူးတရားမသိတတ်တဲ့ကော
လားကွ။ မင်းက ကံကြီးထိုက်မယ့်ကောင်၊ မိုးကြိုးပစ်ခံရမ
ကောင်၊ မင်း အကာ့ကိုကျေးဇူးမတင်ချင်နေ၊ ကျေးဇူးတော့မ
သင့်ပါဘူးကွာ"

"ဘာကျေးဇူးလဲ၊ ကျုပ်ချစ်သူကို လုမယ့်ကောင်"

"မင်း မိန်းမတစ်ယောက်အတွက်နဲ့ ဒီလိုလူစိတ်ပျ
အောင် မှုန်နေသလားကွ။ မင်းက နွားလို တစ်ဘို့တည်းကြ
တဲ့ကောင်၊ ခွေးလို ကျွေးတဲ့လက်ကို ပြန်ကိုက်တဲ့ကောင်၊
တတ်ထားတဲ့ပညာတွေ အလကားပဲ။ မင်းနဲ့တန်တောင်





ဘူးကွာ"

ဇင်ကို ဒေါသကြောင့် အသားတွေ တဆတ်ဆတ်တုန်
နေသည်။

"အစ်ကိုကြီးအဖအရာအနေနဲ့ မင်းကို သွေးနဲ့ချွေးနဲ့ရင်း
ပြီး ပြုစုပျိုးထောင်ပေးခဲ့တာ အဆိပ်ပင်ကိုရေလောင်းပေးသလို
ပဲ အပါ"

"ဘာတွေဖြစ်နေကြတာလဲ ဇင်ကို"

"မမ"

အတာ အိမ်ပေါ်သို့အပြေးတက်လာတော့. . .

"ဒီမှာလေ၊ မမရဲ့မောင် ဆရာဝန်လောင်းကြီး၊ ပညာ
တတ်အလိမ္မာတုံးကြီးက သူ့ရည်းစားကိုလုတဲ့ကောင်ဆိုပြီး လူမဲ့
သူတော ပညာမတတ်တဲ့အကာ့ကို လက်သီးသုံးချက်နဲ့ ကျေးဇူး
ဆပ်လိုက်တာလေ"

"ဘာ!"

အတာ့အကြည့်က အကာ့ဆီသို့ရောက်သွားကာ ချက်
ချင်း လူပါရောက်သွားပြီး အကာ့နှုတ်ခမ်းထောင့်မှသွေးစတို့ကို
လက်နှင့်ထိသုတ်ပေး၏။ ဒဏ်ရာဒဏ်ချက်တွေကိုမြင်တော့ နူး
ညံ့ခဲ့ပါသောစိတ်တို့သည် ချက်ချင်းပဲ မာကြောခြင်းသို့ အသွင်

ပြောင်းလျက်. . .

အပါ့ဆီသို့ပြန်လျှောက်ပြီး မျက်နှာချင်းဆိုင်မိတာနှ

"ကျေးဇူးရှင်ကိုပစ်မှားတဲ့ ခွေး"

"ဂဲ"

"ဖြန်း! . . ."

"ဟာ!"

အပါ ပါးတစ်ဖက်ပူသွား၏။ ပါးကိုပွတ်ပြီး မယကိုကြ တော့ ကိုကိုဆွဲလိုက်လို့ ယိုင်သွားတဲ့ကိုယ်ကိုပြန်မတ်ကာ အ ကိုစူးစူးရဲရဲကြည့်လေ၏။

"မမ. . . မမ ကျွန်တော့်ပါးကိုရိုက်တယ်"

"ရိုက်ရုံတင်မကဘူး။ မင်းက သတ်ပစ်ဖို့တောင်ကော တဲ့ကောင်ပဲ အပါ။ မင်း ခုလိုဆေးကျောင်းတက်နိုင်ဖို့အတွ အကာ ဘယ်လောက်ပင်ပန်းဆင်းရဲခံခဲ့ရလဲ မင်းသိလား။ ပိုက်ဆ ရဖို့ ဆေးမြစ်တွေတူးခဲ့ရတဲ့လက်တွေမှာ အသားမာတောင် ထ ခဲ့တယ်။ သူများအငှားသယ်တဲ့ပစ္စည်းတွေကိုထမ်းရလို့ ပခုံးတွေ ကလည်း နွားလိုထမ်းပိုးရာ မထင်ရုံပဲကွ။ အခုဒီကိုလာခါနီးတော ခြေထောက်ဒဏ်ထိုးခံရလို့ ထော့နဲ့ထော့နဲ့ဖြစ်နေတာတောင် မ ကို ပိုက်ဆံပေးဖို့မပြည့်မှာစိုးလို့ ဆေးခန်းမပြဘဲ ဝေဒနာကိုကြ





က်ခံစားခဲ့တာ အကာပါ"

"အပါရယ်၊ နင်အရမ်းရက်စက်တယ်၊ ငယ်ငယ်လေး တည်းက နင့်ကိုအလိုလိုက်ပြီး စုပုံချစ်ခဲ့သမျှ ဒီနည်းနဲ့တုံ့ပြန် က်တာ ရင့်သီးလွန်းပါတယ်ဟယ်"

"တော်ကြပါတော့၊ အပါ ရုတ်တရက်မို့ ခုလိုမစဉ်းစား လုပ်မိသွားတာဖြစ်မှာပါ"

"မင်းက လက်သီးနဲ့မလုံလောက်လို့ နောက်ထပ် ဓား အထိုးခံပြီး မင်းညီကိုချစ်ပြဦးမလို့လား အကာ"

အမြဲတမ်း ပျော်ပျော်နေသောခဲဝါဒနှင့် ဗလွတ်ရွတ်တ သနော၍ နေတတ်ခဲ့သောဇင်ကို။ ရှားရှားပါးပါးမျက်ရည်စ ပါးပြင်ပေါ်သို့လိမ့်ဆင်းလာသည်။ အကာ့အစား ရင်တွေနာ းလို့ပါ။ ရန်ကုန်ကို ညီနဲ့တွေ့ချင်လွန်းလို့ လာခဲ့တာတောင် ထောက်ရောပခုံးပါ အနားမယူခဲ့ရ။

ကိုယ်တောင် သူငယ်ချင်းကိုသနားလွန်းလို့ ဝင်ကူညီနေ ။ ညီကိုအသက်လောက်ချစ်ခဲ့တာအတွက် တန်ပြန်ရလဒ် အသည်းကိုဓားလှူးပြီး မီးကင်လိုက်သလိုပါပဲ။

"မိဘညီအစ်ကိုမောင်နှမဆိုတာ အစားထိုးလို့မရဘူး။ က အစားထိုးလို့ရတယ်ဆိုတာ ပညာတတ်ကြီးရဲ့ဦးနှောက်

ထဲမှာ နည်းနည်းလေးမှမတွေးမိဘူးလား။ မင်းလိုသာ တစ်
ကောင်းဆန်ကြမယ်ဆိုရင် မမနဲ့အကာ သူတို့စားရုံဝတ်ရုံအ
အတွက် သူတို့ရှာလို့ရတာနဲ့ ဒူးနန့်ပြီး တူနဲ့ခပ်စားလို့ရတယ်
မင်းအဲဒါတွေမသိဘူးလား။ အခု မင်းကြောင့် မင်းကိုပညာ
ကြီးဖြစ်စေချင်လွန်းလို့ သူတို့က နွားလိုရုန်းပြီး ခွေးစားစား
ဆံစုခဲ့ရတာကွ''

ဒေါသကြောင့် ကိုယ်ပြောတဲ့စကားလုံးတွေ ရင့်သီး
စိုင်းလွန်းနေမှန်းသိပေမယ့် ပြောဖို့လိုလို့ပြောနေတာပါ။ ဒီစ
လုံးတွေအတွက် နောက်မှ ကန်တော့ပွဲနဲ့ရှိခိုးဦးချတောင်းပန်
တောင်းပန်ရပါစေတော့။

လူလိုမသိတဲ့ကောင်ကို လူစိတ်ဝင်အောင်တော့ ပြော
ပြမှ။ ဒါတောင် အပါက အံကျိတ်ထားတာကိုမလျှော့ဘဲ...

''အဲဒါက သူတို့အပိုင်းပဲလေ၊ ကျွန်တော်က သူတို့
ကျွန်တော့်ကိုဆရာဝန်ဖြစ်အောင် ကျောင်းထားပေးကြပါ
ဒူးဖက်တောင်းပန်ခဲ့တာရှိလား''

''အပါ''

''ညီ''

''ဟေ့ကောင်! မင်း''





ဖင်ကို အပါ့အကျီရင်ဘတ်စကို ဆွဲဆုပ်ကိုင်လိုက်ပြီး
ကနှာကိုတည့်တည့်ကြည့်ကာ. . .

''နပြောတယ်၊ မင်းတတ်ထားတဲ့ပညာတွေကို အရမ်း
ပြောဖို့ကောင်းတယ် မင်းဒီပါ။ ဖျော့ဒီပါလက်ဂုတောင်ကျွန်းနိုမိတ်
နှင်းလောက်အောင်ကိုပဲ မင်းမိုက်ရိုင်းပါလားကွယာ။ ပညာတတ်
ကိုင်ပေါက်ရင် မင်းတစ်ယောက်ကြောင့် အခြားပညာတတ်တွေ
ကျောကျတယ်ကွ။ အလိမ္မာစာမှာရှိဆိုတဲ့စကားလည်း မင်းကြောင့်
ခြေပိုင်တော့မလိုပဲ။ မင်းကလေ အတတ်ပညာသာရှိပြီး အသိ
ညာမရှိတဲ့ကောင်။ မင်းလိုကောင်မျိုး လောကကြီးမှာရှင်သန်
ာတာ ဆန်ကုန်တယ်၊ မြေလေးတယ်သိလား။ ငွေကုန်လူပန်း
ာပဲ အဖတ်တင်တယ်ကွ''

''ဒီလိုလူစိတ်မရှိတဲ့လူကို လေကုန်ခံပြီးပြောမနေနဲ့တော့
င်ကို။ သူ့ကို တို့မောင်နှမစာရင်းထဲကနေ ဖယ်ထုတ်လိုက်ပြီ။
ာ့မှာ မိသားစုစိတ်ဓာတ်မရှိဘူး။ သူ့ကိုဆက်ပြီး တို့ပံ့ပိုးပေးနေ
င် အဇာတသတ်လို တို့ကိုပြန်သတ်ဖို့ကြိုးစားမှာ''

''မမ''

''မင်းဘာမှမပြောနဲ့တော့ အကာ''

ဖင်ကိုမျက်ဝန်းတွေက အပါ့ကို စက်ဆုပ်မသတီသလို

ပုံစံ။ အတာက နာကြည်းရိပ်တို့စွန်းထင်းသောအပြုံးနှင့်။ တကယ်မနာကြည်းနိုင်ပေမယ့် လောလောဆယ်အဖို့မှာတော့ ဒေါသအတွင်းစိတ်ကို စိုးမိုးနေသည်ပဲ။

"တို့ မနက်ဖြန်ပဲပြန်ကြမယ် အပါ။ တို့ရောက်လာမင်းစိတ်အနှောင့်အယှက်ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်။ မင်းက မိသားစုထက် ငွေကိုပိုခင်တဲ့ကောင်ဆိုတော့ မင်းလိုချင်တဲ့ငွေကိုတော့ ပေးခဲ့မှာပါ"

အတာက ပြောရင်းပဲ သူမဆံပင်ဖြတ်ရောင်းလို့ ရခဲ့တဲ့ငွေတွေကိုယူပြီး အပါ့လက်ထဲသို့ထည့်ပေးလိုက်၏။ ဇင်ကိုကတော့ ဟိုနေ့က အကာလွှင့်ပစ်လို့ပြန်ကောက်ထားခဲ့သည့် ပိုက်ဆံအကြောင်းမပြောတော့။ မပေးဘူး။ ပေးနေလည်း အပိုပဲဟု မျိုသိပ်ထားလိုက်၏။

"ပြန်မယ်ဆိုရင်လည်း မတားပါဘူး။ ပြတ်တယ်ဆိုရင်နောက်ကို မမတို့ ရန်ကုန်ကိုဘယ်တော့မှမလာပါနဲ့"

"မင်းဘယ်လိုပြောလိုက်တာလဲ ညီ"

"မင်းဝင်မပါနဲ့၊ ငါ မမကိုပြောနေတာကွ"

"မင်းက ပြောလေကဲလေပါလား မင်းဒီပါ။ တစ်နေ့မင်းမမနဲ့အကာ့ရဲ့မေတ္တာတွေ စူးလိမ့်မယ်။ ခုဝင့်က ချက်ချင်း





သွဲ့တတ်တယ်။ မင်းနားလည်လား"

"မေတ္တာပဲစူးစူး။ သစ္စာပဲစူးစူး ဒါက ကျွန်တော့်သမိုင်း။ နောက်ထပ် ကျွန်တော့်အတွက် ဘာငွေမှလည်းပို့ပေးစရာလိုဘူး။ ကျွန်တော်ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆရာဝန်ဖြစ်အောင်သင်မယ်"

ဇင်ကိုက မဲ့ခနဲလုပ်ပြီး. . .

"မင်းတော်တော့်ကိုပဲ တိုးတက်ကြီးပွားဦးမှာပါ"

ဇင်ကိုစကားပင်မဆုံး။ အပါချာခနဲလှည့်ထွက်ပြီး အိမ်ပေါ်မှဆင်းသွားလေသည်။

မနက်ဖြန်ပြန်ကြတော့မည်ဟု ဆုံးဖြတ်ပြီးပြီမို့ အကာအိပ်လို့မပျော်။ မမလည်း ဒီအတိုင်းပဲရှိနေမှာပါ။ ရက်စက်လိုက်တာ အပါရယ်။

မမငွေ့ကို အပါက ချစ်နေတာတဲ့လား။ ဒီလိုမှန်းသိရင်မငွေ့ကို သူမချစ်မိအောင်ကြိုးစားခဲ့မှာပါ။ သံယောဇဉ်စကားကြွဲရင် ချစ်တယ်လို့ဖွင့်မပြောမိသေးလို့ တော်သေးတာပေါ့။ ကျွန်တော့်ကိုခွင့်လွှတ်ပါ မမငွေ့ရယ်၊ ညီနဲ့ပတ်သက်ပြီး ကျွန်တော်က အပြတ်ဖမ်းအရှုံးပေးချင်နေသူပါ။

"လမ်းမှာတွေ့လည်း သူစိမ်းတစ်ယောက်လို တို့နေပါ

**တော့မယ်× × × မနာကျင်ပါဘူးလေ ကြင်နာနေဆဲ အသည်း
နှလုံးနဲ့လူ× × × မသိသလို ခေါင်းငုံ့ကာရယ်× × × ရင်ထဲမှာ
ကျိတ်လို့ငိုမယ်× × × ချစ်နေဆဲမယ့်လည်း မတွေ့တဲ့ဘဝနှစ်ခု ဆ
ပြီးဆွေးပြီ× × × နောင်ခါဘဝမှ တို့ဆုံဖို့တောင်းဆုခြွေ× × ×
ဒီဘဝအတွက် ရှိစေတော့နော်× × ×**

ဘေးအိမ်မှ စီဒီဖွင့်သံသည် ပထမတော့ ဟစ်ဟော့သီချင်းတွေ ဖွင့်နေတာမို့လို့ နားမစွဲ။ ကိုယ်တွေးချင်ရာတွေးနေရာမှ ဟံသာစိုးမင်းထံမြန်မာသံစဉ်သီချင်းလေးက နားထဲသို့ ငြိမ့်ငြိမ့်လေးတိုးဝင်လာတော့မှ အကာ နားစွင့်လိုက်မိသည်။

**မေတ္တာနယ်ခြားဝေးပြီ× × × နေရိပ်မှာ ချစ်သူနေခဲ့ပါ
ပျော်သလိုသာနေသွားပါ× × × အချိန်ဟာ ကုစားသွားလိမ့်မယ်
တို့ကိုမင်းမေ့ပါစေ× × × မြတ်ဘုရားထံတောင်းဆုခြွေမယ်× × ×
တို့တာတွေ ဟိုတစ်ခါတုန်းက× × × တွယ်ငြိခဲ့သမျှ ချစ်သံယောဇဉ်
× × × လည်ပြန်မကြည့်နဲ့× × × အတိတ်ပန်းချီကား ဆေးသား
ပြယ်× × ×**

သီချင်းလေးက ကိုယ့်ကိုစောင်းဆိုနေသလိုပါပဲလား ကိုယ့်ဘဝသည်လည်း ဒီလိုပါပဲလား မမငွေ့ရယ်။ ကျွန်တော်တို့ရဲ့အတိတ်ကပန်းချီကားလေးဟာ မကြာခင်ပဲ ဆေးသားပြယ်သွား





တော့မှာပါ။

သီချင်းက ကိုယ့်နှလုံးသားကို တားနှင့်ထိုးသလို နာကျင်စေပေမယ့် ထိုနာကျင်မှုကိုပဲ မြတ်နိုးစွာသိမ်းဆည်းထားပါတော့မည်။

မင်းကျေနပ်ပါစေ ညီရယ်. . .

**ပြန်မတွေးနဲ့ရှိစေ အချစ်ရေ× × × တို့ဝေးတဲ့အချိန်မှာ
တောင် ချစ်သူကိုလည်းနှုတ်ဆက်စကားတွေပြောခွင့်မရှိပြီ× × ×
အချစ်ဆိုသည်က ပေးဆပ်ခြင်းလို့ တို့လေ နားလည်ပြီ× × ×
ဒီဘဝတစ်သက် လွမ်းနေတော့မယ်× × × မမေ့နိုင်ရင်လည်း ကြိုး
စားပြီးမေ့ပါ အချစ်ဆုံးရယ်× × ×**

**ဒီလိုပါပဲလေ× × × ကမ္ဘာမှာ ချစ်တိုင်းမညားခဲ့ကြတဲ့
တို့လိုချစ်ကြသူတွေ တို့လိုအသည်းကွဲမှာပါ။ × × × အရိပ်လို
ကျန်နေခဲ့ပြီ× × × တစ်ခါက တို့အတိတ် ဆုံးတိုင်ဝေးပြီ× × ×
ကိုယ်စီအလွမ်းနဲ့တို့ ဘဝချင်းစည်းခြားပြီ× × ×**

**ဒီဘဝတော့ တို့ကိုမေ့ပါ× × ×
ဒီဘဝတော့ တို့ကိုမေ့ပါ× × ×
ဒီဘဝတော့ တို့ကိုမေ့ပါ× × ×**

အကာ့ရင်ထဲ စူးစူးနစ်နစ်ဖြစ်သွားရသည်။ သီချင်းသံ

ကြောင့် စိတ်တွေလွင့်ပါးသွားစဉ် မျက်ရည်စက်တွေ မျက်ဝန်းထောင့်မှ စီးကျလာတာမသိလိုက်။ ဒေါ်ကြီးကတော့ ပြန်လာလို့ အကြောင်းစုံကိုသိတဲ့အခါ စိတ်မကောင်းဖြစ်ရုံမှအပ ဘာမှမတတ်နိုင်။

ညော်. . . မေတ္တာဆိုတာ. . .

တစ်ခါတလေ ကိုယ်ပေးသလောက် ပြန်မရတတ်ပါလား။

☆☆☆



## အခန်း (၂၇)

"ဟာ! မဖြစ်နိုင်တာ ကြီးမေရာ၊ ကျွန်တော်နဲ့ငွေ လက်ထပ်ကြဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ. . . ဖြစ်နိုင်လို့ပဲ လူကြီးချင်း သဘောတူထားကြတာ။ မင်းတို့နှစ်ယောက် ဒီလောက်တာမှာတွဲတွဲရှိနေကြတာ။ တစ်ယောက်အကြောင်းတစ်ယောက် နားအလည်သုံးပဲလေ။ အဆင်မပြေစရာမရှိဘူးထင်လို့ ကြိုတင်ပြီးအသိပေးခဲ့တာ။ အခုအနားရောက်မှတော့ မောင်ဖြတ်မချနဲ့ ငါ့လုံးဝ အလျှော့ပေးမှာမဟုတ်ဘူး"

"ကြီးမေကလည်းဗျာ"

ကြီးမေက ဒါဆိုဒါသမား။ သူဖြစ်ချင်တာကို မဖြစ်ဖြစ်

အောင် လုပ်တတ်သူမို့ ရတု နည်းနည်းတော့လန့်မိသည်။ ငွေနဲ့ရတုကို လူကြီးချင်းသဘောတူထားကြတာ ကြာပြီတဲ့။ ကာယကရှင်ဖြစ်တဲ့သူတို့ဆန္ဒကိုမမေးဘဲ သူတို့လုပ်ချင်တိုင်း လုပ်လို့ရမလား။

တကယ်ဆို. . .

သူနှင့်ငွေ့က သူငယ်ချင်းအဆင့်ထက်မပိုခဲ့။ ကိုယ့်ရင်ထဲမှာ သူသည် ၁၅၀၀ ဆိုတဲ့အဆင့်ထိ ပန်းမဝင်ခဲ့သလို၊ သူ့နှလုံးသားကလည်း ကိုယ့်ကိုလက်မခံ။

ဒါကြောင့်ပဲ. . .

တိုင်ပင်ဖော်တိုင်ပင်ဖက် အချစ်ဆုံးသူငယ်ချစ်အဖြစ်တည်တံ့နေခဲ့တာပေါ့။

''မင်းငြင်းဖို့တော့ မကြိုးစားနဲ့နော် ရတု''

''မငြင်းဘဲ ဖော်လိုလိုက်ရအောင် ဒါ ပြဇာတ်တိုက်သလို ပွဲပြီးလို့မီးသေသွားမှာမဟုတ်ဘူး ကြီးမေ။ လူတစ်ယောက်ရဲ့ တစ်ဘဝလုံးကို သေတာပန်သက်တဆုံး ရင်းနှီးမြှုပ်နှံလိုက်ရမှာ''

''အဲဒီတော့ ဘာဖြစ်လဲ''

''အိမ်ထောင်တစ်ခုတည်ဆောက်ဖို့မှာ အချစ်ပါဖို့ မလိုဘူးလား''





''ချစ်ပြီးမှ မပေါင်းရတာထက်စာရင် ညားပြီးမှ ချစ်သွားကြတာ မကောင်းဘူးလား''

''ကြီးမေက အပျိုကြီးပဲဥစ္စာ၊ အချစ်အကြောင်း ဘယ်လောက်များ စူးစူးနက်နက် ခံစားဖူးမှာမို့လို့လဲ''

''ဘာ! ရတု''

''မမ''

ကြီးမေ ဂုဏ်းခနဲထိုင်ရာမှရုန်းထတော့ မေမေက တောင်းပန်သလို မော့ကြည့်သည်။ ပြီးမှ. . .

''ကြီးမေကို ခံမပြောရဘူးလေ သားရဲ့''

''နှစ်ဦးနှစ်ဖက်ပြေလည်အောင် ညှိနှိုင်းကြတာကောင်းလိမ့်မယ်ထင်တယ် မမ''

''ဒီကိစ္စမှာ ငါ့ညီဇာကို ဘယ်သူမှလွှန်ဆန်ခွင့်မရှိဘူး။ ငါက ကောင်းစေချင်လို့စီစဉ်တာ''

''နတ်ပြည်ကို ဇိကုပ်တင်လည်း ကာယကံရှင်က စိတ်မပါရင် လက်သည်းရာအမာရွတ်နဲ့ နတ်သားဆိုပြီး နာမည်ဆိုးရတာပဲ အဖတ်တင်လိမ့်မယ် ကြီးမေ''

''ရတုဆက်သွင်''

ရတု ကြီးမေကိုမျက်လွှာပင့်ကြည့်လိုက်၏။ မေမေနှင့်

မေမေကတော့ ဘယ်သူ့ဘက်က ဘယ်လိုပါရမှန်းမသိလို့ ငြိမ်ပြီးနားထောင်နေရသည့်ပုံစံမျိုး။

ကြီးမေရဲ့ဩဇာကို မလွန်ဆန်နိုင်သလို သားကိုလည်း ဒီလိုဒီအကြောင်းရှိပါတယ်လို့ မဝေဖန်။ ကိုယ်က ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရှိတဲ့ကလေးလား။ ဘွဲ့ရပြီးသား အရွယ်ရောက်နေတဲ့သူပါ။ လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်ပြီး လုပ်နေတဲ့သူက အိမ်ထောင်ရေးကျမှ သူများပေးစားတဲ့မိန်းမကို ယူလိုက်ရမှာလား။

ကြီးမေစီစဉ်တဲ့သူက အခြားသူလည်းမဟုတ်။ ကိုယ်လက်မခံသလို သူကလည်း လက်ခံမှာမဟုတ်ပေ။

"မင်းအကြောင်းကို ဒါမသိဘူးများထင်နေသလား ရတု"

"သိရင်လည်း အထူးပြောပြနေဖို့မလိုတော့ဘူးပေါ့ ကြီးမေ။ ကျွန်တော် ငွေ့အပေါ် သူငယ်ချင်းထက်မပိုဘူး။ ငွေ့ဘက်ကလည်း ကျွန်တော်နဲ့ထပ်တူပါပဲ"

ဒေါ်နွဲ့နွဲ့လှိုင် မျက်လုံးကြီးကျွတ်ထွက်လာလုမတတ်နှင့် နှုတ်ခမ်းကိုခပ်ဖိဖိကိုက်ပြီးမှ. . .

"ထပ်တူကျမှာပေါ့။ နှစ်ယောက်စလုံးက ပြာပုံအိပ်ဖို့ အကြံတူညာဏ်တူဖြစ်နေကြတာမဟုတ်လား။ မိန္နီတဲ့၊ တစ်နွဲ့တည်းရှိတယ်၊ မှတ်ထား။ နင်တို့ထက် ဆယ့်နှစ်ဆလည်တယ်။ အဲဒါ





ကြောင့်ပဲ မင်းတို့နှစ်ယောက်ကို မြန်မြန်လက်ထပ်ပေးဖို့စီစဉ်လိုက်တာ။ သိပြီလား"

"ကြီးမေ"

ရတုလည်း ထရပ်လိုက်၏။ ဦးသက်တင်က သားလက်ကိုပြန်ဆွဲချပြီး ထိုင်စေကာ. . .

"စကားပြောရင် အေးအေးဆေးဆေးပြောစမ်း သား။ လူကြီးကို ပမာမခန့်လုပ်တာ ဖေဖေကြိုက်ဘူး"

ရတုပြန်ထိုင်လိုက်ရပေမယ့် တင်ပါးက ဆိုဖာနှင့်တစ်သားတည်းမကျပေ။ ဩဇာရှိတယ်ဆိုပြီး လူတစ်ယောက်ရဲ့ဘဝကို ဒီလိုချုပ်ကိုင်ချင်လို့တော့ ရမလား။ လူက သူ့ဩဇာကိုညောင်းချင်သည့်တိုင် နှလုံးသားက လိုသလိုပုံသွင်းလို့ရတဲ့ ရွှံ့ရုပ်ကလေးမှမဟုတ်တာ။

"သား ပမာမခန့်လုပ်တာမဟုတ်ဘူးမေမေ။ လက်မခံနိုင်တာကို ပြောပြနေတာ"

"သားက ငွေ့ကိုဘာလို့လက်မခံနိုင်ရတာလဲ"

"သားရှင်းရှင်းပဲပြောမယ်မေမေ။ သားမှာ ချစ်သူရှိတယ်"

"ဟင်!"

ဒေါ်သင်းလှဲ့ညိုနှင့် ဦးသက်တင်တို့၏အကြည့်က ဒေါ်

နွဲ့နွဲ့လှိုင်ဆီသို့ ပြိုင်တူရောက်သွားကြလေသည်။ ဒေါ်နွဲ့နွဲ့လှိုင်က ခါးထောက်လျက်. . .

"အဲဒီမင်းချစ်သူဆိုတာ ကျိုက်ထီးရိုးတောင်ပေါ်မှာ ချ များအငှားသယ်တဲ့အထုပ်အပိုးတွေ အဝတ်အိတ်တွေကိုသယ် ထမင်းစားရတဲ့မိန်းကလေး။ ငုံးဥပြုတ်လည်း ရောင်းခဲ့ဖူးပါတယ် ဆိုတာပါ ထည့်ပြောဦးလေ"

"ဒါ သမာအာဇီဝနဲ့လုပ်စားတာ။ သူများပစ္စည်းကို ခိုး စားနေတာမှမဟုတ်ဘဲ ကြီးမေ"

"ခိုးပဲစားစား၊ တောင်းပဲစားစား ငါမသိဘူး။ မင်း ငွေ ကိုပဲလက်ထပ်ရမယ်။ ငါသဘောမတူတဲ့မိန်းမကို ယူလို့ကတော့ မင်းနဲ့သေခန်းပြတ်ပဲ ရတုဆက်သွင်"

"ကြီးမေ အဲဒါသက်သက်အနိုင်ကျင့်တာ"

"ဘာ! "

ဘာဆိုသောအသံသည် နံရံတိုင်းကို ရိုက်ခတ်သွားပြီး မကြည်ဖြူတာကိုရှေ့တိုးလို့ တိုးမိတဲ့ခြေထောက်ကိုဖြတ်ပစ်မယ် ဆိုလျှင်တောင် ရတုဆိုတဲ့ကောင်ကလည်း ပြုခဲ့တဲ့ကတိ ဆိုခဲ့ တဲ့သစ္စာတရားကိုဖက်တွယ်ပြီး ချစ်ရသူအတွက် လေးဖက်တွား ပြီးသွားဖို့ ဆုံးဖြတ်ပြီးသားပါ။





"ဆင်းရဲတာ အပြစ်တစ်ခုဆိုရင် ကျွန်တော့်ချစ်သူဘာ ဖြစ်နေပါစေ ကျွန်တော့်ဘဝကို ချောင်းငယ်ရေနဲ့ပဲဆေးဆေး။ မြစ်ငယ်ရေနဲ့ဆေးဆေး ကျွန်တော့်ချစ်သူအနားမှာ နေခွင့်ရရင် ကျွန်တော့်ဘဝ ကြိုက်သလောက် ခါးပါစေ၊ ကျွန်တော်ကျေနပ် တယ်"

"ကြည့်စမ်း! မင်း သတ္တိတွေသိပ်ကောင်းနေတယ်ပေါ့ လေ၊ ဟုတ်လား. . . ရတုဆက်သွင်"

ရတု ကြီးမေကိုရဲရဲရင်ဆိုင်ကာ ကြည့်လိုက်ပြီး အချစ် ပေးတဲ့ရဲစွမ်းသတ္တိတို့က ထိပ်ပုတ်လို့လည်းမရ ကြိုးတုပ်လို့ လည်းမရ၊ ချစ်တာအပြစ်မှမဟုတ်တာ။ နှလုံးသားက ချစ်တတ် တာကို ဘာဥပဒေပုဒ်မတပ်ပြီး တရားစွဲမလဲ။

"မင်းဘယ်လောက်အစွမ်းရှိသလဲ ရတုဆက်သွင်၊ ငါ သဘောမတူတဲ့မိန်းမကို မင်းယူရဲယူကြည့်"

"ကြီးမေ ဘာလုပ်မှာလဲ"

"သတ်ပစ်မှာ၊ နှစ်ယောက်စလုံးကို ငါကိုယ်တိုင် သတ် မယ်သိလား"

"ဒါဆိုရင် အခုကတည်းက ကျွန်တော့်ကိုသတ်လိုက် ကြီးမေ"

"ရတု. . . နင်"

ကြီးမေ၏ခေါသံတကြီးအော်သံကို ကျော်နိုင်းပြီး ...

ညည့်ခန်းထဲမှ ထလာခဲ့သည်။ ဦးသက်တင်နှင့်ဒေါ်သင်းလှဲ့ညီ...

ဟိုကြည့်ဒီကြည့်နှင့်ပဲ. . .

အစ်မဖြစ်သူကို တောင်းပန်ရတော့မလို သားနောက်...

ပဲ လိုက်ပြီးချော့မော့ဖြောင်းဖျရမလိုနှင့် တကယ်တမ်း ဘာမှမ...

ဖြစ်ဘဲ ဆိုဖာပေါ်မှာသာ ရှိမြဲရှိနေ၏။

"သင်းက ငါ့ကိုစိန်ခေါ်နေတာ၊ ငါ့အကြောင်းသိမ...

သင်းသိရမယ်"

ရတု ဓားတစ်ချောင်း၊ ကတ်ကြေးတစ်လက်နှင့် သံတု...

ပိုင်းတစ်ပိုင်းကိုယူလာပြီး ကြီးမေရဲ့စားပွဲပေါ်မှာ ချပေးလိုက်သည်...

"ကြီးမေ ကြိုက်ရာလက်နက်ကိုရွေးပြီး ကျွန်တော့်...

သတ်လိုက်ပါ။ ကျွန်တော့်ခြေလှမ်းတွေက နောက်ဆုတ်ဖို့...

ကူးမရှိဘူး။ ကြီးမေသတ်လို့သေသွားရင်တောင် ကျွန်တော် အ...

ဆီကို သေရာက ထလိုက်သွားမှာ"

"အို! သား"

ရတု၏ပြတ်သားသောဆုံးဖြတ်ချက်ကြောင့်၊ ဒေါ်...

လှိုင်မှာ ရတုချပေးသောလက်နက်တွေကိုကြည့်ပြီး ရင်ထု...





...သော့၏။

"အမယ်လေးတော်! ကြားကြသေးရဲ့လား အရပ်ကတို့

... ငါ့စေတနာကို စော်ကားရုံတင်မကလို့ ငါ့ကိုပါ ထောင်ကျ

...အောင်လုပ်နေတာ။ ရတု. . . မင်း. . . ဟီး"

"ဟာ! မမ"

☆ ☆ ☆



## အခန်း (၂၈)

"အခု တို့ဘယ်လိုလုပ်ကြမလဲ ရတု"

"ဘယ်လိုလုပ်ရမှာလဲ၊ ဒီကိစ္စမှာ နှင်းနဲ့ငါ တစ်ယောက်
ယောက်မရှိမှ အေးမှာ"

"အမယ်! နှင်းပြောပုံက နှင်းသေရင်သေ၊ မသေရင် ငါ
ပဲ သေပေးရမလိုမျိုးဖြစ်နေပြီ"

"အဲဒါကောင်းသားပဲ"

"ဘာ! "

ငွေခါးကြီးထောက်ကာ မျက်မှောင်ကြုတ်၍ ကြည့်လေ
း ရတုစိတ်ပေါက်ပေါက်နှင့် ထင်ရာပြောနေမှန်းသိသော်လည်း
ယ်ကကော စိတ်မညစ်တဲ့သူလား။ လေးလေးနဲ့အန်တီက အမိန့်

ချလိုက်ပြီလေ။ ငွေ့ကို ရတုနဲ့လက်ထပ်ရမယ်တဲ့။

သူများတွေ သူငယ်ချင်းကနေ ချစ်သူဖြစ်သွားကြ တစ်ပုံကြီးပေမယ့်၊ ရတုနဲ့ငွေ့က ရိုးရိုးရှင်းရှင်းလေးပဲ ချစ်ကြ ပါ။ ကိုယ့်ရင်ထဲမှာ သူ့ကိုရင်ခုန်လို့မရသလို သူကလည်း ကိုယ့် ကို သူငယ်ချင်းထက်မပိုခဲ့။ ပါးစပ်က ဟိုလိုလိုဒီလိုလိုတွေ နောက်ခဲ့တာတွေရှိပေမယ့် အတာကလွဲရင် သူ့နှလုံးသားကို မည် သူမျှ မလွှမ်းမိုးနိုင်ဟု ကြေငြာထားပြီးသား။

"ငွေ့"

"ဘာလဲ"

"နင် အကာ့နောက်ကိုလိုက်သွားပါလား"

"လိုက်သွားပြီး ငါကဘာလုပ်ရမှာလဲ"

"နင်တို့နှစ်ယောက် လက်ထပ်လိုက်ကြပေါ့"

"အမယ်! ယောကျ်ားဖြစ်တဲ့သူကတော့ စွန့်စားမယ့် ဘူး"

"ယောကျ်ားဆိုတာကြီး နင့်ပါးစပ်က ထည့်မပြောစမ်း ပါနဲ့ငွေ့ရာ။ ကြားရတာ မျက်နှာပူလို့၊ ခေါ်မနေနဲ့ နင့်ကိုငါမယူ ချင်ဘူး"

"ကောင်စုတ်! ဒီအချိန်မှာတောင် နောက်နေနိုင်သေး





ယ်နော်။ ငါ့ကိုတိုက်တွန်းမယ့်အစား နင် အတာ့ကိုခိုးပြေးလိုက် လား ကောင်စုတ်ရဲ့"

"အတာက သူ့မောင်တွေ မိန်းမ မရသေးသရွေ့၊ သူ ည်း အိမ်ထောင်မပြုသေးဘူးလို့ပြောထားတာဟ"

တော်တော်အသေးတာပဲဟု ငွေ့နှာခေါင်းရှုံ့လိုက်သည်။

"နင်တော်တော်သစ္စာကြီးတယ်ပေါ့ဟုတ်လား ရတု"

"ဘာကိုလဲ"

"နင်အဲဒီလောက်တုံးရသလား။ ဟိုကပြောတိုင်း စောင့် ပြီး အဲဒီမှာ နင်ဆံဖြူသွားကျိုးခံနေမှာလား။ လိုချင်ရင်ရအောင် ယူရမှာ နင့်တာဝန်လေ။ သူပြောသလိုဖြစ်အောင် အကာ့နောက် ါက လိုက်မယ်ထားပါတော့၊ ငါ့ကို အကာကချစ်တယ်လို့ပြော သေးတာမဟုတ်ဘူး"

"သူမပြောရင် နင်ပြောလိုက်ပေါ့"

"ဒေါက်!"

"အား. . ."

ငွေ့လက်က ရတုခေါင်းကို ဒေါက်ခနဲခေါက်ချလိုက်၏။ ဒီအချိန်မှာ ဒီလိုစနောက်နေဖို့လိုသလား။ ထိပ်ကိုမြွေကိုက်ခံနေ ရတာတောင် ဒီစကားမျိုးတွေ ပြောထွက်နိုင်သေးတာ အံ့ဩပါရဲ့။

"နင်တော်တော်လက်သံပြောင်နေပါလား ငွေ့"

"ပြောင်တော့ ဘာဖြစ်လဲ၊ ဖြစ်နိုင်ရင် နင့်ခေါင်းကိုရိုက်ခွဲပစ်ချင်တာ"

"ခွဲလေ၊ ဒါမှအတိတ်မေ့သွားရင် နင်နဲ့ငါ တကယ်ညားသွားမှာ"

"အမယ်! နင့်ကို ဘယ်သူက ယူမှာလဲ"

"ငါကလည်း ဝေးပါသေးတယ်၊ အခုတောင် နင်နှိပ်စက်နေတာ။ ရမှားရရင် သံမဏိကိုခေါင်းစွပ်ထားရမှာ"

"နင် ဒီစကားတွေပြောနေနိုင်သေးတယ်နော် ရတု"

ငွေ့က လေသံကိုလျှော့ချပြီး ခပ်အေးအေးမေးလိုက်တော့၊ ရတု ငိုင်တွေသွားကာ မျက်ဝန်းတွေကလည်း ရီဝေဝေ၊ ဒီစကားတွေပြောနေနိုင်သေးတာ တင်းကြပ်နေတဲ့ရင်ဘတ်ကြီး နည်းနည်းများ လျော့ပါးသွားမလားလို့ပါ။

တကယ်ဆို. . .

ရတု ရယ်ချင်သလိုလိုငိုချင်သလိုလိုဖြစ်နေခဲ့တာပါလေ၊ အတာ့အပေါ် တွယ်ငြိခဲ့သည့်သူ့သံယောဇဉ်က ခုမှမြင်တုန်းခအာ ရှန်းကြွလာတဲ့နှလုံးသားရှိုးပြပွဲတစ်ခုမဟုတ်။ မြင်ရင်ကြည့်၊ ကွယ်ရင်ပျောက်၊ ကြာရင်မေ့သွားတဲ့အချစ်ရှိုးပြပွဲမဟုတ်တော့။





အတာနဲ့သာ ဝေးကြရရင်လို့တွေးမိတိုင်း. . .

အသည်းတွေနှလုံးတွေက သေအံ့ဆဲဆဲ သွေးသီးနေတဲ့သူမဟာလို။

"ငါ. . . ငါ့စိတ်ကို အရယ်စနေတာပါငွေ့ရယ်။ နင် ငါ့အကြောင်းကို မသိဘာလည်းမဟုတ်ဘဲနဲ့ဟာ"

ငွေ့ ရတုကိုငေးခနဲကြည့်မိ၏။

"ငါ အတာ့ကို ရေပေါ်ဆီအချစ်မျိုးနဲ့ ချစ်ခဲ့တာမဟုတ်ဘူးဆိုတာ နင်သိပါတယ်။ ကြီးမေက ငါ့ကို. . ."

"အတာ့ကိုယူရင် အမွေဖြတ်မယ်ပြောလို့လား"

"အဲဒါထက် ပိုဆိုးတယ်ဟ"

ငွေ့ သက်ပြင်းကလေး ချလိုက်၏။ သူမရင်ထဲမှာလည်း ရတုထက်မပိုရင်တောင် ခံစားမှုတွေ ဒီလိုမနိမ့်လောက်ပါဘူးလေ။ အကာ့ကိုကျမှ ချစ်မိသွားတဲ့နှလုံးသားက ထိန်းမရသိမ်းမရ။

ခက်တာက. . .

သူမကို အကာက ချစ်တယ်လို့ဖွင့်မပြောခဲ့တာပါပဲ၊ လေးသလေးက ရတုနဲ့လက်ထပ်ဖို့အတွက် ငွေ့ကိုချောလိုက်ကြမ်းလိုက်နှင့် နားချနေပြီ။ ကိုယ်က မိန်းကလေးမို့ အကာ့ကိုဘယ်လိုပြောပြီး ဘယ်လိုစွန့်စားရမလဲ။

''ရတု''

''ဟင်''

''တို့ အတာတို့ဆီသွားရအောင်လေ၊ မနေ့က သူတို့ မပြန်ဖြစ်ကြသေးဘူး''

''ဟင်! တကယ်လား''

''ဟုတ်တယ်၊ မနေ့က ငါရောက်ခဲ့သေးတယ်''

''ဒါဆို နင်က ငါ့ထက်သတ္တိရှိတာပေါ့''

နှစ်ယောက်သား အကြည့်ချင်းဆုံသွားကြ၏။ အတာတို့ မနက်ဖြန်လိုပြန်တော့မယ်ဆိုတော့ ကြည်မင်းက ကာရံပြောပြလို့ ရတုနဲ့အတာတို့ရဲ့ပတ်သက်မှုကိုသိပြီး ရတုကိုဖုန်းဆက်ပြောသည်။

အပါနှင့်အကာတို့ရဲ့အဖြစ်အပျက်ကိုပါ။ အပါပြောပြလို့ သိပြီး ရတုကိုဖောက်သည်လှမ်းချတာပါ။ ကြည်မင်း အပါ့ကိုဒီ ကိစ္စနှင့်ပတ်သက်ပြီး နည်းနည်းချဉ်သွားသည်ထင်ပါ့။ ကြည်မင်း ရဲ့သဘောထားအမှန်က အပါ့ကို ကာရံနဲ့ပဲအဆင်ပြေစေချင်တာ ပါ။ အသက်အရွယ်အရနှင့် မမငွေ့၏ဆန္ဒအရ ချစ်တဲ့သူတွေသာ ပေါင်းကြစေပြီး၊ မချစ်နိုင်သူတွေကို ရင်မနာစေဘဲ ဖြစ်သင့်တဲ့ လမ်းကြောင်းပေါ် လျှောက်စေချင်တာတဲ့လေ။

ကြားကြားချင်း. . .





ရင်တစ်ခုလုံး ပေါက်ကွဲသွားမတတ် ခံစားခဲ့ရပေမယ့် ဦးနေကိုပြန်မယ့်ချစ်သူဆီကို သွားပြီးလက်ပြနှုတ်မဆက်ရဲခဲ့။ ဒါကြောင့် အိမ်မှာပဲ ငူငိုင်ငေးမောနေခဲ့တာပါ။

''ဒေါ်ကြီးမိက သူတို့ကိုတားထားတာလေ၊ အပါက အိမ် မပြန်ဘဲ ရွေနေတယ်။ အဲဒါကို တောင်းပန်မယ်ဆိုပြီး စောင့်နေ ကြတာထင်တယ် ရတု''

''ဒီကိစ္စမှာ အပါမှားတာပဲ၊ ဘာတောင်းပန်စရာမှမလို ဘူး''

''အဲဒါက သူတို့မိသားစုရဲ့ကိစ္စလေ၊ တို့ဝင်ပါလို့မရဘူး ရတုရဲ့''

''အေး. . . အခု ပါခွင့်မရပေမယ့် နောက်ပါခွင့်ရလာ အောင် ကြိုးစားရမယ်''

ငွေ့မျက်နှာလေး ပြုံးသွားသည်။ နင်တို့အဆင်ပြေပါစေ ရတုရယ်။

''ကြိုးစားမယ်ဆိုရင် ထ၊ သွားမယ်''

''ငါ့ကားသော့ ကြီးမေသိမ်းထားတယ်ဟ''

''အမယ်! နင်ကို အတာက ကိုယ်ပိုင်ကားနဲ့မှ သူ့ဆီလာ ရမယ်လို့မှာထားလို့လား။ Taxi စီးသွားမယ်. . . လာ''

ငွေ့ကားနဲ့သွားရမလားလို့ တွေးလိုက်မိပေမယ့် တကယ်တမ်းမှာ Taxi နဲ့သာ သွားခဲ့ကြ၏။

ငွေ့လည်း ကားယူဖို့အခက်အခဲရှိနေသည်ထင်ပါရဲ့။

☆☆☆



## အခန်း (၂၉)

အပို့ကို သူ့သူငယ်ချင်းတွေအိမ်မှာ လိုက်ရှာတော့လည်း မတွေ့။ သူသွားတတ်လာတတ်သည့်နေရာတွေကို စုံစမ်းပြီး လိုက်ရှာရတာလည်း မောနေပါပြီ။ အတော့ရင်တွေ ပူလောင်လွန်းလှပါ၏။

အပါရယ်. . .

နင်ပြန်လာခဲ့ပါနော်။ နင်ပြန်လာခဲ့ပါ အပါ။ နင့်အတွက်ဆိုရင် တို့မောင်နှမတွေ ဘာကိုပဲပေးဆပ်ရပေးဆပ်ရ ပေးဆပ်ဖို့အဆင်သင့်ပါ အပါ။

"အတာ"

"ရှင်. . . ဒေါ်ကြီး"

''မောလိုက်တာဟယ်၊ ဗိုက်ကလည်းဆာ၊ ဒေါ်ကြီးရေ တစ်ခုခုဝင်စားရအောင်နော်''

''ဒေါ်ကြီးသဘောပဲလေ''

ဒေါ်ကြီးမိနှင့်အတာ ဒန်ပေါက်စားမည်ဟု ဆိုင်ထဲသို့ဝင်ခဲ့ကြရာတွင် သူတို့ဝင်လာမှ ပြန်ဖို့ထရပ်လိုက်သူကို ဘာရယ်မဟုတ် လှမ်းကြည့်မိကြစဉ်. . .

''ဟင်! ''

''အပါ''

အတာ အပြေးကလေးသွားပြီး အပါ့လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

''အပါ့,မောင်လေး၊ မမတို့ မင်းကိုလိုက်ရှာနေကြတာ အပါရဲ့''

''မမတို့ မပြန်ကြသေးဘူးလား''

''မပြန်ဖြစ်သေးဘူး အပါ၊ မမတို့ မင်းကိုတောင်းပန်ဖို့ စောင့်နေကြတာပါ။ ဟိုနေ့က စိတ်ဆိုးလို့ပြောမိတာတွေကို စိတ်ထဲမှာမထားပါနဲ့နော်။ မင်း မမတို့နဲ့ပြန်လိုက်ခဲ့ပါ၊ ပြန်လိုက်ခဲ့ပါနော်''

အပါ အတာ့ကို တည်တင်းသောမျက်နှာနှင့်ကြည့်လိုက်





ပြီး သူ့လက်မောင်းကိုဆုပ်ကိုင်ထားတဲ့ အတာ့လက်ကို ဖြုတ်ချလိုက်သည်။

သူနှင့်ကိုကို ပြဿနာတက်ခဲ့သည့်ကိစ္စမှာ အားလုံးက သူ့ကိုပဲအပြစ်တင်ကြသည်။ အပါမှားတာတဲ့။ ကြည်မင်းကစပြီး သူပြောပြတာနှင့် 'မင်းမှားတယ်'လို့ပြောတာ မခံနိုင်ဖွယ်ရာပါလေ။ မငွေ့ကို အပါဘယ်လောက်မျှော်လင့်ခဲ့တယ်ဆိုတာ ကြည်မင်းသိတာလည်းမဟုတ်။

သိသိနဲ့ ကိုယ်ချင်းစာမပေးနိုင်တာကိုပဲ ခံပြင်းမိတာလေ။ တွေးမိတိုင်း ဒေါသဖြစ်မိတာက မပြေနိုင်။

''အပါ''

''မမတို့ပြန်ပါ''

''မောင်လေးပြန်လာမယ်မဟုတ်လားဟင်''

''ကျွန်တော် ကိုယ့်ဘဝအတွက် ကိုယ်ကိုယ်တိုင် ကြိုးစားပြီး ရပ်တည်မယ်။ ကျွန်တော်နဲ့မမတို့ မပတ်သက်ပါနဲ့တော့''

''ဟဲ့! နင်ဘယ်လိုပြောလိုက်တာလဲ အပါ။ အတာက နင့်ကိုစိတ်ပူလို့ လိုက်ရှာနေတာဟဲ့။ နင်နော်၊ ကြီးတဲ့သူတွေရဲ့ စေတနာမေတ္တာတွေကို နားမလည်ဘူး''

''အားလုံးက ကျွန်တော့်ကိုပဲ အပြစ်မြင်နေကြတာ ဒေါ်

ကြီးရဲ့။ မကြည်လင်တဲ့မျက်လုံးတွေကြားမှာ ကျွန်တော်ဘယ်
နေရမှာလဲပြောပါဦး။ ကျွန်တော်မှားပါတယ်ဆိုပြီး ကိုကို့ကို ကျွန်
တော်က ဒူးဖက်တောင်းပန်မှ ကျေနပ်ကြမှာမဟုတ်လား"

"မဟုတ်ပါဘူး မောင်လေးရယ်"

အတာ့မျက်နှာလေးမှာ ဆိုးရွားကလေးလို သေးငယ်
နေတော့၏။ အရင်တုန်းက အပါသည် ဒီပုံစံမျိုးမဟုတ်တာ သေ
ချာသည်။ အတာဝယ်ပေးတဲ့အဝတ်ကိုဝတ်ပြီး အတာကျွေးတာ
ကိုပဲ စား။ အတာ့ရဲ့စိစစ်ညွှန်ကြားမှုအောက်မှာ လိမ္မာယဉ်ကျေး
ခဲ့သည့်ကလေးပါ။

အခု . . .

ပညာတတ်လို့ ပိုပြီးလိမ္မာရမည့်အစား သူ့အတွေးအခေါ်
တွေ လမ်းကြောင်းမှားနေပြီထင်ပါရဲ့။ ဘာကြောင့် လမ်းကြောင်း
မှားနေခဲ့တာလဲ။

"ဒေါ်ကြီး"

"ဟေ"

"မမကိုပြန်ခေါ်သွားပါ"

"အပါ"

"မောင်လေး"





အတာ အပါ့နောက်သို့ပြေးလိုက်သွားလေ၏။

"မမ လိုက်မလာနဲ့နော်"

"အပါ . . . နေပါဦး"

အပါ ရှေ့မှပြေးသွားတာကို အတာမီအောင်လိုက်လေ
သ်။ အပါက နောက်သို့လုံးဝလှည့်မကြည့်တော့ဘဲ တစ်ဖက်သို့
သမ်းကိုဖြတ်ကူး။ ကားတစ်စီးကိုတားလေသည်။

"အပါ"

အပါ ကားပေါ်သို့တက်သွားလေပြီမို့ အတာက မီးရေး
ကိုသာ စောင့်ကြည့်နေသည်။ ကားပြတ်ပြီဟု လမ်းဖြတ်ကူးလိုက်
ရာ . . .

"ဟာ!"

"ဒုန်း! . . ."

"အား . . ."

အပါစီးသွားတဲ့ကားကလေး လျှောခနဲထွက်သွားခြင်းရဲ့
နောက်မှာ ဘာတွေဖြစ်ခဲ့သလဲ အပါမသိတော့ချေ။



# အခန်း (၃၀)

အကာ မမလက်ကလေးကိုဆုပ်ကိုင်လျက် မျက်ရည်တွေ တပေါက်ပေါက်ကျနေ၏။

မမသာ တစ်ခုခုဖြစ်ရင်ဆိုတဲ့အတွေးနှင့်. . .

ရင်ထဲမှာ သောကမီးတွေ လောင်မြိုက်နေ၏။ အစ်မကြီးအိမ်အရာနေရာကနေ အမေလိုရောအမေလိုရော အကာတို့အပေါ်မှာ မေတ္တာတရားကြီးမားလွန်းနိုင်သောမမ။

"မမ"

အကာ တိုးဖွဖွလေးခေါ်လိုက်မိ၏။ မထူးနိုင်မှန်းသိပေမယ့် တဖွဖွခေါ်နေချင်သည်။ အတော့အနားမှာ အကာရယ်၊ ငွေ့ယံသာရှိပြီး ရတုက ဘယ်နေရာသွားပြီး ကျိတ်ငိုနေသည်မသိ

တော့။ ဖင်ကိုနှင့်ဒေါ်ကြီးကလည်း မကြည့်ရက်လို့ဆိုပြီး အပြင်
ထွက်သွားသည်။

ကြည့်ရက်စရာရော ရှိလို့လား. . .

ပတ်တီးတွေအဖွေးသားနှင့် ပိုက်တွေတန်းလန်းကြား
သတိလေးတစ်ချက်ပင် လည်မလာသေးပေ။

''အကာ''

''ဟင့်''

ရှိုက်သံတစ်ချက်က အကာ့ထံမှ တိုးတိုးသဲ့သဲ့ထွက်လာ
သည်။

''မမပြန်ကောင်းလာအောင် တို့တွေ ဘုရားစာရွတ်ပြီး
ဆုတောင်းရမှာလေ။ နှင်ငိုမနေပါနဲ့''

''ဒီအချိန်မှာ ကျွန်တော်ဘယ်လိုလုပ်ပြီး ဘုရားစာရွတ်
နေနိုင်မှာလဲ မမငွေ့ရယ်။ မမအခြေအနေက ရေထဲက ဆားပြီ
နေတာ မမငွေ့သိပါတယ်''

အခြေအနေက အတာပြောတဲ့အတိုင်းမို့ ငွေ့ ဘယ်လို
နှစ်သိမ့်ပေးရမှန်းမသိတော့။

''ဇမက ကျွန်တော်တို့အတွက် မိခင်ဆိုလည်းဟုတ်၊
ဖခင်ဆိုလည်းဟုတ်၊ တစ်ယောက်တည်းနဲ့ မေတ္တာတွေအား





ဖုံးပေါင်းပြီး ကျွန်တော်တို့ဘဝကို ပြုစုပျိုးထောင်လာခဲ့တာပါ''

''မမငွေ့သိပါတယ် အကာရယ်''

''ခုလိုဖြစ်ရတာ အပဲကြောင့်၊ မိသားစုရဲ့မေတ္တာတရား
သူနားမလည်ဘူး။ မမသာ တစ်ခုခုဖြစ်ရင် ဒီကောင့်ကို ကျွန်
တော်ခွင့်မလွှတ်ဘူး မမငွေ့''

''အကာရယ်''

''သူက မမကိုမလိုအပ်တော့ဘူးလို့ ထင်ပေမယ့် ကျွန်
တော်ကတော့ လိုအပ်တယ်။ ကျွန်တော့်ဘဝမှာ မမ မရှိလို့မဖြစ်
ဘူး။ မမက ကျွန်တော်တို့ရဲ့ကိုးကွယ်ရာမိခင်ကြီးပါ''

''အကာ''

ဖင်ကိုဝင်လာသဖြင့် အကာလှည့်ကြည့်လိုက်သည်။

''အပဲ လာတယ်''

''ဘာ!''

အကာ ဆတ်ခနဲထရပ်လိုက်၏။ ဒေါသက အရှိန်တက်
လာသည်မှာ မမခုလိုဖြစ်ရတာ သူ့ကြောင့်ဆိုသောအသိကြောင့်

''ဘယ်မှာလဲ ဒီကောင်''

''အကာ''

ငွေ့ အကာ့လက်မောင်းကိုဆွဲထားလိုက်ပြီး. . .

"စိတ်လိုက်မာန်ပါတွေတော့ မလုပ်ပါနဲ့အကာရယ်။ ပြ
ပြီးသွားက ပြုပြင်လို့မှမရတာ"

အကာ ငွေ့လက်ကိုဖယ်ချပြီး အခန်းထဲမှထွက်လာခဲ့သည်။ ခြေလှမ်းတွေက ညင်သာခြင်းကင်းမဲ့နေ၏။ ကိုယ့်ကို လက်သီးနှင့်ထိုးတာတောင် အပြစ်မတင်ရက်တဲ့ ခွင့်လွှတ်နားလည်ခြင်းများနှင့် ချစ်မြဲချစ်ဆဲနှင့် ချစ်ခဲ့သည့်ညီကို အကာ. . .

မမအတွက် ယူကြုံးမရဖြစ်ကာ ဒေါသက ထိုအချစ်များကို ဝါးမျိုသွားခဲ့ပြီဆိုလျှင်။ အကာ အပေါ်ကိုတွေ့တာနှင့် အကို့ ကုတ်ကိုဆွဲကာ ဆေးရုံအပြင်ဘက်အထိ ခေါ်လာခဲ့၏။

"ကိုကို"

"မင်း. . . မင်းဘာလာလုပ်တာလဲ မင်းဒီပါ"

"မမ. . . မမအခြေအနေ"

"အဲဒါ မင်းမေးစရာမလိုဘူးကွ၊ မမခုလိုဖြစ်ရတာ မင်းကြောင့်"

"ခွပ်!"

"ခွပ်!"

"အား. . ."

"အပေါ်"





"အကာ မလုပ်နဲ့"

"ခွပ်!"

ဒေါသက လက်သီးမှာ တစ်စုတစ်ဝေးတည်းရှိပြီး ကန်ထွက်လာတော့ ဆက်တိုက်။

"ကိုဇင်ကို ကိုကို့ကိုမဆွဲပါနဲ့၊ လွှတ်ပေးလိုက်ပါ"

"မင်းကို ငါသတ်မှာကွ"

"သတ်ပါ၊ ကိုကိုသတ်ရင် ကျွန်တော်ခံပါ့မယ်။ မမခုလိုဖြစ်ရတာ ကျွန်တော့်ကြောင့်၊ ကျွန်တော်သိတယ်။ ကျွန်တော့်ကို သတ်လိုက်ပါကိုကိုရာ"

"မင်း၊ သွား. . . ထွက်သွားစမ်း။ မင်းမျက်နှာကို ငါ မြင်ချင်ဘူး မင်းဒီပါ။ မင်းက စေတနာနဲ့မတန်တဲ့ကောင်၊ ကျေးဇူးတရားမသိတတ်တဲ့ကောင်၊ မေတ္တာတရားကိုတန်ဖိုးမထားတတ်တဲ့ကောင်။ မင်း ခုလိုပညာတတ်ဆရာဝန်ကြီးဖြစ်ဖို့အတွက် တို့မောင်နှမ နွားလိုရုန်းခဲ့ရတာကွ"

လက်မပါဘဲ အပြောချည်းသက်သက်အတွက်ကိုတော့ ပြောပစေဟု ဇင်ကို ကြည့်နေလိုက်သည်။

"ရန်ကုန်ရောက်လာတာတောင် မင်းငွေလိုတယ်ဆိုတာနဲ့ မင်းစိတ်ချမ်းသာဖို့အတွက် ငါ့မမ သူမြတ်နိုးတဲ့ဆံပင်ကြီးကို

ဖြတ်ရောင်းခဲ့ရတာလေ။ အဲဒီကျေးဇူးတွေကို မင်းဆပ်လိုက်ပုံက မှတ်တမ်းတင်လောက်တယ် မင်းဒီပါ။ မှတ်တမ်းတင်လောက်တယ်ကွ''

''ပြောပါကိုကိုရာ၊ ပြောပါ။ ကျွန်တော်မှားခဲ့ပါတယ်''

''အကာ''

ငွေ့ အပြေးရောက်လာပြီး. . .

''အတာ သတိရလာပြီအကာ''

''ဟင်!''

''မမ''

ခြေလှမ်းတွေ ဝရုန်းသုန်းကားနှင့် အတာ့ဆီကိုပြေးခဲ့ကြသည်။ မမသတိရလာပြီဆိုတာနှင့် လှိုက်ခနဲဝမ်းသာမှုသည် တဒင်္ဂသာဖြစ်ပြီး ကုန်းထပြီးမှ ပြန်ထိုင်ကျသွားလိုဖြစ်သွား၏။ ဒေါ်သကြောင့် ခဏထွက်သွားသောနှင့်သီးမှုတို့သည် အခွင့်သာသည်နှင့် အဆင့်ဆင့်ပြန်လည်တိုးဝင်လာခဲ့၏။

မမအခန်းထဲသို့ ပြန်ဝင်မိသည်နှင့် အကာပဲ ပထမဦးဆုံး မမဘေးကိုရောက်သည်။ ရတုက အတာ့လက်ကလေးကိုဆုပ်ကိုင်လျက် ငိုထားသလား။ မျက်နှာတွေနီပြန်းနေ၏။

''မမ''





''မမ''

''အတာ''

အကာ မမလက်ကိုဆုပ်ကိုင်လိုက်မိတာနှင့် မျက်ရည်က ပြိုက်ခနဲကျလာပြန်သည်။ ရင်ထဲမှာ နွေရာသီဖြစ်ထွန်းလို့နေ၏။ မမမျက်လုံးလေးတွေပွင့်လာတာကို စိုက်ကြည့်နေမိစဉ်. . .

''အ. . .ကာ''

''မမ. . .ကျွန်တော်ရှိတယ်''

လေသံက မနည်းခေါ်လိုက်ရသလိုမျိုး တိုးတိုးလျလျ။

''အပါ. . .အပါရော''

''ရှိတယ်မမ၊ ကျွန်တော် မမအနားမှာရှိပါတယ်''

နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်နေတဲ့အတာ့ကို ကြည့်ပြီး အကာ မခံစားနိုင်စွာ ငိုမိလို့ ရှိုက်သံထွက်မည်စိုးကာ နှုတ်ခမ်းကိုဖိပိတ်ထားလိုက်၏။

''အတာ''

''အ. . .ပါ''

''မမ''

အတာ့မျက်လုံးတွေက လှုစုံအောင် လိုက်ကြည့်ပြီးမှ နောက်ဆုံး အပါ့ထံမှာ အကြည့်ရပ်သွား၏။

"မမ"

"မမ! ကျွန်တော်. . . ကျွန်တော့်ကိုခွင့်လွှတ်ပါမမရယ်။ မမကို ကျွန်တော်တောင်းပန်ပါတယ်နော်။ ကျွန်တော် နောက်ကို မမစိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူး။ ကတိပေးပါတယ်မမရယ်. . . ကျွန်တော်ကတိပေးပါတယ်"

အတာ့မျက်ဝန်းထောင့်မှ မျက်ရည်တွေ စီးကျလာ၏။ နှုတ်ခမ်းလေးတွေက ပြုံးလာသည်။ ထိုအပြုံးသည် ခွင့်လွှတ်ခြင်း ဟုမည်စေ၏။

"မမ"

"အတာ"

အပေါ်ကိုကြည့်နေတဲ့အတာရဲ့မျက်ဝန်းတွေက ဘယ်ကို မှမရွေ့တော့ပြီ။ ပြုံးနေတဲ့နှုတ်ခမ်းတွေကလည်း ဒီအတိုင်း။ အခြေအနေကိုနားလည်လိုက်ပြီမို့ ရတု ထရပ်လိုက်၏။ မျက်ရည်တွေက ပါးပြင်ပေါ်သို့ ပူနွေးစွာ စီးကျလာသည်။

ကိုယ့်ရင်တွေ ကွဲကုန်ပါပြီ အတာရယ်. . .

ချစ်သူရဲ့နောက်ဆုံးအချိန်မှာ ခံစားမှုတွေအတွက် ကိုယ် ဘယ်လိုပေါက်ကွဲရိုက်ရမှာလဲ။ ရင်ထဲမှာရှုးနစ်နေအောင် ခံစားနေရပေမယ့် ကိုယ်ဘယ်လိုခံစားမှုတွေကို သွန်မှောက်ပစ်ရမှာလဲ





အတာ။

"မမ. . . အီး. . ."

"မမ. . . မမ။ ဒိုးတူဘောင်ဖက် ရှုန်းကန်လာခဲ့ကြတဲ့ ကျွန်တော်တို့မောင်နှမတွေ ခုတော့ခွဲရပြီပေါ့ မမရယ်"

"ကျွန်တော်က ဆေးမြစ်တူးရင် မမက ဆေးမြစ်ရောင်း။ ကျွန်တော်က ထမ်းရင် မမကရွက်ပြီး ဘဝတိုက်ပွဲဝင်ခဲ့ကြတာ အခု မမ လက်နက်ချသွားပြီ။ ကျွန်တော်ဘယ်လိုဆက်ပြီး ရှင်သန်ရမှာလဲမမရယ်. . . မမ!"

အကာက စကားတွေ တတွတ်တွတ်ပြောနေရှာသော်လည်း အတာမကြားနိုင်တော့ပြီ။ ဖင်ကို အပေါ်ကိုကြည့်နေဆဲရှိသော အတာ့မျက်ဝန်းတွေကို ပိတ်ပေးလိုက်၏။

"မမ! အပေါ်ကိုသတိရလွန်းလို့ ရန်ကုန်ကိုလာချင်ခဲ့တဲ့ မမ။ အခု မမမောင်ရဲ့ရှေ့မှာပဲ မမအသက်ကိုအဆုံးရှုံးခံပြီး ချစ်ပြလိုက်တာလားဗျာ။ ရန်ကုန်ကို မမလာခဲ့တာ ခုလိုဖြစ်ဖို့လား။ မမ. . . မမ!"

ရတု နံရံကိုကျောကပ်၍ မျက်ဝန်းတွေကိုမှိတ်ချလိုက်တော့သည်။ သူများတွေမှာ ခံစားမှုကို ခံစားမှုအတိုင်း ဖွင့်ဟပြီး စိတ်ကြိုက်ပေါက်ကွဲခွင့်ရသည်။

သူ့မှာ. . .

ချစ်သူအတွက် ခံစားမှုကို ဘယ်လိုသွန်ချပြလိုက်ရမှာလဲ။ နှမတစ်ယောက်လိုလည်း တွတ်တီးတွတ်တာပြော ပိုင်ခွင့်မရှိ။ ဇနီးဆိုးရှုံးလို့ လင်ယောက်ျားတစ်ယောက်အနေနဲ့လည်း အတာ့ကို ဖက်ပိုင်ခွင့်မရ။

ခံစားမှုတွေက. . .

ရင်ထဲမှာသာ တလိမ့်လိမ့်တက်ရင်း အူတွေအသည်းတွေကို အပ်နဲ့ထိုးပြီး ပြောင်းပြန်လှန်လိုက်သလိုပါပဲ။

တကယ်ဝေးကြပြီပေါ့ အတာရယ်. . .

ဘယ်လောက်ပဲဝေးသွားပါစေ။ မင်းအပေါ်ထားတဲ့ ကိုယ့်ရဲ့ချစ်ခြင်းမေတ္တာတွေကို သစ္စာကိုသာ မွန်းမံခြယ်ပြီး ကိုယ် သက်သေပြသွားမှာပါ အတာ။

မင်းကို ကိုယ် ထာဝရချစ်နေမှာပါ. . .

☆☆☆



## အခန်း (၃၁)

အကာ့ခြေလှမ်းတွေက တုံ့နှေးနေ၏။ မမခေါင်းချသွားခဲ့တဲ့ ဟောဒီရန်ကုန်မြေကို သံယောဇဉ်တစ်ဖက်၊ အမုန်းတစ်ဖက်နှင့်ပဲ ကျောခိုင်းပါတော့မည်။ မမရှိနေတဲ့ဒီမြေမှာ မမကိုတမ်းတရင်း အခြေချနေချင်ပေမယ့် ဒီရန်ကုန်ကိုလာလို့ မမသေရတာဆိုတဲ့အစွဲက. . .

နောက်ထပ်. . .

သမင်လည်ပြန်ပင် မကြည့်ချင်လောက်အောင် စိတ်ကို နာကြည်းစေကာ၊ မြန်မြန်ပြန်ပါတော့လို့ နှင်ထုတ်နေသလိုပါပဲ။

"ကိုကို"

"ညီ"

"ကိုကို. . . ကိုကိုမပြန်ပါနဲ့လား ကိုကိုရယ်။ ညီမှား တဲ့အမှားတွေအတွက် ညီပြန်ပြီးပေးဆပ်ပါရစေ။ ညီ ကိုကို့ရဲ့ အလုပ်အကျွေးပြုပါရစေကိုကိုရယ်။ ကိုကိုမပြန်ပါနဲ့နော်။ ညီ့ကို မထားခဲ့ပါနဲ့"

"ညီ"

အကာ ညီ့ပခုံးကိုဖက်၍ ပြုံးလိုက်၏။ စိတ်ဆိုးတုန်း ခဏသာ ဒေါသထွက်ခဲ့ပေမယ့် ညီ့အပေါ်ထားတဲ့အကာ့မေတ္တာ က ဘယ်သောအခါမှလျော့ပါးမသွားခဲ့ပေ။

ချစ်ခြင်းမေတ္တာတွေက ပို၍သာ တိုး၍တိုး၍လာခဲ့သည် သာ။ အပို့အတွက် သူသည် အဖေ အမေ မမတို့ရဲ့မေတ္တာတရား အားလုံးကိုယ်စား သူတစ်ယောက်တည်း ရင်မှာစုပုံထားပါမည်။

"ညီ ဆရာဝန်ဖြစ်အောင်ပဲ ကြိုးစားပါညီရာ။ ညီ ဆရာ ဝန်ဖြစ်မှ ကိုကို့ကိုပြန်လုပ်ကျွေးပေါ့ကွာ"

"ကျွန်တော်ကြိုးစားမှာပါကိုကို ဒါပေမဲ့ ကိုကို ညီ့အနား မှာနေပေးပါ။ လစ်လပ်သွားတဲ့မမရဲ့နေရာ၊ မမရဲ့မေတ္တာတွေပါ အတိုးချပြီး ကိုကို ညီ့ကိုအနီးကပ်နေပြီး သွန်သင်ဆုံးမပါ ကိုကို ရယ်နော်"

"ခွဲခွာခြင်းဆိုတာ တစ်နေ့မဟုတ်တစ်နေ့မှာ ရှိလာတာ





ပဲမဟုတ်လား ညီ။ သေခြင်းရှင်ခြင်းသာ ကွာပေမယ့် ခွဲခွာခြင်းက လူအားလုံးရဲ့နောက်ကျောက တားပဲမဟုတ်လား။ ကိုယ်မမြင်နိုင် တဲ့အရပ်ကနေ စိုက်ဝင်လာမှာ"

"ကိုကို"

အပါ အကာ့ခါးကိုဖက်ထားမိ၏။ ပြီးမှ အကာ့မျက်နှာ ကိုဖြည်းဖြည်းချင်းမော့ကြည့်လျက်. . .

"အရင်က မဆင်မခြင်နဲ့ ညီ, ငွေကို ကိုယ်မရှာရတိုင်း သုံးခဲ့မိတယ်"

"ညီက လူငယ်တစ်ယောက်ပဲလေ၊ ဒါသဘာဝကျပါ တယ်"

"ကျွန်တော်လေ. . . ပြီးတော့"

"ဘာဖြစ်လဲ ညီ"

"ကိုကို့နဲ့မမကို ညီ့ရဲ့အစ်ကိုနဲ့အစ်မပါလို့ သူငယ်ချင်း တွေသိရင် ဆင်းရဲခဲ့တဲ့ဘဝ ရှာဖွေစားသောက်ခဲ့ရတဲ့လုပ်ငန်းတွေ အတွက် ညီဂုဏ်ငယ်တယ်လို့ထင်ခဲ့မိတယ် ကိုကို"

"အခု ညီအမြင်မှန်ရနေပြီပဲကွာ၊ အဲဒါတွေမပြောနဲ့တော့ နော်"

အပါ တကယ်ပဲ နောင်တတွေရခဲ့ပြီ။ ဒီနောင်တဟာ

မိုက်ပြီးမှရခဲ့တဲ့နောင်တတွေပါပဲ။ မမရဲ့အသက်ကို ဆုံးရှုံးလိုက်ရ မှ ရင်ထဲမှာ ကိုယ့်အမှားအတွက်ကိုယ် ပျက်ြားမရဖြစ်ရင်း မေတ္တာတရား၏အတိမ်အနက်ကိုလည်း နားလည်လာခဲ့သည်။

ဟိုး. . . ငယ်စဉ်ကလေးဘဝကတည်းက. . .

အငယ်ဆုံးလေးရယ်လို့အလိုလိုက်ခဲ့သမျှ အပ်ိ ဗိုလ်ကျခဲ့သည်သာ။ ထမင်းဝိုင်းမှာ ဟင်းကိုဝေစားတဲ့အခါ အပါက နည်းတယ်၊ မဝဘူးဆိုလို့ ကိုကိုနှင့်မမက သူတို့ဝေစုထဲမှ အပ့်ကို ခွဲကျွေးကြသည်။

ကျိုက်ထီးရိုးတောင်ပေါ်ကိုတက်တဲ့အခါ. . .

အပါခြေညောင်းမှာစိုးလို့ ထမ်းခေါ်ခဲ့တာတွေ၊ တွေးမိတိုင်း ကိုယ်ပြုခဲ့မိတဲ့အမှားအတွက် ဖြေသိမ့်လို့မရ။

"ညီ လိမ်လိမ်မာမာနဲ့စာကြိုးစားနော်"

"ကိုကို"

"ညီ ဆရာဝန်ဖြစ်မှ တမလွန်ကနေ မမကျေနပ်ဝမ်းသာနေမှာ"

"တို့နောက်ကျနေမယ် အကာ၊ သွားကြရအောင်"

"အေး. . . အေးပါ ဇင်ကိုရာ"

အကာ အပ့်ခေါင်းလေးကို ပွတ်သပ်ပေးပြီး. . .





"ကိုကိုသွားမယ်နော်"

"ကိုကို"

လှည့်ထွက်သွားတော့မည့်အကာ့လက်ကို အပါဆွဲထားလိုက်၏။

"မမငွေ့နဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ဘာမှမရှိတော့ဘူးကိုကို။ ကိုကိုသိသင့်တယ်ထင်လို့ ညီပြောပြတာပါ"

အကာပြုံးလိုက်ရင်း. . .

"မမငွေ့နဲ့ကိုကိုက သာမန်မိတ်ဆွေတွေပဲ ညီ။ ဒီထက်ဘာမှမပိုခဲ့ပါဘူး"

"အချစ်ဆိုတာ ကိုယ်လိုချင်တိုင်း မရမကလိုက်ဖမ်းလို့ရတဲ့ လိပ်ပြာငယ်လေးမဟုတ်ဘူးကိုကို။ ကိုကို သူများကိုညာတာထက် ကိုယ့်ကိုယ်ကိုညာနေတာ။ မမငွေ့က ကိုကို့ကိုမျှော်လင့်နေသလို ကိုကို့ရင်ထဲမှာလည်း မမငွေ့ရှိနေပါတယ်"

"အဲဒါဟုတ်တယ်"

"ဇင်ကို"

ဇင်ကို အနားရောက်လာပြီး ဝင်ပြောလိုက်သဖြင့် အကာ ဟုပ္ပာသလဲဖြစ်သွားသည်။ ဒီဇာတ်လမ်းမှာ ကိုယ်က ရာမမဟုတ်သလို ညီကလည်း လက္ခဏမင်းသားမဟုတ်။

မမငွေ့ကို သူချစ်ခဲ့မိတာမှန်ပေမယ့်လည်း ထိုထိုသော အကြောင်းတရားတွေကြောင့် အသည်းတံခါးကိုပိတ်ပြီး ကျိတ်မှိတ် မျိုသိပ်သွားဖို့ သူဆုံးဖြတ်ပြီးသားပါ။

"အပါပြောသလိုပဲ အချစ်ဆိုတာ...ပေးတိုင်း တတိုင်းမရ၊ ရတိုင်း လက်ခံလို့မဖြစ်တဲ့အရာပဲ အကာ။ မမငွေ့ မင်းကိုဘယ်လောက်ချစ်၊ ဘယ်လောက်မျှော်လင့်နေခဲ့သလဲ တာ မင်းမသိပေမယ့် တို့က သိနေတယ်"

"မင်းက ဘယ်လိုသိလဲ"

"သိဆို...ဟိုမှာလေ"

အကာ နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ မမငွေ့ ခရီးဆောင်အိတ်တစ်လုံးကို လက်မှာဆွဲလျက် သူတို့ဆီသို့လျှောက် လာနေသည်။

ဇင်ကိုက ပြုံးစစနှင့် မေးငေါ့ပြသည့်တိုင် အကာ နား မလည်။ အချစ်ကိုအပြစ်ဆိုပါလျှင် လောကမှာ အပြစ်ကင်းသူ လူသားရယ်ဟူ၍မရှိ။

ဒါပေမဲ့...

အချစ်ကိုပဲ အမျိုးအစားခွဲကြည့်လျှင် ကိုယ့်အချစ်သည် ဖွင့်လှတ်ပေးဆပ်ခြင်းနှင့်သာ။





"ဟင်"

"အကာ"

"မမ...မမငွေ့ ဒါက ဘယ်သွားမလို့လဲ"

"မမငွေ့က လက်ထပ်တော့မှာကိုကို၊ အဲဒါကြောင့် သူတို့မင်္ဂလာဆောင်မှာ မင်္ဂလာဆွမ်းကျွေးဖို့အတွက် ဦးဇင်းတစ်ပါးကိုသွားပင့်ရမှာ"

"ဪ"

"မမငွေ့က တို့နဲ့လမ်းကြုံလို့ အတူတူလိုက်ခဲ့မို့လာတာ။ ဦးဇင်းက ကျိုက်ထီးရိုးမှာ လိုက်ပင့်ရမှာလေ"

"ဪ"

အကာ့ရင်ထဲမှာ ဆွေးမြေ့ကြေကွဲသွားသည်။ သတို့သားက ကိုယ့်ညီမဟုတ်တာတော့ သေချာနေပြီ။ အခြားတစ်ပါးသူနှင့် လက်ထပ်တော့မည်ဆိုမှ နမြောသလိုလို။ မနာလိုဖြစ်မိတာဘာလဲ။ ဖြစ်ချင်တာမဖြစ်ရလို့ ဖြစ်သင့်တာကိုရွေးချယ်ခဲ့တာဆိုလျှင် စိတ်မကောင်းပါဘူး မမငွေ့ရယ်။

ဟိုတုန်းက အတိတ်ပန်းချီကားလေး တကယ်ပဲ ဆေးသားပြယ်တော့မည်။ အေးလေ...ရင်ထဲက ဝေဒနာတွေကို အချိန်က ကုစားသွားပါလိမ့်မယ် မမငွေ့ရယ်။

"ကဲ! အကာ၊ အချိန်ရှိခိုက် လုံ့လစိုက်ကြရအောင်။ သွား ကြစို့"

အကာ ခေါင်းညိတ်လိုက်ပြီး. . .

"ညီ. . . ကိုကိုသွားမယ်နော်"

"ဟုတ်ကဲ့ ကိုကို"

အပြါကိုနှုတ်ဆက်ပြီး ထွက်လာကြသည့်တိုင် အားလုံး တိတ်ဆိတ်နေကြ၏။ ကားပေါ်ကိုရောက်မှ အကာ စကားစလိုက် သည်။

"မငွေ့ရဲ့သတို့သားက မငွေ့ကို ဘာလို့ တစ်ယောက် တည်းလွှတ်လိုက်ရတာလဲ။ တကယ်ဆို သူပါလိုက်လာသင့်တာ"

ငွေ့ အကာ့ကိုငေးခနဲကြည့်ပြီး ပြုံးလိုက်ကာ. . .

"သူက ကျိုက်ထီးရိုးမှာနေတာ အကာရဲ့။ ဟိုမှာ သူ့ Hotel ရှိတယ်လေ။ အဲဒီဟိုတယ်မှာပဲ ဆွမ်းကျွေးမင်္ဂလာဆောင် လုပ်မှာ"

"ဗျာ!"

"ဟိုတယ်ဖွင့်ပွဲလေးပါ တစ်ခါတည်းလုပ်မှာ။ မင်္ဂလာ နဲ့ဖွင့်တယ်ဆိုပါတော့။ အဲဒါမှ မင်္ဂလာဆွမ်းကျွေး၊ မင်္ဂလာဆောင် ဟိုတယ်ဖွင့်ပွဲမင်္ဂလာဆိုပြီး သုံးမင်္ဂလာဖြစ်အောင် စီစဉ်ထားတာ"





"ခြော်"

"တော်တော် ခြော်လည်းခြော်နိုင်တဲ့ကောင်"

ဖင်ကို့အသံကို အကာ မကြားပေ။ ကြဲကြဲဖန်ဖန်ပြုတဲ့ သုံးမင်္ဂလာဟုတွေးနေတုန်းမှာ၊ ငွေ့က မင်္ဂလာဖိတ်စာလေးကို ထုတ်ပြီး အကာ့လက်ထဲသို့ထည့်ပေးသည်။

"ဒီမှာ မင်္ဂလာဖိတ်စာ"

အကာ လေးဖင့်သောစိတ်တို့နှင့် မကောင်းတတ်လို့ ဖိတ် စာလေးကို ငုံ့ကြည့်လိုက်စဉ်. . .

မောင်လင်းဥက္ကာ

နှင့်

မငွေ့ရည်ဖွဲ့

တို့၏

မင်္ဂလာဧည့်ခံပွဲဖိတ်ကြားလွှာ

ဆိုတဲ့စာကြောင်းလေးတွေကို မြင်လိုက်ရတော့. . .

"ဟင်!"

အံ့ဩလွန်းလို့ နှုတ်ခမ်းလေးပွင့်ဟလျက် ငွေ့ကိုကြောင် အမ်းအမ်းလေး ကြည့်နေသည်။

ငွေ့က အပြုံးမြမြနှင့် အကာ့ကိုပြန်ကြည့်ရင်း. . .

''ကျေနပ်ရဲ့လား''

အကာ့မျက်နှာလေး ပြုံးသွားပြီး. . .

''ကျေ. . . ကျေနပ်ပါတယ် မမငွေ့ရယ်။ ဒါဆို မမငွေ့က. . .''

''ဒီလိုဖြစ်ဖို့ မနည်းကြိုးစားခဲ့ရတာလေ။ လေးလေးနဲ့ တော်တော်လေး အတိုက်အခံလုပ်ပြီးမှ သဘောတူတာ။ ဒီကဖြင့် မနှစ်က ကျိုက်ထီးရိုးကနေ ပြန်လာပြီးကတည်းက ကိုယ့်စိတ်ကူးနဲ့ကိုယ် Hotel ဆောက်ဖို့ ကျိတ်စီစဉ်ခဲ့ရတာ''

''ဟင်! ဒါဆို မမငွေ့က အဲဒီတုန်းကတည်းက ကျွန်တော့်ကို သူမသိငါမိုးနဲ့ ကျိတ်ချစ်နေခဲ့တာပေါ့။ ဟုတ်လား''

မျက်စောင်းလေးက ဝေ့ခနဲရောက်လာသည်။ မမငွေ့ သူ့အပေါ် ဒီလောက်တောင်ချစ်ခဲ့ပါလားဟု ဝမ်းသာပီတိနှင့်အတူ ရင်ခုန်သံတွေက ရင်ဘတ်ကိုရန်စလာတာ တဒိတ်ဒိတ်။

ဇင်ကိုက. . .

ပြုံးစိစိနှင့် သူတို့ကိုကြည့်ပြီးမှ ဘေးကလူနှင့်စကားပြော





ဘော့မလိုလို မျက်နှာလွှဲသွား၏။

''ဟွန်း. . . သိပ်မုန်းဖို့ကောင်းတာပဲ''

''ဟင်! ဘယ်သူလဲ''

''မင်းပေါ့၊ ဒီကသာ မိန်းကလေးတန်မဲ့ အရှက်မရှိ သူ့လက်ထပ်ဖို့ကြိုးစားနေရတာ။ သူကဖြင့် ချစ်တယ်လို့တောင် ပြောသေးတာမဟုတ်ဘူး''

''မမငွေ့ရယ်''

''ခုတော့ မြင်းကမလှုပ် ခုံကလှုပ်၊ ယုန်ကမတိုး ပိုက်ကတိုးနေရတာ''

''တော်ပါတော့ မမငွေ့ရယ်''

အကာ သူ့လက်ချောင်းလေးများနှင့် ငွေ့ပါးစပ်ကိုပိတ်လိုက်ရင်း. . .

''မမငွေ့ကို ကျွန်တော်မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့ပါတယ်''

''ဒါနဲ့များ''

''အခြေအနေအရပ်ရပ်ကြောင့် ဖွင့်မပြောဖြစ်ပေမယ့် ကျွန်တော့်ရင်ထဲမှာ မမငွေ့ကိုချစ်တဲ့အချစ်တွေက ရင်ဘတ်နဲ့တောင် မဆန့်တော့ပါဘူးဗျာ''

ငွေ့ အကာ့ပခုံးလေးကို မှီလိုက်ကာ. . .

"အကာရယ်"

ဟု တိုးဖွဖွခေါ်ရင်း. . .

☆☆☆



# အခန်း (၁၂)

"ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ဘုရား. . . ဘုရားတပည့်တော်သည် ဤသို့ကောင်းမှုကုသိုလ်ပြုရခြင်းနှင့် အကျိုးဒါနကျေးဇူးကြောင့် ဖြစ်လေရာဘဝမှာ အလှူရေစက်လက်နဲ့မကွာ လှူနိုင်တန်းနိုင်သောလူ ဖြစ်ရပါလို၏"

အကာ ဘုရားကိုသာ အာရုံပြုလျက် လိုရာဆုအစုစုတို့ကို တောင်းဆိုရွတ်ဖတ်ပြီးလျှင် ဦးသုံးကြိမ်ချလေတော့ နောက်ဆုံးအကြိမ်တွင် ခြေတစ်စုံကို ဦးခိုက်မိပါသဖြင့် ခေါင်းကို ဖြည်းဖြည်းချင်း မော့ကြည့်လိုက်ရာ. . .

"ဟင်!"

ဦးညွှင်း၏နှုတ်ခမ်းမှာ ပြုံးယောင်သမ်းလျက် အကာ့ကို

ငုံ့ကြည့်နေ၏။ အကော အံ့ဩခြင်းများနှင့် . . .

"အစ်ကို . . . အဲ! ဦးဥွင်း"

"ဒကာလေးတောင် ကျိုက်ထီးရိုးကိုပြန်ရောက်လာပြီ ကိုး"

"တင်ပါ့ဘုရား"

"ဦးဥွင်းလည်း လူဝတ်ကြောင်ကိုစွန့်ပြီး ဒီမှာ ပဥ္စင်းလာ ဝတ်တာ တစ်ပတ်ကျော်ပြီ ဒကာလေးရဲ့"

"တင်ပါ့ဘုရား"

"အရှင်ဘုရား တပည့်တော်တို့ရဲ့မင်္ဂလာဆွမ်းကျွေးမှာ ဦးဥွင်းကိုပင့်ဖိတ်ဖို့ လာခဲ့တာပါဘုရား"

"ဩော်"

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတွေဆိုပေမယ့် ဦးဥွင်းလည်း ဝါတော်မရင့်သေး။ ဒကာ ဒကာမတွေကလည်း ဦးဥွင်းကို သူငယ် ချင်းဖြစ်ခဲ့ဖူးသည့်အရှိန်နှင့် ဘယ်လိုပြောလို့တယ်လိုဆိုရမှန်းမသိ၊ အယောင်ယောင်အမှားမှားတွေနှင့်ပါ။

"ဒကာမလေးတို့က ဘယ်ရက်မှာ မင်္ဂလာဆွမ်းကျွေး ပြုလုပ်မှာလဲ"

"လာမယ့်နှစ်ရက်နေ့ပါဘုရား။ . . . . ဟိုတယ်မှာပါ"





"ဩော်"

ငွေနှင်းအကော ဦးဥွင်းကို ဦးချလိုက်သည်။ အတာဆုံး ပြီးကတည်းက ရတု အိမ်ကိုလည်းမပြန်၊ သတင်းလည်းစုံစမ်းလို့ မရဖြစ်ခဲ့ပြီး၊ နောက်မှ မိတ်ဆွေတစ်ဦး ဖုန်းဆက်ပြီး အကြောင်း ကြားခဲ့တာပါ။

ရတုဆက်သွင်ကို ကျိုက်ထီးရိုးမှာ တွေ့ခဲ့တယ်ဟု ဖုန်း ဆက်လို့ ကြီးမေနှင့်သူ့မိဘတွေ လိုက်သွားကြတော့၊ ရတုက လူဝတ်ကြောင်ကိုငြီးငွေ့လို့ သာသနာ့ရိပ်မှာ ပျော်မွေ့တော့မည် ဟုဆိုကာ ပဥ္စင်းဝတ်သွားသည်တဲ့။

သစ္စာကိုသာ မွမ်းမံခြယ်၍ လူဝတ်ကြောင်ကိုစွန့်ကာ သာသနာ့ရိပ်မှာခိုလှုံတော့မည့် ရတုရဲ့မေတ္တာတရားသည် အတော့ အပေါ်မှာ မည်မျှလေးနက်စူးရှပါသနည်း။ အစားထိုးရန်မရှိပြီဆို သည့်အချစ်မျိုးနှင့် ချစ်သူကိုဆုံးရှုံးလိုက်ရခြင်းနှင့်အတူ လူဝတ် ကြောင်ကိုပါ စွန့်ခွာလိုက်သည့်ရတု။

"သာဓု . . . သာဓု . . . သာဓု၊ ခုလို ဦးဥွင်းကို ရှိခိုးကန် တော့ရတဲ့အကျိုးကြောင့် လိုရာဆန္ဒတစ်လုံးတစ်ဝနှင့် ပြည့်စုံကြ ပြီး စိတ်သွားလို့ကိုယ်ပါ လိုရာရနိုင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် တွေဖြစ်ကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါရစေ ဘုရား"

"ကဲ! ဦးခွင်းလည်း ဘုရားဝတ်ပြုလိုက်ဦးမယ်"

"တင်ပါ့ဘုရား"

ဦးခွင်းလေး တရွေ့ရွေ့နှင့်ထွက်ခွာသွားသည်တွင် လေပြည်ကြားမှာ သင်္ကန်းစလေးက တလွင့်လွင့်။ တစ်လှမ်းချင်း လှမ်းသွားတဲ့ခြေဖဝါးက ရင်ပြင်ပေါ်မှာ ရွရွလေးပမာ။ ဦးခွင်းလေး၏နောက်ကျောကိုကြည့်၍ ငိုင်တွေသွားသည်။

အစ်ကိုရတုက အားလုံးကို သံယောဇဉ်ဖြတ်သွားနိုင်ပေမယ့် သူ့မှာတော့ ၅၂၈ ကြိုး၊ ၁၅၀၀ ကြိုးတွေ ရစ်ပတ်ဖွဲ့နှောင်ခြင်းကြားမှာ သံဝေဂလည်းမရနိုင်၊ တရားလည်းမပေါက်နိုင်နှင့် သံသရာဝဋ်ဆင်းရဲမှာ ကျင်လည်ရဦးမည်သာ။

"အကာ"

"..."

"တို့ပြန်ကြရအောင်နော်"

"ခဏနေပါစေဦး မမငွေ့ရယ်"

"ဒီရင်ပြင်တော်ပေါ်မှာ ဟိုအရင်က သွားလာလှုပ်ရှားခဲ့သမျှ အတိတ်ကိုပြန်တူးဆွနေဦးမလို့လား အကာ"

ငွေ့ကိုကြည့်ပြီးမှ အဝေးကိုပြန်ကြည့်မျှော်ငေးလိုက်တဲ့





အကာ့မျက်ဝန်းတွေက ရီဝေဆွေးမြေ့နေ၏။ မျက်ဝန်းထဲမှာ မမရဲ့အရိပ်တွေ။

နားထဲမှာလည်း မမရဲ့အသံတွေ။

"ဟော! ဗိုက်ထဲက စားမယ် စားမယ် မြန်မြန်ခွံ့ကျွေးပါတော့တဲ့။ မမလက်နဲ့ခွံ့ကျွေးတဲ့ထမင်းက ပိုမြိန်တယ်လို့ မောင်လေးပြောတာ မမမှတ်မိနေတယ်။ ခွံ့ကျွေးမယ်နော်"

ဒီရင်ပြင်တော်ပေါ်မှာ မမခွံ့ကျွေးတဲ့ထမင်းလုတ်တွေကို အကာ မြိန်ရေယှက်ရေ စားခဲ့ဖူးတဲ့ကာလတွေကို ဘယ်လိုမေ့ပျောက်နိုင်ပါ့မလဲ။

"ငါ့မောင်လေးရဲ့နှုတ်ခမ်းလေးတွေကိုကြည့်စမ်း! မြင့်မြတ်လိုလို ခွန်းဇာနည်လိုလိုနဲ့ ပြုံးလိုက်ရင် နေတို့။ ရယ်လိုက်ရင် ဂွလျှံပြီး"

စိတ်ကောက်နေတဲ့အကာ့ကို မရယ်ရယ်အောင်လည်း မမချော့တတ်ခဲ့သည်။

ခုတော့ မမရယ်...

ပြန်လမ်းမရှိတဲ့အရပ်ဆီကိုမှန်းမျှော်ရင်း ကျွန်တော်၊ မမကိုလွမ်းနေတယ်မမ။ မမ ကောင်းရာသုဂတိလားပါစေ။

"ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင်

မေ့ဆိုတဲ့စကားကို အခုချိန်မှာ ပြောလို့နားမဝင်ဘူးဆိုတာ မငွေ့သိပါတယ် အကာ။ ဒါပေမဲ့ ရင်ဆိုင်နေရတဲ့လက်ရှိဘဝမှာပဲ ကိုယ့်စိတ်ကိုဖြေနိုင်အောင် ကြိုးစားပါအကာရယ်. . . နော်"

"လောလောဆယ်အဖို့မှာတော့ ကျွန်တော်မဖြေနိုင်သေးတာ အမှန်ပဲ မငွေ့"

"အကာ့ရင်ထဲက ခံစားချက်ကို မငွေ့နားလည်ပါတယ်ကွယ်"

"ကျွန်တော် ခဏလောက်ကလေး အေးအေးဆေးဆေး နေချင်တယ်မငွေ့ရယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကို တစ်ယောက်တည်းနေခွင့်ပေးပါ"

ငွေ့ သက်ပြင်းလေးချပြီး ခေါင်းလေးညိတ်လျက်. . .

"ကောင်းပြီလေ၊ မငွေ့ ဟိုဘက်အနားမှာ စောင့်နေမယ် အကာ။ မင်း အတော့်ကိုလွမ်းချင်သလောက် လွမ်းခွင့်ရှိတယ်"

ငွေ့ အကာ့ကိုထားခဲ့ပြီး ခပ်လှမ်းလှမ်းကနေ စောင့်နေလိုက်သည်။

အကာ. . .

မမနှင့်လျှောက်ခဲ့ဖူးသည့်နေရာလေးတွေကို ငေးမောရင်း





မမရဲ့ချစ်စနိုးကိုစယ်သံ၊ ဆုံးမစကားသံတွေကို တမ်းတလွမ်းမောရင်း ရပ်နေမိတာ ဘယ်လောက်ကြာသွားမှန်းပင်မသိလိုက်။

ရင်ထဲမှာ. . .

နှင်းသည်းနှောကျင်မှုများနှင့်၊ ပါးပြင်ပေါ်သို့ မျက်ရည်စက်တွေ ကျလာပြီး ရှိုက်သံသဲ့သဲ့က လေပြည်ကြားမှာ အဝေးသမားရဲ့တေးသံစဉ်တွေလို။

"အကာ"

". . ."

"အကာ"

"ဟင်! ဩော်. . . ဖင်ကို"

ဖင်ကို သူ့အနားကို ဘယ်အချိန်ရောက်လာသည်မသိ။ အကာ့ပခုံးကို ဆုပ်ကိုင်ဖျစ်ညှစ်လျက်. . .

"ဒီလောက်ဆို လုံလောက်ပြီထင်တယ် အကာ။ မမကို လွမ်းတာလည်း လွမ်းပေါ့ကွာ။ မငွေ့စောင့်နေရတာ အားနာစရာဖြစ်နေပြီ"

"ဝါသိပါတယ် ဖင်ကို"

"မငွေ့ကို မင်း သနားသင့်တယ်"

"ဝါ ခုပဲပြန်တော့မှာပါ"

"အေး. . . ပြန်ပါသူငယ်ချင်း၊ ငါလည်း ဆေးမြစ်တွေ ဖောက်သည်သွားပို့လိုက်ဦးမယ်။ မင်းကတော့ ဒီဝဋ်က ကျွတ်ပါ ပြီကွာ"

ဇင်ကိုကပြောပြီး အကာ့ပခုံးကိုဖက်လျက် အကာ့ရှေ့မှ သွားလေ၏။ အကာ မမငွေ့ဆီလျှောက်လာပြီး သူမ၏လက်လေး ကို ဆုပ်ကိုင်ကာ. . .

"မမငွေ့"

"အကာ"

"ကျွန်တော်တို့ပြန်ကြရအောင်"

ငွေ့က ခေါင်းလေးညိတ်ပြီးမှ အကာ့ကိုမော့ကြည့်ကာ

"မင်းရဲ့ခံစားမှုတွေကို မျှဝေယူချင်တဲ့မမငွေ့ကို မင်းရင် ဘတ်ထဲမှာ အပြည့်မဟုတ်တောင် တစ်ထောင့်တစ်နေရာလောက် တော့ မမငွေ့ကို အပိုင်စားခွင့်နေရာပေးပါ အကာရယ်"

"မမငွေ့ရယ်"

"နော်. . . အကာ"

အကာ့နှုတ်ခမ်းလေးပေါ်မှာ အပြုံးယောင်တွေ လွှင့် လို့။ ချစ်ခြင်းကို သံပြိုင်သီကြွေးနေကြပြီဆိုလျှင်. . .

"ချစ်ခြင်းကို အရင်းအမြစ်မခွဲဘဲ နားလည်မှုဖလှယ်နိုင်တဲ့ ဂုဏ်သတ္တိနဲ့ တိုးဝင်ကြည့်မယ်ဆိုရင် ကျွန်တော့်ဘယ်ဘက်ရင်အုံ ဆီက လျှို့ဝှက်ခန်းက မမငွေ့အတွက် သီးသန့်ပေးထားတဲ့နေရာ ပါ မမငွေ့ရယ်"





"အို! အကာရယ်"

ငွေ့ အကာ့လက်ကိုပြန်လည်ဆုပ်ကိုင်လိုက်၏။ မကြာ ခင် လက်ထပ်ကြတော့မည့်သတို့သမီး၏ရင်ထဲမှာ မေတ္တာကမ်း လယ်ကို အကြင်နာတွေအနားကွပ်လို့ သစ္စာကိုသာ မွှမ်းမံခြယ် ၍ ချစ်ခြင်းများသည် လှိုင်းလုံးကလေးများလို နှလုံးသားကို ရိုက် ခတ်ပျော်မြူးကာ ငြိမ့်ငြိမ့်ကလေး စီးဆင်းနေသည်မှာ ရင်ခုန်သံ တွေ။

"မမငွေ့ မင်းကိုသိပ်ချစ်တယ်"

"ကျွန်တော်ကလည်း မမငွေ့နဲ့ထပ်တူထပ်မျှပါ"

သတို့သားလောင်း၏ရင်ထဲမှာတော့ ချစ်သူ၏လက်ကို တွေးဆုပ်လျက်သော်. . .

ရင်ထဲမှာက. . .

မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ပါလေ။။

**ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်...**

**မိုးစက်ပွင့်**